# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက် စနေနေ့။ Saturday, 22 April 2017 (၈၉၀၂)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် CITIC Group ၏ ဥက္ကဋ္ဌ Mr. Chang Zhenming အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ကျောက်ဖြူအထူးစီးပွားရေးဇုန်ရှိ ရေနက်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှုအပါအဝင် မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်မှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Trust and Investment Company (CITIC) Group ၏ ဥက္ကဋ္ဌ Mr. Chang Zhenming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောက်ဖြူအထူးစီးပွားရေးဇုန်ရှိ ရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်မှုအပါအဝင် မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်မှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့ တက်ရောက်ခဲ့ပြီး CITIC ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Hong Liang လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ယူထရက်ချ်မြို့ ဟတက်ဂါစတိမ်းဒေသရှိ ဆည်၊ တာတမံနှင့် ရေထိန်းတံခါးများတည်ဆောက်ထားရှိမှု သွားရောက်လေ့လာ


စာမျက်နှာ » ၃


## ကော့သောင်းမြို့တွင် ခရမ်းလွန်ရောင်ခြည်မြင့်တက်မှု သိသာစွာခံစားလာရ




စာမျက်နှာ » ၁၆



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## အားသစ်ခွန်သစ်များမွေးပြီး နိုင်ငံသစ်တည်ဆောက်

တစ်နှစ်တာကာလကျော်လွန်ပြီးသည့်နောက် အစိုးရ၏လမ်းခရီးမှာ အောင်မြင်မှုများရှိသလို ရှေ့ကာလစိန်ခေါ်မှုများကိုလည်း ဆက်လက်ရင်ဆိုင်ကျော်လွှားကြရဦးမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက နိုင်ငံသူနိုင်ငံသားများအား နှစ်သစ်ကူးနှုတ်ခွန်းဆက်သရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အလုပ်တစ်ခုကိုပြုလုပ်ရာတွင် လေ့လာစေ့ငုမှုနှင့် ဆင်ခြင်သုံးသပ်မှုတို့ရှိရန်လိုအပ်ပြီး အလွန်ကြီးမားသောတာဝန်ဖြစ်သည့် နိုင်ငံ၏အရေးအရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ပိုမိုအလေးအနက်ထားဆင်ခြင်သုံးသပ်ဆောင်ရွက်ရပါသည်။ တွေးတောကြံဆပြီး အနာဂတ်လျှောက်လှမ်းရမည့် ခရီးလမ်းအတွက် အားသစ်ခွန်သစ်များဖြင့် ကြိုးပမ်းဆောင်ရွက်ကြရပါသည်။

နိုင်ငံတော်၏အနာဂတ်ခရီးအတွက် ကြိုးပမ်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ပေါ်ပေါက်ရေးတို့ ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြည်သူများအား အသိပေးပြောကြားခဲ့သည်။

အဆိုပါအချက်သုံးရပ်မှာ နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းရမည့် ခရီးလမ်းတွင် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးသော လုပ်ငန်းစဉ်များ ဖြစ်သည်။ ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းသဘောသဘာဝအရ အလွန်နူးညံ့သိမ်မွေ့သော လုပ်ငန်းစဉ်များဖြစ်သောကြောင့် သတိကြီးစွာဖြင့် အစစအရာရာတွင် အထူးသတိထားကာ ဆောင်ရွက်နေသည်ကိုတွေ့ရသည်။

မျက်မှောက်ကာလ ကမ္ဘာ့အရေးအရာများအား လေ့လာကြည့်လျှင် မူဝါဒရေးရာအပြောင်းအလဲများကို ကြိုးပမ်းဆောင်ရွက်နေကြသလို ငြိမ်းချမ်းရေးနှင့်ပဋိပက္ခများ ယှဉ်တွဲ၍ ရင်ဆိုင်ဖြေရှင်း ကျော်လွှားနေကြသည်ကိုတွေ့ရသည်။ မြန်မာ့အရေးမှာလည်း ကမ္ဘာ့အရေးနည်းတူဖြစ်သလို ကမ္ဘာ့အရေးမှာလည်း မြန်မာ့အရေးပင်ဖြစ်သည်ကို ဆင်ခြင်သုံးသပ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူဝါဒရေးရာအပြောင်းအလဲအတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကြိုးပမ်းလျှောက်လှမ်းနေပြီး ပြည်သူများအတွက် မျှော်လင့်အားထားစရာ အကောင်းဆုံးအနေအထားတစ်ခုသို့ ရောက်နေပြီဟု ဆိုရမည်ဖြစ်သည်။ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးတွင် အဖြေတစ်ခုဖြစ်သလို ထိုလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးမှာလည်း အရေးကြီးသော အချက်ဖြစ်သည်။

တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်းတွင် မတူကွဲပြားမှုများကို ပေါင်းစည်းပြီး အင်အားတစ်ရပ်အဖြစ် တစုတစည်းတည်းထူထောင်ကာ မျှော်မှန်းထားသည့်နိုင်ငံတော်၏ရှေ့ခရီးကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး စိတ်ဝမ်းမကွဲပြားဘဲ ဆိုးတူကောင်းဖက်အတူလက်တွဲလျက် မျှော်မှန်းထားသော ခရီးလမ်းကို လျှောက်လှမ်းနိုင်မည်ဆိုလျှင် ခရီးလမ်းမည်မျှခက်ခဲကြမ်းတမ်းပါသော်လည်း မကြာမီကာလတွင် ပန်းတိုင်သို့ အောင်မြင်စွာ တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားမှုများကို လိုက်လျောညီထွေပေါင်းစည်းပြီး ညီညွတ်မှုအင်အားကို တည်ဆောက်ထားခြင်းပင်ဖြစ်သည်။ လူမျိုးတိုင်း၊ ဘာသာတရားတိုင်း၏ ငြိမ်းချမ်းသောအဆုံးအမများ၊ ရိုးသားပြီးမြင့်မြတ်သည့် ကိုယ်ကျင့်တရားများ၊ ယဉ်ကျေးပြီး သဟဇာတဖြစ်သည့် ထုံးတမ်းစဉ်လာဓလေ့များနှင့် ဖက်ဒရယ်အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်၍ အင်အားတစ်ရပ်တည်ဆောက်ရမည်ဖြစ်သည်။

သို့မှသာ ပြည်သူများ မျှော်လင့်စောင့်စားနေသည့်ပန်းတိုင်သို့ မရောက်ရောက်အောင် အတူလက်တွဲ လျှောက်လှမ်းနိုင်ပြီး ငြိမ်းချမ်းသာယာဝပြောသည့် ပြည်ထောင်စုနိုင်ငံကြီး ပေါ်ထွန်းလာမည်ဖြစ်သည်။ ။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စက်မှုလယ်ယာကြိုးပမ်းဆောင်ရွက်မှု ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် မေ ၂၁**

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်မှုအဖြစ် စက်ဖြင့်ထွန်ယက်မှု ဧက ၈၈၅၀၀၀ လျာထားခဲ့သော်လည်း ၁၂၉၅၀၆၄ ဧက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ရိတ်သိမ်းခြွေလှေ့လုပ်ငန်း ၄၇၀၁၃ ဧက ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ စက်မှုလယ်ယာဦးစီးဌာနမှ နည်းပညာနှင့် စက်ကိရိယာအင်အား ပံ့ပိုးမှုတို့ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် စနစ်ကျလယ်ယာမြေ ၉၈၉၉ ဧက၊ ကုန်းမြင့်လယ်ယာမြေ ၈၈၄ ဧက ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း။

တောင်သူများအား ဝန်ဆောင်မှုပေးရာတွင် ယခင်က စက်မှုလယ်ယာစခန်းများတွင် လာရောက်ဆက်သွယ်ဆောင်ရွက်ခဲ့ရသော်လည်း ယခုအခါ လုပ်ငန်းပမာဏများပြားသော ဒေသများတွင် စိုက်ကွင်းများအရောက် ရှေ့တန်းစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာ ရှေ့တန်းစခန်း ၂၃၈ ခုဖြင့် ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ စက်မှုလယ်ယာကူးပြောင်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန်တွင် မိမိတို့ကျရာ အခန်းကဏ္ဍများမှ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ပြုပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စက်မှုလယ်ယာ ကြိုးပမ်းဆောင်ရွက်မှု ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားတွင် ပြောကြားသည်။




အစီအစဉ်အရ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ထူးချွန်ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စက်မှုလယ်ယာကြိုးပမ်းဆောင်ရွက်မှု ထူးချွန်ဆုရ တိုင်းဒေသကြီး/ပြည်နယ်များ၊ မြို့နယ်များမှ တာဝန်ရှိသူများ၊ ထူးချွန်ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ သဘာဝဘေးပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်မှု ထူးချွန်ဆုရ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအား ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် ဒုတိယဝန်ကြီး ဦးလှကျော်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

နိုင်ငံတော်အစိုးရက ထွန်စက်နှင့် ထွန်ယက်ကိရိယာအသစ်များကို ပြည်ထောင်စုရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းပေးခဲ့ပြီး စက်မှုလယ်ယာကူးပြောင်းရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ထွန်စက်အသစ်တစ်စီးအနေဖြင့် ဧကလွှာ ၅၀၀/၆၀၀ သာ ဆောင်ရွက်နိုင်သော်လည်း ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တစ်နှစ်လျှင် ဧကလွှာ ၁၀၀၀/၁၅၀၀ ကျော်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ အလားတူ ရိတ်သိမ်းခြွေလှေ့စက်အသစ်အနေဖြင့် တစ်နှစ်လျှင် ဧက ၁၅၀/၂၀၀ သာ ဆောင်ရွက်နိုင်သော်လည်း ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တစ်နှစ်လျှင် ဧက ၃၅၀/၄၀၀ ကျော်အထိရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၊ မြို့နယ်များမှ အရာထမ်း၊ အမှုထမ်းများအား ယနေ့အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ ဖွင့်လှစ်သည့် သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၁**

ကမ္ဘာ့ကင်းထောက် အမျိုးသမီးအဖွဲ့ချုပ် The World Association of Girl Guides and Girl Scouts (WAGGGS) ၏ ဌာနချုပ်ဖြစ်သော ကူဆာဖီရီ (Kusafiri) ဦးဆောင်မှုဖြင့် မာဒါကာစကာနိုင်ငံ အင်တာနာနာရီဗို (Antananarivo) မြို့၌ မေ ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သည့် Arts 4 change သင်တန်းသို့ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီး (Myanmar Girl Guides) အဖွဲ့ချုပ် လူငယ်ခေါင်းဆောင် မဝင်းသန့်သန့် (စတုတ္ထနှစ်၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) သည် မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပြီး မေ ၂၀ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် ကင်းထောက်မယ်ကြီး ဒေါ်ချစ်ချစ်မြင့်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လာရောက်ကြိုဆိုခဲ့ကြသည်။



အဆိုပါ သင်တန်းသို့တက်ရောက်ခွင့်ရရှိခြင်းမှာ ကမ္ဘာ့ကင်းထောက် အမျိုးသမီးအဖွဲ့ချုပ်၏ "World Thinking Day 2017 အထိမ်းအမှတ်အဖြစ် "When We Shine Music Vedio Challenge" ကင်းထောက်အမျိုးသမီးအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ပြိုင်ပွဲဝင်ပေါင်း ၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံက ပထမဆုရရှိခဲ့သည့်အတွက် သင်တန်းကြေးအခမဲ့ဖြင့် တက်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၁**

ရန်ကုန်(ရွှေဈေး) ၉၀၈၀၀၀ - ၉၀၈၀၀၀ မန္တလေး(ရွှေဈေး) ၉၀၈၀၀၀ - ၉၀၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၂၅ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၄/၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၃/၆၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၉.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆.၄၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၂၈၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇.၅၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၂၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၇.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၇၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၆.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၆.၆၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ခုမေ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ယူထရက်ချ်မြို့ ဟတင်ဂါစတိမ်းဒေသရှိ ဆည်၊ တာတမံနှင့်ရေထိန်းတံခါးများ တည်ဆောက်ထားရှိမှု သွားရောက်လေ့လာ




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံ ယူထရက်ချ်မြို့ ဟတင်ဂါစတိမ်းဒေသရှိ ရေထိန်းတံခါးများ တည်ဆောက်ထားရှိမှုကို သွားရောက်လေ့လာစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၂၁**

နယ်သာလန်နိုင်ငံတွင် လေ့လာရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ အခြေခံအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးတို့နှင့် ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းတွင် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၌ သီးခြားစီတွေ့ဆုံသည်။

ဒုတိယသမ္မတသည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဘာ့တ်ကိုအန်ဒါစ်နှင့် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍပိုမိုတိုးတက်အောင် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အခြေခံအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး မစ္စစ်မီလာနီရှစ်ဗန်ဟောဂန်နှင့် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် ဘရပ်ဆဲလ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်းကလည်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ယူထရက်ချ်မြို့ ဟတင်ဂါစတိမ်းဒေသရှိ ဆည်၊ တာတမံနှင့် ရေထိန်းတံခါးများ တည်ဆောက်ထားရှိမှုကို သွားရောက်လေ့လာရာ တာဝန်ရှိသူများက မြစ်ကြောင်းတစ်လျှောက် ရေအရင်းအမြစ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၊ ဆည်တည်ဆောက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး ၁၉၈၃ ခုနှစ်က စတင်တည်ဆောက်ထားခဲ့သော Princess Beatrix sluis Locks ရေထိန်းတံခါးနှစ်စင်းနှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လတွင် ပြီးစီးမည့် တတိယမြောက် ရေထိန်းတံခါးတည်ဆောက်နေမှုကို သွားရောက်လေ့လာခဲ့ကြသည်။

Princess Beatrix sluis Locks ရေထိန်းတံခါးနှစ်စင်းမှ တစ်နှစ်လျှင် သင်္ဘောအစင်းရေ ၅၀၀၀၀ ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။**(သတင်းစဉ်)**

## လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ ပန်ကြားချက်မြေစိုက်ပိုစတာစိုက်ထူ

**ဘားအံ ဧပြီ ၂၁**

မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများတွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်သည့်အတွက် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)စံပြဈေးကြီးတွင် လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ ပန်ကြားချက် မြေစိုက်ပိုစတာကို ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်နှင့် ဝန်ထမ်းများက ဧပြီ ၂၁ ရက် နံနက် ၇ နာရီက စိုက်ထူခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များအနေဖြင့် မီးဘေး ၁၂ ကြိမ်၊ လေဘေးလေးကြိမ်၊ ရေဘေးနှစ်ကြိမ်၊ မြေပြိုဘေးသုံးကြိမ်၊ တိုက်ပွဲရှောင်ဘေးတစ်ကြိမ် စုစုပေါင်း ၂၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ထောက်ပံ့မှုများအနေဖြင့် ငွေကျပ် ၂၃၉၀၉၁၀၆ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများအား လည်းကောင်း၊ သဘာဝဘေးသင့် အိမ်ထောင်စုများအတွက် ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနှင့် သေဆုံး/ထိခိုက်ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေကျပ် ၄၃၅၉၇၀၅၀ ထောက်ပံ့ပေးခဲ့ကြောင်း ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးမှ သိရသည်။



အလားတူ မြန်မာနိုင်ငံတွင် လေပြင်းဘေးကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ သိရသည်။

သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဘေးလျော့ပါးစေရေး၊ ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက် ဆက်နွှယ်ပတ်သက်သူအားလုံးနှင့် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုအောင်မြင်နိုင်မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ လူစည်ကားရာ အမှတ်(၁)စံပြဈေးကြီးတွင် မြေစိုက်ပိုစတာကို စိုက်ထူရခြင်းဖြစ်ပြီး ဈေးသူ၊ ဈေးသားများနှင့် ရပ်ကွက်/ကျေးရွာများမှလာရောက်ဈေးဝယ်ကြသော ပြည်သူများထံသို့ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှဝန်ထမ်းများက လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန် အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## တောင်နဝင်းဆည်ရေ စနစ်တကျအသုံးချနိုင်ရေးဆွေးနွေး

**ပြည် ဧပြီ ၂၁**

ပေါက်ခေါင်းမြို့နယ် ကြို့ပင်ဝိုင်းအုပ်စု ကုန်းကြီးကျေးရွာ၌ ပေါက်ခေါင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပေါက်ခေါင်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ JICA မှ တာဝန်ရှိသူများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံဦးစီးအရာရှိ နှစ်ဦးတို့သည် ဧပြီ ၂၀ ရက်က ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများအား ရင်းနှီးစွာတွေ့ဆုံ၍ တောင်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း၏ (၂၀၁၆-၂၀၁၇) ခုနှစ် ဆောင်ရွက်ပြီးစီးခဲ့ပြီး နွေစပါးရေပေးဝေလျက်ရှိသော တောင်နဝင်းတူးမြောင်းမကြီး (RD-50000) မှ (RD-65000') အတွင်းရှိ DY-5, DY-6, DY-7,DY-8 နှင့် DY-8-1များ၏ ရေပေးဝေနိုင်မှုအခြေအနေ၊ တောင်သူများအတွက် ပိုမိုအကျိုးရှိနိုင်သည့် နည်းလမ်းများ၊ လိုအပ်ချက်များကို ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ စီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထပ်မံဖြည့်စွက်ဆောင်ရွက်ရန်အတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြခြင်း၊ ယခင်အားနည်းချက်များကို ထပ်မံမဖြစ်စေရန်နှင့် ဆည်ရေကို အကျိုးရှိစွာဖြင့် ထိရောက်စွာ စနစ်တကျအသုံးချနိုင်ရေးအတွက် အကြံပြုဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၉၇)**

# ပါရီ၌ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် သမ္မတရွေးကောက်ပွဲ လုံခြုံရေးအထူးတင်းကျပ်မည်

**ပါရီ မေ ၂၁**

ပြင်သစ်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲ ကျင်းပရန် နီးကပ်နေချိန်အတွင်း မြို့တော်ပါရီ၌ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း၊ ရွေးကောက်ပွဲအတွက် လုံခြုံရေးကို အထူးတင်းကျပ်စွာ ချထားရန် စီစဉ်လျက်ရှိကြောင်း ရိုက်တာသတင်းဌာနက မေ ၂၁ ရက်တွင် ရေးသားဖော်ပြသည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ မေ ၂၀ ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရပြီး နောက်ထပ် နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ သေနတ်သမားကို ရဲတပ်ဖွဲ့ဝင်တစ်ဦးက အသေပစ်ခတ်ဖမ်းဆီးခဲ့ရသည်။




မေ ၂၀ ရက် ဒေသစံတော်ချိန် ည ၉ နာရီခန့်တွင် သေနတ်သမား တစ်ဦးသည် အော်တိုမက်တစ် မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်နှင့်အတူ ရဲတပ်ဖွဲ့၏ ဗင်ကားတစ်စီးကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲ၏ ပထမအကျော့မဲပေးပွဲကို မေ ၂၃ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

ရွေးကောက်ပွဲလုံခြုံရေးအတွက် လက်ရွေးစင် တပ်ဖွဲ့ဝင်များ အပါအဝင် ရဲတပ်ဖွဲ့ဝင် ၅၀၀၀၀ ကျော်ကို တာဝန်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ် ဘားနတ် ကာဇင်နေးက ပြောကြားသည်။

**ရိုက်တာ။**

## နိုင်ငံသားခံယူခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများ ပိုမိုတင်းကျပ်မည်ဟု ဩစတြေးလျ အစိုးရကြေညာ

**မဲလ်ဘုန်း မေ ၂၁**

ဩစတြေးလျနိုင်ငံသည် နိုင်ငံသားခံယူခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ပိုမိုတင်းကျပ်သွားမည်ဟု ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ အိန္ဒိယလူမျိုးများက အများအားဖြင့် အသုံးပြုသော ဗီဇာအစီအစဉ်ကို ဩစတြေးလျအစိုးရအဖွဲ့က ဖျက်သိမ်းလိုက်ပြီးနောက် ရက်ပိုင်းအကြာတွင် ယင်းသို့ ကြေညာခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဝန်ကြီးချုပ် မယ်ကွမ်းတန်ဘူးလ်က ထုတ်ပြန်ကြေညာခဲ့သော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များနှင့်အညီ နိုင်ငံသားခံယူခွင့် လျှောက်ထားသူများသည် လေးနှစ်ထက်မနည်း အမြဲတမ်းအခြေစိုက်နေထိုင်သူများဖြစ်ရန် လိုအပ်သည်။ လောလောဆယ်တွင် အမြဲတမ်းအခြေစိုက်နေထိုင်မှု တစ်နှစ်ပြည့်ပြီးနောက် နိုင်ငံသားအဖြစ်ခံယူရန် လျှောက်ထားခွင့်ပြုထားရာမှ နောက်ထပ်သုံးနှစ် တိုးလိုက်ခြင်းဖြစ်သည်။

နိုင်ငံသားခံယူရန် လျှောက်ထားသူများသည် ဩစတြေးလျနိုင်ငံ၏ စံတန်ဖိုးများကို လေးစားလိုက်နာရန် ကတိကဝတ် ပြုရမည်ဖြစ်သည်။ မျက်မှောက်ကာလ ကျင့်သုံးနေသည့် ဥပဒေစည်းမျဉ်းအရ နိုင်ငံသားခံယူခွင့်ရရှိရေးဆိုင်ရာစစ်ဆေးပွဲကို ကြိမ်ရေ အကန့်အသတ်မရှိ ဝင်ရောက်ဖြေဆိုခွင့်ရှိသည်ဟူသော စည်းမျဉ်းကိုလည်း ပြန်လည်ဖျက်သိမ်းမည်ဖြစ်သည်။

**ရိုက်တာ။**




## မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ သုံးပွင့်ဆိုင်ဆွေးနွေးမည်

**ကျိုတို မေ ၂၁**

အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် မြောက်ကိုရီးယားအရေးနှင့် ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းကောင်းများရရှိရေးအတွက် မေ ၂၅ ရက်တွင် တိုင်ပင်ဆွေးနွေးကြမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယို ကိုင်ရှီဒါက ယနေ့ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြုံယမ်း၏ ချူကလီးယားလက်နက် ဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီး ဆွေးနွေးလျက်ရှိသော နိုင်ငံခြောက်နိုင်ငံအနက် သုံးနိုင်ငံမှ ညှိနှိုင်းသူများဖြစ်သည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်တာဝန်ရှိသူ ကန်ဂျီ ကာနာဆူဂီ၊ အမေရိကန်အထူးသံတမန် ဂျိုးဆပ်ယွန်နှင့် တောင်ကိုရီးယားအထူးကိုယ်စားလှယ် ကမ်ဟောင်ကေးတို့ ပါဝင်မည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် မြောက်ကိုရီးယား၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေနှင့် သုံးပွင့်ဆိုင် မည်သို့ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းများရရှိရေးအတွက် အဓိကထား ဆွေးနွေးကြမည်ဖြစ်သည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုင်ရှီဒါက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

## အမေရိကန်မှ ကနေဒါသို့ ဥပဒေမဲ့ ဖြတ်ကျော်ဝင်ရောက်သူ ၈၈၇ ဦးကို အာဏာပိုင်များ ထိန်းသိမ်းခဲ့ရ

**ဟမ်းမင်းဖို့ဒ်(ကနေဒါ) မေ ၂၁**

မတ်လအတွင်း အမေရိကန်ပြည်ထောင်စုမှ ကနေဒါနိုင်ငံအတွင်းသို့ ဥပဒေမဲ့ ဖြတ်ကျော်ဝင်ရောက်ကာ ခိုလှုံခွင့်တောင်းခံရန် ကြိုးပမ်းသူ ၈၈၇ ဦးကို အာဏာပိုင်များက ထိန်းသိမ်းခဲ့ရကြောင်း ကနေဒါအစိုးရအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကနေဒါနိုင်ငံ၏ နယ်စပ်ဒေသကို လမ်းလျှောက်ကာ ဖြတ်သန်းခဲ့ကြသူ ဦးရေမှာ ယခုနှစ် ယခုအချိန်အတွင်း ၁၈၆၀ အထိ ရောက်ရှိသွားပြီဖြစ်သည်။

ပူနွေးသည့် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် ခိုလှုံခွင့်တောင်းခံလိုသူများ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုပိုများလာဖွယ်ရှိကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြသည်။

ကနေဒါနိုင်ငံသည် ခြောက်နှစ်တာကာလအတွင်း ခိုလှုံခွင့် တောင်းခံသူဦးရေ အမြင့်ဆုံးအမှတ်အထိ ရောက်ရှိလာနိုင်သည်ဟု တာဝန်ရှိသူများက ခန့်မှန်းထားသည်။

ဒုက္ခသည်များအရေးကို ကိုင်တွယ်ဆောင်ရွက်မည်၊ တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများကို ဖြို့ခွင်းမည်ဟူ၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရွေးကောက်ပွဲကာလက ကတိပြုခဲ့သည့် ဂယက်အဖြစ် အမေရိကန်တွင် တရားမဝင်နေထိုင်သူများမှာ အိမ်နီးချင်း ကနေဒါနိုင်ငံအတွင်းသို့ အုပ်စုလိုက် နယ်စပ်ဖြတ်ကျော်ခိုးဝင်လျက်ရှိနေကြခြင်းဖြစ်သည်။

ကနေဒါနှင့် အမေရိကန်တို့ ရရှိထားသော သဘောတူညီချက်တစ်ရပ်တွင် တရားမဝင် ရွှေ့ပြောင်းလာသူများသည် ကုန်းမြေနယ်စပ်ဒေသကို ဖြတ်ကျော်ဝင်ရောက်ကာ ဒုက္ခသည်များအဖြစ် လျှောက်ထားပါက ကနေဒါအစိုးရအနေဖြင့် ခိုလှုံခွင့်တောင်းခံလိုသူများကို လက်ခံခြင်းပြုလုပ်ခွင့်မရှိပေ။ သို့ရာတွင် တရားဝင် ဖွင့်လှစ်ထားသော နယ်ခြားဖြတ်ကျော်ရေးစခန်းများကို ဖြတ်သန်းကာ ဝင်ရောက်လာသူများဖြစ်ပါက ၎င်းတို့ကို ထိန်းသိမ်းထားရှိပြီး ရဲတပ်ဖွဲ့ကရော နယ်ခြားဒေသအာဏာပိုင်များကပါ ၎င်းတို့ကို စစ်ဆေးမေးမြန်းနိုင်ကြောင်း၊ ၎င်းတို့၏ ကံကြမ္မာနှင့်ပတ်သက်၍ အာဏာပိုင်များ၏ ဆုံးဖြတ်ချက် ပေါ်ထွက်လာချိန်အထိ ၎င်းတို့သည် ကနေဒါနိုင်ငံ၌ ခေတ္တနေထိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။ **ရိုက်တာ။**



## ဆီးရီးယားက စစ်လေယာဉ်များဖြန့်ကြက်ပြီး ဓာတုလက်နက်များထိန်းသိမ်းထားသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးပြော

**တဲလ်အဗစ် မေ ၂၁**

လွန်ခဲ့သည့် ရက်များအတွင်း ဆီးရီးယားနိုင်ငံသည် ၎င်း၏ စစ်လေယာဉ်များကို ဖြန့်ကြက်ကာ ဓာတုလက်နက်များ ထိန်းသိမ်းထားသည်ဟု အစ္စရေးနိုင်ငံသို့ ရောက်ရှိနေသည့် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က မေ ၂၁ ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုကြောင့် ကလေးသူငယ် ၃၀ အပါအဝင် လူ ၉၀ သေဆုံးခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ယခုလအစောပိုင်းတွင် အမေရိကန်နိုင်ငံက ဆီးရီးယား လေတပ်အခြေစိုက် စခန်းတစ်ခုကို ဒုံးကျည်ဒါဇင်ပေါင်းများစွာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဆီးရီးယားအစိုးရသည် ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုကို ရှာရတ်လေတပ်စခန်းမှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်နိုင်ငံက ပြောကြားသည်။ အမေရိကန်၏ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် ဆီးရီးယားစစ်လေယာဉ် ၂၀ ရာခိုင်နှုန်းခန့် ပျက်စီးသွားသည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားသည်။

"ဆီးရီးယားက သူ့ရဲ့စစ်လေယာဉ်တွေကို ရုရှားလေတပ်စခန်း လာတာကီသို့ ရွှေ့သည်ဖြစ်စေ၊ မရွှေ့သည်ဖြစ်စေ သူတို့လေယာဉ်တွေ ဖြန့်ကြက်နေတယ်ဆိုတာတော့ သေချာပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းမှာ သူတို့လေယာဉ်တွေကို ဖြန့်ကြက်နေခဲ့ကြပါတယ်"ဟု ဂျင်မက်တစ်က အစ္စရေးကာကွယ်ရေးဝန်ကြီးနှင့် ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆီးရီးယားသည် ဓာတုလက်နက်အချို့ ထိန်းသိမ်းထားသည်ဟု အမေရိကန်နိုင်ငံက ယုံကြည်ကြောင်း မက်တစ်က ထပ်လောင်းပြောဆိုသည်။

ဆီးရီးယားသမ္မတ အာဆတ်လက်ထဲတွင် ဓာတုလက်နက်များအချို့ရှိနေဆဲဖြစ်သည်ဟု ယုံကြည်ကြောင်း အစ္စရေးစစ်ဘက်က မေ ၁၉ ရက်တွင် ပြောကြားသည်။ အာဆတ်အစိုးရတပ်ဖွဲ့များ လက်ထဲတွင် ဓာတုလက်နက်တန်ချိန် အနည်းငယ်ရှိနေဆဲ ဖြစ်သည်ဟု အစ္စရေးစစ်ဘက်အရာရှိတစ်ဦးက အစ္စရေးသတင်းထောက်များကို ပြောကြားသည်။

၂၀၁၃ ခုနှစ်တွင် အမေရိကန်နှင့် ရုရှားနိုင်ငံတို့ ကြားဝင်ဆောင်ရွက်ပေးသည့် သဘောတူညီချက်အရ ဆီးရီးယားနိုင်ငံက ၎င်း၏ ဓာတုလက်နက်များကို ဖျက်ဆီးပြစ်ရန် သဘောတူညီခဲ့သည်။

**ရိုက်တာ။**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၂၁**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Group ဥက္ကဋ္ဌ Mr. Chang Zhenming နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဝန်ကြီးရုံးခန်းမ၌ တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းသည် ဒေသခံပြည်သူများအား အမှန်တကယ် အကျိုးပြုနိုင်ရေးနှင့် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ပြည်သူ့နီတိ ရေးဖြေပြိုင်ပွဲ မေ ၂၈ ရက်တွင် ကျင်းပမည်

**ရန်ကုန် မေ ၂၁**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပမည့် မြို့တော်ပြည်သူ့နီတိ(မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်) ရေးဖြေပြိုင်ပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီတွင် လသာမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေရယူရန် လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၂၁**
မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Financial Development Project)အတွက် ကမ္ဘာ့ဘဏ်ထံမှ အတိုးနှုန်း သက်သာသော နှစ်ရှည်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့် ညီမျှသော SDR ၇၁ ဒသမ ၇၀၀ သန်းရယူနိုင်ရန် မေ ၁၁ ရက်က နေပြည်တော်ရှိ Kempiski Hotal ၌ ချေးငွေစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ၎င်းချေးငွေအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားပြီး ချေးငွေဆိုင်ရာ စည်းကမ်းချက်များမှာ ဝန်ဆောင်ခ တစ်နှစ်လျှင် သုည ဒသမ ၇၅ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ခြောက်နှစ် နှင့် ပြန်ဆပ်ကာလ ၃၂ နှစ် စုစုပေါင်း ချေးငွေသက်တမ်း ၃၈ နှစ်ဖြစ်ကြောင်း သိရသည်။

ယင်းချေးငွေရယူရန် Financing Agreement ကို ကမ္ဘာ့ဘဏ်ကိုယ်စား Country Director ဖြစ်သူ Mr. Ulrich Zachau နှင့် မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းတို့ကလည်းကောင်း၊ ထပ်ဆင့်ချေးငွေစာချုပ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေတို့ကလည်းကောင်း၊ Project Agreement ကို ကမ္ဘာ့ဘဏ်ကိုယ်စား Country Director ဖြစ်သူ Mr. Ulrich Zachau နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေတို့က လည်းကောင်း လက်မှတ်ရေးထိုးကြကြောင်း၊ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ဘဏ်ကိုယ်စား Country Manager ဖြစ်သူ Mr.Abodoulaye Seck ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များ တတ်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် မေ ၂၁**
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇၄ ဒသမ ၈၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၀ ဒသမ ၉၉ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၅ ဒသမ ၇၉ သန်းဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၈၃ ဒသမ ၉၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၅ ဒသမ ၈၀ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၈၉ ဒသမ ၇၄ သန်းဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၅၅ ဒသမ ၅၃ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၉၂၃ ဒသမ ၉၅ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၄၇ ဒသမ ၉၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၇၉ ဒသမ ၈၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၅၂၇ ဒသမ ၈၃ သန်း တင်ပို့နိုင်ခဲ့ပါသည်။ ပုံမှန် သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၇၁၃ ဒသမ ၅၈ သန်း၊ နယ်စပ် သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၄၂ ဒသမ ၁၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၂၅၅ ဒသမ ၇၁ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၂၅၇၈၃ ဒသမ ၅၄ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၄၇၂၇ ဒသမ ၈၈ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်း အဖွဲ့၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**(သတင်းစဉ်)**



# ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**အုတ်တွင်း မေ ၂၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် ယခင်နှစ်နွေရာသီကာလက သောက်သုံးရေအခက်အခဲဖြစ်ပေါ်ခဲ့သော ကျေးရွာခုနစ်ရွာ၌ သောက်သုံးရေဖူလုံစွာရရှိနိုင်ရန် မြို့နယ်ကျေးလက်ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပန်းရွှေဝါကုမ္ပဏီမှတာဝန်ယူဆောင်ရွက်ပေးနေသည့် ကြက်လျှာကျေးရွာ၊ မိုင်(၂၀)ကျေးရွာ၊ ဘုတလင်(၁၆)မိုင်ကျေးရွာ၊ စမ်းချောင်းကလေးကျေးရွာများရှိ လက်တွင်းတူးဖော်ခြင်း၊ ရေစက်ရုံ၊ ရေကန်တည်ဆောက်မှုလုပ်ငန်းများအားလည်းကောင်း၊ တောက်တဲ့ကျေးရွာတွင် ရေတားတမံ၊ ရေစက်ရုံ၊ ရေကန်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် ဘုတလင်ကျေးရွာ၊ တိမ်ညွန့်ကျေးရွာများ၌ လေးလက်မ စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်တည်ဆောက်ပြီးစီးနေမှု အခြေအနေတို့ကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်မြင့်ထွန်းဦးစီးသည့် တာဝန်ရှိသူများ၊ ကျေးရွာဆပ်ကော်မတီဝင်များက မေ ၂၁ ရက် နံနက်ပိုင်းကကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။ ထို့အပြင် တိန်ညွှန့်ကျေးရွာ အိမ်ခြေ ၅၈ အိမ်၊ လူဦးရေ ၃၀၉ ဦးရှိပြီး ကျေးရွာမီးလင်းရေးလုပ်ငန်းများပါ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြန်မာနိုင်ငံမှ နှလုံးရောဂါဝေဒနာရှင်ကလေးများအား ခွဲစိတ်ကုသမှုခံယူရန် ကျန်းမာရေးစတင်စစ်ဆေး

**ရန်ကုန် မေ ၂၁**
မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Anzhen ဆေးရုံ၌ နှလုံးရောဂါခွဲစိတ်ကုသရန် ရောက်ရှိနေသော မြန်မာနိုင်ငံမှ မွေးရာပါ နှလုံးရောဂါဝေဒနာရှင် ကလေးငယ်များနှင့် ၎င်းတို့၏ မိဘများသည် ပေကျင်းမြို့ လင်ကွမ်းကျောင်းတော် စွယ်တော်တိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။



နှလုံးရောဂါဝေဒနာရှင် ကလေးငယ်များနှင့် ၎င်းတို့၏ မိဘများသည် ရန်ကင်း ကလေးဆေးရုံကြီးနှင့် Anzhen ဆေးရုံကြီးတို့မှ ဆရာဝန်များနှင့် သူနာပြုများ၊ China Charity Federation မှ တာဝန်ရှိသူများ၊ ယူနန်ပြည်နယ်အခြေစိုက် မင်္ဂလာမဂ္ဂဇင်းတိုက် မြန်မာပြည်ရုံးခွဲတာဝန်ခံ၊ မြန်မာမင်္ဂလာမီဒီယာနှင့် ယဉ်ကျေးမှုအနုပညာအဖွဲ့(ယာယီ)မှ Meng Fen (ခေါ်) ဒေါ်ကြည်လင်းတို့နှင့်အတူ မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် ခွဲစိတ်ကုသမှုအောင်မြင်ရန်အတွက် ဗုဒ္ဓမြတ်စွယ်တော်သို့ သွားရောက်၍ ဖူးမြော်ကြည်ညိုပြီး ဆုတောင်းကြသည်။ စွယ်တော်ကျောင်းတိုက် ဆရာတော်က မွေးရာပါ ကလေးငယ်များ ခွဲစိတ်ကုသမှုလုပ်ငန်းစဉ်များ အောင်မြင်ချောမွေ့စေရန်အတွက် ဆုတောင်းဩဝါဒစကားများ ပြန်လည်မြွက်ကြားပြီး မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးငယ် ၁၂ ဦး၊ ၎င်းတို့၏ မိဘများနှင့် အဖွဲ့ဝင်များသည် တရုတ်ယွမ်ငွေ ၃၀၀၀ ကို လှူဒါန်းကာ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် နှလုံးရောဂါဝေဒနာရှင် ကလေးငယ်များ ခွဲစိတ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ရန်အတွက် ပဏာမဆေးစစ်ဆေးခြင်းလုပ်ငန်းကို Anzhen ဆေးရုံကြီး၌ ဆောင်ရွက်ရာ ဆေးရုံကြီးမှ ကလေးနှလုံးရောဂါပိုင်းဆိုင်ရာ အထူးကု Dr.Gu Hong(CoCo)နှင့် ဆရာဝန်များ၊ သူနာပြုများက အသက်(၁၀)နှစ်နှင့်အထက် ကလေးငယ်လေးဦးအား သွေးစစ်ခြင်း၊ အီးစီဂျီရိုက်ခြင်း၊ အာထရာဆောင်း ရိုက်ခြင်းများကို ဆောင်ရွက်ပေးကြသည်။

"ကျွန်မကတော့ နိုင်ငံတကာအချင်းချင်း ရောဂါစစ်ဆေးဆောင်ရွက်မှု လုပ်ငန်းတွေကို တာဝန်ယူ လုပ်ဆောင်ရပါတယ်။ အခုလောလောဆယ်ကတော့ ကလေးတွေကို ရိုးရိုးစစ်ဆေးပြီး ဘယ်အချိန်ဆေးရုံတက်ရမယ်၊ ဘယ်အချိန်ခွဲစိတ်ရမလဲဆိုတာကို အဖြေသိမှပဲ ဆက်လက်ဆောင်ရွက်သွားပါမယ်" ဟု ကလေးနှလုံးရောဂါ ပိုင်းဆိုင်ရာ အထူးကု Dr.Gu Hong (CoCo) က ပြောကြားသည်။

အဆိုပါကလေးငယ်အားလုံးကို နှလုံးရောဂါ ခွဲစိတ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသုတ်လိုက် ကျန်းမာရေးစစ်ဆေးမှုနှင့် ခွဲစိတ်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- သိန်းထွန်း**

❑

# လေလှိုင်းသယံဇာတ မျှတအောင်စီမံဖို့-၃

## ဇေယျာ(မြန်မာ့အသံ)

**(ယမန်နေ့မှအဆက်)**

**ဥပဒေရေးဆွဲပြဋ္ဌာန်း**

ဆိုခဲ့ပြီးတဲ့အတိုင်း မြန်မာနိုင်ငံမှာ ရုပ်သံလွှင့်လောကအတွက် ဥပဒေတိတိကျကျ မရှိခဲ့ဘူးသေးတဲ့အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ ပင်မရေစီးရုပ်သံလွှင့်မီဒီယာတစ်ခုဖြစ်တဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေပြီး ၂၀၀၅ ခုနှစ်လောက်ကတည်းက စတင်လေ့လာပြင်ဆင်မှုတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ လက်တွေ့စတင်ရေးဆွဲဖို့ ပြင်ဆင်ဆောင်ရွက်ခဲ့တာကတော့ ၂၀၁၂ ခုနှစ် မတ်လမှ စတင်နိုင်ခဲ့တာဖြစ်ပြီး နိုင်ငံတကာ မီဒီယာပံ့ပိုးမှုအဖွဲ့ (IMS)၊ ဥပဒေနှင့် ဒီမိုကရေစီဆိုင်ရာဌာန (CLD)၊ ယူနက်စကိုနှင့် အမေရိကန်နိုင်ငံ ဥပဒေကျွမ်းကျင်သူများရဲ့ နည်းပညာပိုင်းဆိုင်ရာ အကူအညီတွေကိုရယူပြီး သြစတေးလျ၊ ကနေဒါ၊ ပြင်သစ်၊ ဂျပန်၊ ပိုလန်၊ တောင်အာဖရိက၊ ထိုင်းနှင့် ဗြိတိန်နိုင်ငံတွေမှာ ကျင့်သုံးနေကြတဲ့ ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ ဥပဒေတွေနဲ့ အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကောက်နုတ်ချက်များကိုအခြေခံပြီး ပြည်တွင်းက ရုပ်သံလွှင့်မီဒီယာလောကသားများနဲ့ အလုပ်ရုံဆွေးနွေးပွဲ လေးကြိမ်နှင့် နိုင်ငံတကာမီဒီယာများနဲ့ ရုပ်သံလွှင့်ဥပဒေ ကျွမ်းကျင်သူများပါဝင်တဲ့ နှီးနှောဖလှယ်ပွဲတစ်ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အဆိုပါဆွေးနွေးပွဲ အသီးသီးကနေရရှိလာတဲ့ အချက်အလက်တွေအပေါ် မှာမူတည်ပြီး ယူနက်စကိုရဲ့ မီဒီယာဖွံ့ဖြိုးမှုအညွှန်းကိန်း (MDI)ပါ သတ်မှတ်ချက်တွေနဲ့အညီ ၂၀၁၃ ခုနှစ် ဇန်နဝါရီလကစတင်ပြီး ယူနက်စကိုမှ ကျွမ်းကျင်သူရဲ့ နည်းပညာအကူအညီနဲ့ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းကို စတင်ရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဲဒီမူကြမ်းကိုပဲ ၂၀၁၃ ခုနှစ် စက်တင်ဘာလမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ နိုင်ငံတော်သမ္မတရဲ့ ဥပဒေအကြံပေးအဖွဲ့ထံ ပေးပို့အကြံပြုချက်များရယူခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ အဆိုပါ သဘောထားမှတ်ချက်များနဲ့အညီ အပြီးသတ် ပြန်လည်ပြင်ဆင်ရေးသားနိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီမူကြမ်းကိုပဲ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကို အဆိုတင်သွင်းခဲ့ရာမှာ လွှတ်တော်ဥပဒေကြမ်းကော်မတီများနဲ့ အကြိမ်ကြိမ် ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီး အခန်း ၁၅ ခန်းနဲ့ ပုဒ်မ ၁၀၆ ခု ပါဝင်တဲ့ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာ ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

**လုပ်ငန်းများ မစတင်နိုင်သေး**

ဥပဒေအရ အစီအစဉ်အကြောင်းအရာ (Content) ပိုင်းဆိုင်ရာတွေကို တာဝန်ယူထိန်းကျောင်းမည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီနဲ့ လှိုင်းနှုန်းစဉ်စီမံခန့်ခွဲမှု (Spectrum Allocation)နဲ့ နည်းပညာပိုင်းဆိုင်ရာစံနှုန်းသတ်မှတ်ချက် (Technical Standard) တွေကို တာဝန်ယူဆောင်ရွက်မည့် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ကို အနာဂတ် ရုပ်သံလွှင့်လုပ်ငန်းစီမံခန့်ခွဲမှု အဖွဲ့အစည်းများ(Broadcast Regulators)များအဖြစ် ပေါ်ပေါက်လာရမှာဖြစ်ပါတယ်။

ဒီလို အဖွဲ့အစည်းနှစ်ခုရှိတဲ့အနက်မှာ အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေပုဒ်မ ၁၀၃ မှာ "ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့ရက်မှ ခြောက်လအတွင်း ကောင်စီကို ဖွဲ့စည်းရမည်။" လို့ ထည့်သွင်းပြဋ္ဌာန်းထားပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ယနေ့အထိ ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ကောင်စီကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသေးပါဘူး။ အလားတူပဲ ရုပ်သံလွှင့်လုပ်ငန်း လုပ်ကိုင်လိုသူတွေကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေနဲ့အညီ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း၊ လိုင်စင် စည်းကမ်းချက်သတ်မှတ်ပေးခြင်း စတဲ့လုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။

**ဝေဖန်မှုများရှိ**

ဒါကြောင့်ပဲ လက်ရှိနိုင်ငံတွင်း ရုပ်သံလွှင့်လောကမှာ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ အစိုးရရုပ်သံလွှင့်လုပ်ငန်းဖြစ်တဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနဲ့ အကျိုးတူဖက်စပ်အဖြစ် ဆောင်ရွက်ခွင့်ရရှိခဲ့ကြတဲ့ ပုဂ္ဂလိကရုပ်သံလွှင့်မီဒီယာတချို့နဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တပ်မတော်ရဲ့ မြဝတီရုပ်မြင်သံကြားနဲ့ YCDC ရဲ့ City FM တို့လို နိုင်ငံပိုင်ရုပ်သံလွှင့်မီဒီယာအဖွဲ့အစည်းတွေကသာ လက်ရှိလုပ်ငန်း ဆက်လက်ဆောင်ရွက်နေကြဆဲ အနေအထားဖြစ်ပါတယ်။ တစ်ဖက်မှာတော့ ဒီလိုအစိုးရနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ပုဂ္ဂလိကရုပ်သံလွှင့်လုပ်ငန်းတွေကိုသာ လုပ်ကိုင်ခွင့်ပြုထားတာဟာ အခြားသော ရုပ်သံလွှင့်မီဒီယာလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်လိုသူတွေအတွက် မမျှတတဲ့အခြေအနေဖြစ်စေတယ်ဆိုပြီး ဝေဖန်ထောက်ပြမှုတွေကိုလည်း တွေ့ရှိလာရပါတယ်။

**ရုပ်သံလွှင့်မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ**

အစိုးရသစ်လက်ထက်မှာတော့ ဒီလိုဝေဖန်ထောက်ပြမှုတွေအပါအဝင် ရုပ်သံလွှင့်လောကအတွက် အရေးတကြီးဆောင်ရွက်ဖို့လိုအပ်နေတဲ့ အချက်အလက်တွေကို သိရှိနိုင်ဖို့အတွက်နဲ့ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများတွင် တရားမျှတစွာ ယှဉ်ပြိုင်မှုနဲ့ အများပြည်သူတို့၏ သဘောထားအမြင်များကို ဖော်ဆောင်တဲ့ မီဒီယာဗဟုဝါဒကို မြှင့်တင်ဖော်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာမီဒီယာလောကသားများ၊ ဥပဒေကျွမ်းကျင်သူများနဲ့ ရုပ်သံလွှင့် လောကသားများကို ဖိတ်ကြားပြီး "ရုပ်သံလွှင့်မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ"ကို ၂၀၁၆ ခုနှစ် မေလ ၂၇ ရက်နေ့က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနမှာ ကျင်းပခဲ့ပါတယ်။

ဒီအစည်းအဝေးမှာ ဌာနဆိုင်ရာတာဝန်ရှိသူတွေနဲ့ ရုပ်သံလွှင့်ကဏ္ဍ အဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်းပြီး ပြင်ဆင်သင့်တဲ့အချက်လေးချက်၊ နည်းဥပဒေရေးဆွဲရာမှာ ထည့်သွင်းစဉ်းစားသင့်တဲ့ အချက် ၁၆ ချက်နဲ့ ဥပဒေအပေါ် မရှင်းလင်းတဲ့အတွက် မေးမြန်းသည့်အချက် ၁၅ ချက်နှင့် ဥပဒေပြင်ဆင်ရေးနှင့် မသက်ဆိုင်တဲ့ သီးခြားအကြံပြုချက် ခုနစ်ချက် စုစုပေါင်း ဆွေးနွေးချက် ၄၂ ချက်ရရှိခဲ့ပါတယ်။ ရရှိလာတဲ့ အကြံပြုချက်တွေအပေါ် အခြေခံပြီး ဥပဒေမှာ ပြင်ဆင်သင့်တဲ့အချက်များနဲ့ နည်းဥပဒေရေးဆွဲရာမှာ ထည့်သွင်းသင့်တဲ့အချက်များကို ယူနက်စကိုမှ မီဒီယာဥပဒေရေးဆွဲရေးဆိုင်ရာ ကျွမ်းကျင်သူများရဲ့ ကျွမ်းကျင်မှုအကူအညီကိုရယူပြီး ညှိနှိုင်းပြင်ဆင်မှုတွေကို ပြန်ကြားရေးဝန်ကြီးဌာနက စတင်ဆောင်ရွက်ခဲ့ပါတယ်။

**ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ**

ဒါအပြင် "ရုပ်သံလွှင့်မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ"မှာ ဆွေးနွေးညှိနှိုင်းခဲ့တဲ့ အချက်များအရ ဥပဒေကို ပြင်ဆင်သုံးသပ်နိုင်ဖို့နဲ့ နည်းဥပဒေရေးဆွဲနိုင်ရေးအတွက် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် ၁၂ ဦးပါဝင်တဲ့ "ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ"ကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။

**လက်ရှိရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်ဖို့ ဆောင်ရွက်ရာမှာလည်း ဥပဒေနဲ့အညီ ရုပ်သံလွှင့်မီဒီယာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် အဓိကအဟန့်အတားဖြစ်နေတဲ့အချက်တွေကို ဖော်ထုတ်ပြီး ပြင်ဆင်ရေးအတွက် အချိန်များစွာမယူဘဲ အဓိကကျတဲ့အချက်များကိုသာ ပြင်ဆင်သွားကြဖို့ ဦးတည်သင့်တယ်လို့ ယူဆပါတယ်။**

တစ်ဖက်မှာလည်း မီဒီယာအဖွဲ့အစည်းအသီးသီးက ကျင်းပပြုလုပ်ခဲ့တဲ့ မီဒီယာဆွေးနွေးပွဲအသီးသီးမှာ ဆွေးနွေးအကြံပြုခဲ့ကြတဲ့ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်တဲ့ အကြံပြုချက်တွေကိုလည်း ထည့်သွင်းလေ့လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရန်ကုန်မြို့ Chatrium Hotel မှာ ပြုလုပ်ခဲ့တဲ့ ပဉ္စမအကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးမှု ညီလာခံမှာ လက်ရှိတည်ဆဲ မီဒီယာဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကို ပြန်လည်သုံးသပ်ပြီး ခေတ်ကာလနဲ့အညီ ပြန်လည်ပြင်ဆင်ရေးဆွဲဖို့ကိစ္စကို ဦးစားပေးကဏ္ဍအနေနဲ့ ဆွေးနွေးခဲ့ကြတာကို တွေ့ရပါတယ်။ ညီလာခံတက်ရောက်လာသူတွေဘက်က ထောက်ပြကြတဲ့ ပြင်ဆင်ရန်လိုအပ်နေတဲ့ ဥပဒေစာရင်းထဲမှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေလည်း တစ်ခုအပါအဝင်ဖြစ်တာကို တွေ့ရပါတယ်။

"ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ"ရဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှာ ကျင်းပခဲ့ပြီးဖြစ်ပြီး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကိုတော့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့မှာ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအစည်းအဝေးတွေမှာ နယ်ပယ်အသီးသီးက ကျွမ်းကျင်သူတွေရဲ့ အကျေအလည်ဆွေးနွေးမှုတွေအပြီး ကော်မတီရဲ့ တတိယအကြိမ်အစည်းအဝေးကိုတော့ ၂၀၁၇ ခုနှစ် မတ်လ ၇ ရက်နေ့မှာ ဆောင်ရွက်ခဲ့ကြောင်း သတင်းမီဒီယာများကတစ်ဆင့် သတင်းထုတ်ပြန်ထားခဲ့ပြီးလည်း ဖြစ်ပါတယ်။

**ဂျပန်နိုင်ငံ၏ ဥပဒေပြင်ဆင်ရေးအတွေ့အကြုံ**

အမှန်တော့ ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်ရေးနဲ့ပတ်သက်ပြီး ပြင်ဆင်ရန်သင့်တယ်ဆိုပြီး ထောက်ပြဝေဖန်တဲ့ အချက်တွေဟာ မီဒီယာအဖွဲ့အစည်း တစ်ခုနဲ့တစ်ခု မတူညီသလို အရေအတွက်အားဖြင့်လည်း များစွာတွေ့ရှိရပါတယ်။ လက်တွေ့မှာတော့ ဥပဒေတစ်ခုကို တစ်ကြိမ်တည်းမှာ ပြင်ဆင်ချက်များစွာနဲ့ ပြန်လည်ပြင်ဆင်ရေးဆွဲဖို့နဲ့ ဒီလိုပြင်ဆင်ချက်ဥပဒေတစ်ခုကို အများလက်ခံနိုင်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။ ဒါနဲ့ပတ်သက်ပြီး ဂျပန်နိုင်ငံက ဥပဒေပညာရှင်တစ်ဦးနဲ့ဆုံတုန်း သူတို့ဆီက ဥပဒေပြင်ဆင်ရေးအတွေ့အကြုံကို မေးကြည့်မိပါတယ်။

သူ့အဆိုအရ ဂျပန်နိုင်ငံရဲ့ Broadcasting Act ကို ၁၉၅၀ ခုနှစ်မှာ စတင်ပြဋ္ဌာန်းခဲ့တဲ့ အချိန်ကစပြီး ယနေ့ အချိန်ထိ အကြိမ်ရေ ၅၀ ကျော် ပြင်ဆင်ခဲ့ပြီးဖြစ်ပြီး ကြီးမားတဲ့ပြင်ဆင်ချက်အဖြစ် ရုပ်သံလွှင့်လုပ်ငန်းတိုင်းအတွက် Program Council တစ်ခု ဖွဲ့စည်းနိုင်ဖို့အတွက် ၁၉၅၉ ခုနှစ်မှာ တစ်ကြိမ်နဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်အတွက် ၂၀၁၀ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်တို့မှာ နှစ်ကြိမ် စုစုပေါင်း သုံးကြိမ် ပြင်ဆင်ခဲ့တယ်လို့သိရပါတယ်။ ကျန်တဲ့ အသေးစားပြင်ဆင်မှုတွေကိုတော့ အကြိမ် ၅၀ လောက် ဆောင်ရွက်ခဲ့တယ်လို့ဆိုပါတယ်။ ဒါဟာ သူတို့နိုင်ငံမှာ ဒီဥပဒေကို တစ်နှစ်တစ်ကြိမ်နီးပါးလောက် ပြင်ဆင်နေတယ်ဆိုတဲ့သဘောပါပဲ။ လက်တွေ့မှာလည်း ထုတ်ပြန်ပြီးတဲ့ ဥပဒေတွေဟာ ခေတ်ကာလနဲ့အညီ လိုအပ်သလို ပြင်ဆင်သွားရမှာသာ ဖြစ်ပါတယ်။

ဒါကြောင့် လက်ရှိရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်ဖို့ ဆောင်ရွက်ရာမှာလည်း ဥပဒေနဲ့အညီ ရုပ်သံလွှင့်မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် အဓိကအဟန့်အတားဖြစ်နေတဲ့အချက်တွေကို ဖော်ထုတ်ပြီး ပြင်ဆင်ရေးအတွက် အချိန်များစွာမယူဘဲ အဓိကကျတဲ့အချက်များကိုသာ ပြင်ဆင်သွားကြဖို့ ဦးတည်သင့်တယ်လို့ ယူဆပါတယ်။

**Content Provider များ ဖိတ်ခေါ်ထား**

တစ်ဖက်မှာလည်း ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေနဲ့အညီ ရုပ်သံလွှင့်လုပ်ငန်းတွေကို လုပ်ပိုင်ခွင့်မျှမျှတတ စီမံခန့်ခွဲပေးနိုင်ဖို့အတွက် ဆောင်ရွက်ဆဲကာလမှာပဲ ရုပ်သံလွှင့်လုပ်ငန်းမှာ ပါဝင်ဆောင်ရွက်လိုသူတွေအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရဲ့ ဒစ်ဂျစ်တယ်ရုပ်မြင်သံကြား လိုင်းငါးလိုင်းမှာ သတ်မှတ်ချက်တွေနဲ့အညီ Content Provider များအဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ပွင့်လင်းမြင်သာမှုရှိရှိနဲ့ ဖိတ်ခေါ်ခဲ့တာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး ကွင်းဆင်းစစ်ဆေး

**ဝက်လက် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

"လုပ်ငန်းတွေကိုတော့ တင်ဒါစနစ်နဲ့ လုပ်ခဲ့တာပါ။ လမ်းတံတားတွေရဲ့ အရည်အသွေးတွေပြည့်မီဖို့၊ အချိန်မီပြီးစီးဖို့ကို လိုက်လံစစ်ဆေးခဲ့ပါတယ်။ အခုအခြေအနေမှာတော့ လုပ်ငန်းတွေအားလုံးကတော့ ပြီးစီးသွားပါပြီ" ဟု ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အလျားပေ ၆၀၊ အနံ ၁၇ ပေရှိ ဟံလင်း-စခန်းသာ ကွန်ကရစ်တံတားအား One family Group Co.,Ltd မှ ခွင့်ပြုငွေကျပ် သန်း ၆၀ ဖြင့်လည်းကောင်း၊ အလျား ၁ မိုင် ၄ ဖာလုံရှိ ယင်းတောကျေးရွာအဝင် ကွန်ကရစ်လမ်းအား Moon Shwebo Co.,Ltd မှ ခွင့်ပြုငွေကျပ် ၁၃၀ ဒသမ ဝ၆ သန်းဖြင့် လည်းကောင်း၊ Wetlet Brothers Co.,Ltd မှ အရှည် တစ်မိုင်ရှိ ဝက်လက်-သခွတ္တောကတ္တရာလမ်းအား ခွင့်ပြုငွေကျပ် ၈၇ ဒသမ ၅ သန်း၊ ကျေးသီးကုန်ကျေးရွာအဝင်လမ်းအရှည် တစ်မိုင် ခွင့်ပြုငွေကျပ် ၅၇ ဒသမ ၉၆ သန်းဖြင့်လည်းကောင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းများနှင့် တံတားများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# (၉)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ခေါင်းဆောင်များညီလာခံတက်ရောက်ရန် မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ်နှင့်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၂၁**

ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့၏ ဖိတ်ကြားချက်အရ (၉)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ခေါင်းဆောင်များညီလာခံ (9th APR Scout Leaders Summit) တက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာရာ မြန်မာနိုင်ငံကင်းထောက်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်နှင့် ကင်းထောက်ကြီးများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ညီလာခံသို့ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့်အတူ ဒဂုံတက္ကသိုလ် ကင်းထောက်ကျောင်းသား ခေါင်းဆောင် မောင်ကောင်းဆက်ဟိန်းတို့ လိုက်ပါပြီး မေ ၂၂ ရက်မှ ၂၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပမည့် (၉)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ခေါင်းဆောင်များညီလာခံ (9th APR Scout Leaders Summit)တွင် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ဝင် ၂၅ နိုင်ငံမှ ကင်းထောက်ခေါင်းဆောင်များနှင့်အတူ တက်ရောက်မည်ဖြစ်သည်။ ယင်းညီလာခံတွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့များ ကင်းထောက်လုပ်ငန်းလှုပ်ရှားခဲ့မှုများ ရှေ့လုပ်ငန်းအစီအစဉ်များနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြေရှင်းမည့် နည်းလမ်းများနှင့် မြန်မာနိုင်ငံမှ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ၂၀၁၉ ခုနှစ်တွင် အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ကင်းထောက်ညီလာခံနှင့် ပတ်သက်သည့် အစီအစဉ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံဖြစ်လာသည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့များမှ ကင်းထောက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ပြည်ပနိုင်ငံများတွင် ကျင်းပမည့် အစီအစဉ်များကို ဖိတ်ကြားလျက်ရှိရာ ဇွန်လတွင် အိန္ဒိယနိုင်ငံ၌ ကျင်းပမည့် ငြိမ်းချမ်းရေးသံတမန် လူငယ်ကင်းထောက်ခေါင်းဆောင်များ၏ အလုပ်ရုံဆွေးနွေးပွဲ၊ ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အမျိုးသားအဆင့် ကင်းထောက်များ၏ ယှဉ်ကျေးမှုဆွေးနွေးပွဲ၊ ၂၀၁၉ ခုနှစ် အဇာဘိုင်ဂျန်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ကင်းထောက် ညီလာခံအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ၌ လေ့လာရေးဆွေးနွေးပွဲအစီအစဉ်၊ ဩဂုတ်လတွင် မွန်ဂိုလီးယားနိုင်ငံ၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညီလာခံ၊ စက်တင်ဘာလတွင် သီရိလင်္ကာနိုင်ငံ၌ ကျင်းပမည့် ကင်းထောက်များ၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲများနှင့် အိုက်စလန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ပိုလန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့တွင်လည်း ကင်းထောက်လေ့လာရေးခရီးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ တက်ရောက်နိုင်ရန် မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ ကင်းထောက်ကြီးများ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်လူငယ်ခေါင်းဆောင်များကို ဖိတ်ကြားထားကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီးနောက် ယခုခရီးစဉ်မှာ ပထမဆုံးအကြိမ် ညီလာခံတက်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် (၉)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ခေါင်းဆောင်များညီလာခံ (9th APR Scout Leaders Summit)သို့ တက်ရောက်ရန် မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

# သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း (၃)နှစ်ပြည့်အထိမ်းအမှတ် အောက်မေ့ဖွယ်အခမ်းအနား အမရပူရမြို့နယ် တောင်လေးလုံးကျောင်း၌ ကျင်းပ

**မန္တလေး မေ ၂၁**

သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် (၁၉၃၀ - ၂၀၁၄) ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အထိမ်းအမှတ် အောက်မေ့ဖွယ်အခမ်းအနားကို မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်အင်းစောင်းရှိ တောင်လေးလုံးကျောင်းတိုက် သူဌေးဘုရားရင်ပြင်၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

၂၀၁၄ ခုနှစ် မေ ၂၁ ရက် နံနက် ၆ နာရီခန့်တွင် ရန်ကုန်ဆေးရုံကြီး၌ ကျောက်ကပ်ဝေဒနာဖြင့် ကွယ်လွန်သည့် သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အထိမ်းအမှတ် အောက်မေ့ဖွယ်အခမ်းအနားကို မန္တလေး စာပေအနုပညာရှင်များ စုပေါင်းကျင်းပခြင်းဖြစ်ပြီး သတင်းစာဆရာကြီး ဆရာမောင်သစ်လွင်(လူထု)၊ ဦးသိန်းတန်(NLD)၊ ကဗျာဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်)တို့က အမှတ်တရစကားများ အသီးသီးပြောကြားကြသည်။

ဆရာကြီး ဦးဝင်းတင်အား ၁၉၃၀ ခုနှစ် မတ် ၁၂ ရက်က ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် မွေးဖွားခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာပေ၊ ခေတ်သစ်ရာဇဝင်နှင့် နိုင်ငံရေးသိပ္ပံဘာသာတွဲဖြင့် ဝိဇ္ဇာဘွဲ့ရသည်။ မောင်ဝန်ဇင်း၊ ပေါ်သစ်၊ ပြည်စိုး၊ ဝင်းထင်၊ ပုည၊ ဝင်းဆွေ၊ သုတေသီ၊ အယ်ဒီတာ တစ်ဦး အစရှိသည့် ကလောင်အမည်ခွဲများဖြင့် စာများရေးသားပြီး ၁၉၅၇ ခုနှစ် ကြေးမုံသတင်းစာ စတင်ထူထောင်သူများတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။ ၁၉၆၉ ခုနှစ် အောက်တိုဘာလက မန္တလေးမြို့တွင် ထုတ်ဝေသည့် ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

**(ဘဦး)**



# သုံးခွမြို့နယ် သခွတ်ကုန်းကျေးရွာတွင် မြစိမ်းရောင်ချေးငွေများ ထုတ်ပေး

**သုံးခွ မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ မေ ၂၀ ရက်က သခွတ်ကုန်းကျေးရွာတွင် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ကျေးရွာသူကျေးရွာသားများအား ချေးငွေ ကျပ် ၃၈၄ သိန်း ပြန်လည်ထုတ်ပေးနေမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ သွားရောက်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# နှစ်ကူးအလှူ နွားများဘေးမဲ့အဖြစ် လှူဒါန်း

**ရန်ကုန် မေ ၂၁**

ရန်ကုန်မြို့နေ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မ သီဂရီ၊ သီရိသုဓမ္မသီဂရီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး)မိသားစုက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သစ်နီပင်သဘာဝတရားရိပ်သာကျောင်း ဆရာတော်အရှင်ဝိမလထံ နှစ်သစ်ကူး ဘေးမဲ့အလှူအဖြစ် နွားကောင်ရေ ၂၈ ကောင်ကို မေ ၁၇ ရက် (မြန်မာ့နှစ်ဆန်းတစ်ရက်)က လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# လူဦးရေ ၂၀၀၀ အထက် ကျေးရွာအားလုံး ကျေးလက်လမ်းအသုံးပြုနိုင်ရန် ၂၀၂၀ ပြည့်နှစ်နှင့် လူဦးရေ ၅၀၀ အထက် ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်မည်

**မုံရွာ မေ ၂၁**

၂၀၃၀ ပြည့်ခုနှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် စာရင်းကောက်ယူထားသည့် ကျေးရွာ ၅၇၂၂၈ ရွာတွင် လူဦးရေ ၂၀၀၀ နှင့်အထက် ကျေးရွာများအားလုံးကို၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း၊ လူဦးရေ ၅၀၀ နှင့်အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်လမ်းများ ဖွံ့ဖြိုးရေး မဟာဗျူဟာ ဒုတိယမူကြမ်းမှ သိရသည်။

ထို့ပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကျေးရွာများ၏ လူဦးရေ ၂၅၀ နှင့်အထက် ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာ ၅၀ ရာခိုင်နှုန်းကို ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့နယ်တစ်ခုအတွင်းမှာရှိတဲ့ ကျေးရွာတွေ အချင်းချင်းနဲ့ ပိုမိုအဆင့်မြင့်တဲ့ လမ်းကွန်ရက်ကို ချိတ်ဆက်ပေးနိုင်တဲ့ အနည်းဆုံး ကျေးလက်လမ်းကွန်ရက်တွေဖြစ်ပါတယ်။ ကျေးရွာတစ်ရွာမှာ ပိုမိုအဆင့်မြင့်တဲ့လမ်းနဲ့ ချိတ်ဆက်ထားရင် အဓိကချိတ်ဆက်တဲ့ လမ်းကွန်ရက်စနစ် (Core Rural Road Network;CRRN)လိုအပ်မှာ မဟုတ်ပါဘူး။ ကျေးရွာတစ်ရွာဟာ ကျေးလက်လမ်းတစ်ခုတည်းနဲ့သာ ချိတ်ဆက်ထားရင် အဲဒီလမ်းကို CRRN လမ်းအဖြစ် သတ်မှတ်ပါတယ်။ ကျေးရွာတစ်ရွာဟာ တစ်လမ်းထက်မက ပိုပြီးချိတ်ဆက်ထားရင် အကောင်းဆုံးလမ်းကိုရွေးချယ်ပြီး CRRN လမ်းအဖြစ် သတ်မှတ်ပြီး ကျေးရွာတစ်ရွာဟာ ဘယ်လိုလမ်းနဲ့မှ ချိတ်ဆက်မထားရင် မှန်ကန်တဲ့လမ်းအူကြောင်းကို ရွေးချယ်ပြီး လမ်းဖောက်လုပ်ရေးအတွက် CRNN ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

ကျေးလက်လမ်းများကို ကျေးလက်ဦးစီးနယ်စပ်ရေးရာက စီမံဆောင်ရွက်လျက်ရှိရာ ကျေးလက်လမ်းများ၏ ခြောက်ရာခိုင်နှုန်းသည် ကွန်ကရစ်ကတ္တရာ အမျိုးအစားဖြစ်ပြီး ၂၈ ရာခိုင်နှုန်းသည် ဂဝံ-ကျောက်-ရိုဇာအမာခံလမ်းအမျိုးအစားဖြစ်ကာ ၆၆ ရာခိုင်နှုန်းသည် မြေသားလမ်းများဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဦးစီးဌာနမှ ကွန်ကရစ်နှင့် ကတ္တရာကျေးလက်လမ်း ၂၄၅ မိုင်၊ ကျောက်-ဂဝံ-ရိုဇာ ကျေးလက်လမ်း ၁၄၆၆ မိုင်၊ မြေသားလမ်း ၅၆၅၅ မိုင်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကွန်ကရစ်နှင့် ကတ္တရာ ကျေးလက်လမ်း ၄၃ မိုင်၊ ကျောက်-ဂဝံ-ရိုဇာ ကျေးလက်လမ်း မိုင် ၄၈၀ နှင့် မြေသားလမ်းမှာ ၆၄၆ မိုင်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်လမ်းများကို ရာသီမရွေးဆက်သွယ်သွားလာနိုင်သောလမ်းများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးခြင်း၊ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်သည့် ဒီဇိုင်းများ ပြင်ဆင်ခြင်း၊ သင့်လျော်သောပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို အာမခံပေးနိုင်ကာ နိုင်ငံတော်နှင့် ပြည်သူတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်း ကျေးလက်လမ်းများ ဖွံ့ဖြိုးရေး မဟာဗျူဟာ ဒုတိယမူကြမ်းတွင် ထည့်သွင်းဖော်ပြထားသည်။ ကျေးလက်လမ်းနှင့်အတူ ကျေးလက်တံတားကိုပါဆောင်ရွက်ရန် မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲထားရာ အရှည် ၅၆၃၄၄၈ ပေရှိ ကျေးလက်တံတားပေါင်း ၂၃၁၆၇ စင်းတွင် သစ်သားတံတားမှာ ၃၀ ရာခိုင်နှုန်း၊ ကွန်ကရစ်တံတားမှာ ၂၄ ရာခိုင်နှုန်း၊ Box Culvert မှာ ၄၀ ရာခိုင်နှုန်း၊ ရေကျော် လေးရာခိုင်နှုန်း၊ ကြိုးတံတား တစ်ရာခိုင်နှုန်းနှင့် ဘေလီတံတား သုည ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပေ ၆၆၆၅၀ ရှိ သစ်သားတံတား ၁၄၅၂ စင်း၊ ၁၃၃၅၇ ပေရှိ ကွန်ကရစ်တံတား ၄၉၂ စင်း၊ ၉၅၃၂ ပေရှိ Box Culvent ၉၄၆ စင်း၊ ပေ ၁၂၉၉၀ ရှိရေကျော်တံတား ၂၅၀ တို့ကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း မဟာဗျူဟာတွင် ထည့်သွင်းထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အင်းတော်မြို့နယ်အတွင်းမှ အင်းတော်-ဝန်းသိုသွား ကားလမ်းပေါ်ရှိ မဲဇာချောင်းကူးတံတား မကြာမီဖွင့်လှစ်တော့မည်

**အင်းတော် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းမှ အင်းတော်- ဝန်းသိုသွား ကားလမ်းပေါ်ရှိ မဲဇာချောင်းကူးတံတားကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါတံတားသည် မန္တလေး-မြစ်ကြီးနားမီးရထားလမ်း မိုင်တိုင်အမှတ်(၅၇၄/၁၉)အနီးတံတားအမှတ်(၄၀၈)မဲဇာတံတားနှင့်အပြိုင် မဲဇာချောင်းကိုဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်ပြီး အင်းတော်မြို့နယ်နှင့် ဝန်းသိုမြို့နယ်သွား ကားလမ်း မိုင်တိုင်အမှတ် (၃၄/၃-၄) ကြား၌ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားအရှည် ပေ ၇၀၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီနှင့် တိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ စီကျယ်ပြီး အခန်းခုနစ်ခန်းပါရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ်အချင်း သုည ဒသမ ၈ မီတာ၊ Mini Borepile တံတားအောက်ထည်သည် သံကူကွန်ကရစ်ဖြစ်ပြီး တံတား၏အပေါ်ထည်သည် ပေ ၁၀၀ Plate Girder သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းများဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကြီးဖွင့်လှစ်ပြီးပါက အင်းတော်မြို့နယ်နှင့် ဝန်းသိုမြို့နယ်အတွင်း ဒေသခံများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့ပြီး ယခင်ကမီးရထားလမ်းတစ်ခုတည်းကိုသာ အားကိုးအားထား ပြုနေခဲ့ရသည်မှ ယခုအခါ ကားလမ်းမှ အလွယ်တကူ သွားလာနိုင်တော့မည်ဖြစ်သည်။

**ကိုမင်း(အင်းတော်)**





# မာရသာ ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းခဲ့သဖြင့် သာစည်မြို့နယ်တွင် မိုးဦးနှမ်းများစိုက်ကြပြီ

**သာစည် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မေ ၁၇ ရက်က ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် မိုးများရွာသွန်းခဲ့သဖြင့် ယခုအခါ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့တွင် တောင်သူများက မြေအစိုဓာတ်ကောင်းစွာရရှိခဲ့ကြသဖြင့် မိုးဦးနှမ်းများစိုက်ပျိုးကြရန်အတွက် လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်နေကြပြီဖြစ်သည်။**(ဝဲပုံ)**

မိုးဦးနှမ်းကို သာစည်မြို့နယ်တွင် တန်ခူး၊ ကဆုန်လတို့တွင် အပြီးကြဲပက်စိုက်ပျိုးကြသည်။ မိုးဦးနှမ်းစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် နှမ်းတစ်ပြည်ကို ငွေကျပ် ၃၅၀၀ ဈေးအထိပေးပြီး ဝယ်ယူကြရကြောင်း၊ တစ်ဧကကို နှမ်းလေးပြည်ကြဲပက်စိုက်ပျိုးကြရကြောင်း၊ နှမ်းစိုက်ပျိုးရန် လယ်ယာမြေပြုပြင်မှုတွင် တစ်ဧကကို နွားသုံးရှဉ်း ငှားရကြောင်း၊ တချို့ငွေကြေးတတ်နိုင်သူများက ဂွန်ဒေါင်းစက်များငှား၍ ထွန်ယက်ကြကြောင်း၊ နွားတစ်ရှဉ်းကို နံနက်ခင်းတစ်ပိုင်းအတွက် ငွေကျပ် ၅၀၀၀ ပေးရပြီး ဂွန်ဒေါင်းစက်ငှားရမ်းမှုကလည်း တစ်နာရီကို စက်မောင်းခ ကျပ် ၅၀၀၀ ပေးရကြောင်း၊ နှမ်းကြဲပက်ရန်အတွက် လုပ်သားနှစ်ဦးငှားရကြောင်း၊ လုပ်သားတစ်ဦးကို မနက်တစ်ပိုင်းအတွက် လုပ်အားခ ကျပ်၂၅၀၀ ပေးရကြောင်း၊ နှမ်းတစ်ဧကအတွက် စိုက်ပျိုးစရိတ်ကုန်ကျငွေမှာ ကျပ် ၄၅၀၀၀ အထိ ကုန်ကျကြောင်း ဒေသတွင်းရှိ တောင်သူများထံမှ သိရသည်။

တောင်သူများအနေဖြင့် ယခုနှစ်နှမ်းစိုက်ချိန်တွင် မျိုးနှမ်းတစ်တင်း ကျပ် ၄၅၀၀၀ အထိ ပေးဝယ်ယူကြရသည်ဟု သိရသည်။ ယမန်နှစ်နှမ်းပေါ်ချိန်တွင် နှမ်းတစ်တင်း ကျပ်၂၀၀၀၀ ဖြင့်သာ ပွဲရုံများကဝယ်ယူကြသဖြင့် တောင်သူတို့အရှုံးပေါ်ခဲ့ကြရသည်ဟု သိရသည်။ "ကျွန်တော်တို့တောင်သူတွေအနေနဲ့ နှမ်းရိတ်သိမ်းချိန်နဲ့ နှမ်းခါချိန်မှာ မိုးရွာမှာကို စိုးရိမ်နေရပါတယ်။ နှမ်းထွက်ကောင်းမှ မိုးစပါးစိုက်ချိန်မှာ ရင်းနှီးငွေအနေနဲ့ ထည့်သုံးရပါတယ်။ အစိုးရကပေးတဲ့ စိုက်ပျိုးစရိတ်ချေးငွေဆိုတာကလည်း ကျွန်တော်တို့တောင်သူတွေအဖို့ စိုက်ပျိုးချိန်မှာ မလုံလောက်ပါဘူး"ဟု ဥသျှစ်ကုန်းကျေးရွာမှ တောင်သူ ဦးသန်းဝင်းက ပြောပြသည်။

သာစည်မြို့နယ်တွင် တောင်သူများအနေဖြင့် ကန်ရှုံစိန်ခို နှမ်းမျိုးထက် ရာသီဥတုဒဏ်ကို ခံနိုင်သည့် ရိုးစိမ်းနှမ်းမျိုးကိုသာ အဓိကထား၍ စိုက်ပျိုးကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မောင်တောမြို့နယ် အောင်စစ်ပြင်ကျေးရွာအုပ်စု ရီးဒါးကျေးရွာလမ်းဆုံ၌ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၁**

မောင်တောမြို့နယ် အောင်စစ်ပြင်ကျေးရွာအုပ်စု ရီးဒါးကျေးရွာလမ်းဆုံ၌ ယမန်နေ့ ညနေပိုင်းက ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးထံမှ ငွေကျပ် ၃၄ သိန်းတန်ဖိုးရှိ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကြိမ်ချောင်းရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ မေ ၂၀ ရက် ညနေ ၄ နာရီခန့်တွင် အောင်စစ်ပြင်ကျေးရွာအုပ်စု ရီးဒါးကျေးရွာလမ်းဆုံ၌ စောင့်ဆိုင်းနေစဉ် ကြိမ်ချောင်းမှ အောင်စစ်ပြင်သို့ ထွက်ခွာလာသည့် မာမတ်အီဒီရစ် မောင်းနှင်ပြီး ထွန်းနိုင် လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ထွန်းနိုင်ထံမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ထုပ်၊ စုစုပေါင်း အပြား ၁၇၀၀ (ကာလတန်ဖိုး ငွေကျပ် ၃၄၀၀၀၀၀ ခန့်)အား သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။

စစ်ဆေးချက်အရ အဆိုပါ ဆေးပြားများအား ကြက်ရိုးပြင်ကျေးရွာ ဈေးအနီးနေ အီနူးစ်၏ နေအိမ်မှ ယူဆောင်ခဲ့ပြီး ကြိမ်ချောင်း-တောင်ပြိုသွားကားလမ်း ဇီးပင်ချောင်းကျေးရွာအဝင် လမ်းဆုံသို့ ပို့ဆောင်ပေးရန်ဖြစ်ကြောင်း၊ သယ်ဆောင်ခအဖြစ် ငွေကျပ် ၄၀၀၀၀ ရရှိကြောင်း သိရသဖြင့် ကွင်းဆက်တရားခံဖြစ်သူ အီနူးစ်၏နေအိမ်သို့ သွားရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ နှစ်ဦးအား ကြိမ်ချောင်းရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# ညောင်လွန့်-တဲမြင့် ကျေးရွာချင်းဆက်တံတား ချဉ်းကပ်လမ်းပျက်စီးမှု ကိုယ့်အားကိုယ်ကိုး ပြုပြင်

**နေပြည်တော် မေ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်လွန့်-တဲမြင့်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ လာဘ်တံတားချဉ်းကပ်လမ်းမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂ ရက် ည ၁၀ နာရီခန့်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ချဉ်းကပ်လမ်းမြေသား ၈၅ ပေခန့် ရေတိုက်စားမှုဖြစ်ပွားခဲ့သည်။ အဆိုပါ ပျက်စီးသွားသော ချဉ်းကပ်လမ်းအား မေ ၁၈ ရက်မှစ၍ တဲမြင့်ကျေးရွာ ဆရာတော် ဦးဝိသေသက ဦးစီးပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# မိုးရာသီနီးကပ်လာပြီဖြစ်၍ တောင်ထန်းနှင့်ဝါးများ အရောင်းသွက်

**ဖြူး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာခွဲ ၃၆၀ ကျော်ရှိရာတွင် မြို့ပေါ် အချို့ရပ်ကွက်နှင့် ကျေးရွာအချို့တို့တွင် ဆင်းရဲနွမ်းပါးကြပြီး နေအိမ်များအမိုးမိုးကြရာတွင် သွပ်များကိုမတတ်နိုင်ကြသဖြင့် သွပ်အစားအိမ်မိုးတောင်ထန်းများကိုသာ အမိုးများလျက်ရှိကြသည်။

ယခင်ဆယ်စုနှစ်ကျော်က အိမ်အမိုးများမိုးကြရာတွင် အင်ဖက်များကိုသာ အမိုးများခဲ့ကြပြီး ယခုအခါတွင် အနောက်ရိုးမနှင့် အရှေ့ရိုးမတို့ရှိ အင်ပင်များမှာ သစ်ထုတ်လုပ်ကြရာတွင် ပါသွားကြသဖြင့် အင်ဖက်များမှာ လုံးဝမရှိသလောက် ရှားပါးသွားပြီး အင်ဖက်များအစား မွန်ပြည်နယ်မှ ထွက်ရှိသော တောင်ထန်းများကို အပျစ် ၁၀၀ ကို ကျပ်နှစ်သောင်းမှ ကျပ်နှစ်သောင်းနှစ်ထောင်ထိ ဈေးပေးဝယ်ယူ၍ နေအိမ်များကို အမိုးများမိုးလျက်ရှိနေကြကြောင်း တွေ့ရှိရသည်။

**(ဖြူး-မြင့်ဦး)**

# သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း သုံးနှစ်ပြည့် အောက်မေ့ဖွယ်ဂုဏ်ပြုအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၁**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်းသုံးနှစ်ပြည့် အောက်မေ့ဖွယ် ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ(သီရိခန်းမ)၌ ကျင်းပသည်။

အခမ်းအနားတွင် ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးကျော်အောင်က ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏အတ္ထုပ္ပတ္တိကို ဂုဏ်ပြုဖတ်ကြားပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးက ဂုဏ်ပြုအမှတ်တရ စကားပြောကြားသည်။

"ဆရာကြီးဦးဝင်းတင်သည် သတင်းစာလောက၊ စာပေလောက၊ အနုပညာလောက၊ မီဒီယာလောကသမား တို့ရဲ့ သူရဲကောင်းကြီးပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ပြောင်းလဲမှု အတွက် အနစ်နာခံပြီး လုပ်ဆောင်သွားတဲ့ နိုင်ငံ သားကောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် သုံးနှစ်တာ ကာလမှာ ဂုဏ်ပြုပွဲတွေ၊ ဝမ်းနည်းအောက်မေ့ဖွယ်ပွဲတွေကို လုပ်ခဲ့ကြပါတယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးက ပြောသည်။

သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်၏ စံပြု ထိုက်သည့် အတတ်ပညာ၊ စိတ်ဓာတ်ခွန်အားနှင့် ကိုယ်ကျိုး စွန့်ခဲ့သည့် သမိုင်းဖြစ်စဉ်များနှင့်အတူ ဆရာကြီး ဦးဝင်းတင်



နှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုများကိုလည်း ဦးတင်ဦးက ဆက်လက်ပြောကြားသည်။

"ဆရာကြီး ဦးဝင်းတင်ဟာ ယုံကြည်ချက် ခိုင်ခိုင်မာမာ ရှိပြီး အချက်အလက်ပေါင်းစုံနဲ့ ခိုင်မြဲစွာပြောဆိုနိုင်တဲ့ စွမ်းပကားရှိသူတစ်ဦးဖြစ်တာကြောင့် ရိုသေလေးစားကြတယ်။ သူဟာစံပြုထိုက်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်လို နေရာမျိုးမှာ သင့်တော်တဲ့နေရာတစ်နေရာရှာပြီး ပန်းခြံလိုသဘောမျိုး အမှတ်တရ အထိမ်းအမှတ်နေရာလေး လုပ်ဆောင်ပေးဖို့ ကျွန်တော်အနေနဲ့ အကြံပြုလိုပါတယ်" ဟု ၎င်းကပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဟံသာဝတီဦးဝင်းတင်ဖောင်ဒေးရှင်းမှ နာယက အဖွဲ့ဝင် စာရေးဆရာကြီး ဦးမိုးသူ၊ စာရေးဆရာ မုံရွာအောင်ရှင်၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်တို့က ဂုဏ်ပြုအမှတ်တရ စကားများပြောကြားကြပြီး ဆရာထင်လင်းဦးက ဂုဏ်ပြု ကဗျာရွတ်ဆိုခြင်း၊ အခမ်းအနားသို့ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်း၊ ဖတ်ကြားခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး အဖွဲ့ဝင်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်း များ၊ ဆရာကြီး ဦးဝင်းတင်အား ချစ်မြတ်နိုးသူများနှင့် လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးသမားများ တက်ရောက်ကြ သည်။

မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ (ငြိမ်းချမ်းရေးခန်းမ)၌ ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အမှတ်တရနှင့် ဟံသာဝတီဦးဝင်းတင် စနေ စာပေဝိုင်းပြုလုပ်ရာ အခမ်းအနား သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးက အဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ် အမှုဆောင်အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင် နှင့်ပတ်သက်၍ အမှတ်တရစကားပြောကြားပြီး စာရေး ဆရာ သန်းစိုးနိုင်က စာတမ်းဖတ်ကြားခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

■



## စက်လှေတိမ်းမှောက်၍ သေဆုံးခဲ့သော မိသားစုဝင်များအား ကူညီထောက်ပံ့

**အမ်း မေ ၂၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူ များသည် မေ ၂၀ ရက် နံနက် ၁၀ နာရီတွင် အမ်းမြို့နယ် ကဏန်းပြင်ကျေးရွာအုပ်စု ကံဘွေကျေးရွာသို့သွားရောက်ပြီး ရခိုင်ပြည်နယ် မင်းပြားမြို့နယ် မေလွန်းကျေးရွာအုပ်စု တောင်ပုတ်ကေကျေးရွာအနီး မင်းကြောင်းမြစ်အတွင်း မေ ၁၃ရက် နံနက် ၄ နာရီ မိနစ် ၅၀ တွင် စက်လှေ တိမ်းမှောက်ရာ၌ ပါဝင်သေဆုံးသွား ခဲ့သော မိသားစုဝင် များအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး သေဆုံးသူ ခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

■

### နှစ်(၆၀)ပြည့် ကြေးမုံသို့

* နှစ်(၆၀)ဆိုတာ
ပညာပြည့်ဝ
နလုံးလှတဲ့အရွယ်မို့ . . .။ ။

* ပြည်ကြီးမျက်လုံး
ပြည့်ပခုံးလို့
ဆိုထုံးစကား
ရှိထားသည်နှင့် အညီ . . .။ ။

* "ကြေးမုံ"သည်
ပြည်ဝန်ကိုထမ်း
ပြည့်လမ်းကိုဖောက်

ပန်းတိုင်အရောက်
ချီတက်တူရှု
ပြည်သူနှင့်အတူ
ကူညီဖြည့်ရေး
အစဉ်တွေးလျက်
ဦးဆွေးဆံမြည့်
ဆက်၍ ဆက်၍
ပြည့်ပြည့်ဝဝ
ထမ်းရွက်နိုင်ပါစေလို့ . . .။ ။

မောင်ထိန်ဝင်း(သစ်တော)

### ❖ ကျောဖုံးမှ

လက်ခံကျင်းပခဲ့ရာ ဆီမီးဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရ ခဲ့ကြောင်း သိရသည်။

အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလတ်က ကိုင်တွယ်လျက်ရှိပြီး လက်ရှိ တွင် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် အာရှ ယူ-၁၉ ခြေစစ်ပွဲ မတိုင်မီ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည် ဖြစ်သည်။ အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို စက်တင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပ မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

### ❒ မြန်မာအသင်းမှ

ဆော်ဒီ၊ ဂျော်ဒန်၊ ဘာရိန်း၊ သီရိလင်္ကာ၊ အုပ်စု(B)တွင် အိုမန်၊ တာဂျစ်ကစ္စတန်၊ ဆီးရီးယား၊ တာ့ခ်မင်နစ္စတန်၊ မော်လ်ဒိုက်၊ အုပ်စု(C) တွင် အီရန်၊ ကာဂျစ္စတန်၊ အာဖဂန်နစ္စတန်၊ လက်ဘနွန်၊ ဘူတန်၊ အုပ်စု(D)တွင် အီရတ်၊ အိန္ဒိယ၊ ပါလက်စတိုင်း၊ နီပေါ၊ အုပ်စု(E)တွင် ယူအေအီး၊ ယီမင်၊ ကာတာ၊ ဘင်္ဂလားဒေ့ရှ် အုပ်စု(F)တွင် မြောက်ကိုရီးယား၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ မကာအို၊ ဘရူနိုင်း၊ အုပ်စု(G)တွင် ထိုင်း၊ လာအို၊ တီမော၊ မြောက်မာရီယာနာကျွန်းစု၊ အင်ဒိုနီးရှား၊ အုပ်စု (H)တွင် တောင်ကိုရီးယား၊ တရုတ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ အုပ်စု(I) တွင် ဗီယက်နမ်၊ သြစတြေးလျ၊ မွန်ဂိုလီးယား၊ ကမ္ဘောဒီးယား၊ အုပ်စု(J)တွင် ဂျပန်၊ မလေးရှား၊ စင်ကာပူနှင့် ဂူအမ်အသင်းတို့ ပါဝင်နေသည်။ ခြေစစ်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု ၁၀ ခုမှ ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရ ငါးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယင်းခြေစစ်ပွဲယှဉ်ပြိုင်ရန် မန္တလေးမြို့၌ စခန်းဝင် လေ့ကျင့်လျက်ရှိပြီး ပြင်သစ်နိုင်ငံသားနည်းပြက တာဝန်ယူကိုင်တွယ် လျက်ရှိသည်။ မြန်မာ ယူ-၁၆ အသင်းကို အကယ်ဒမီမှ ကစားသမား များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ **သတင်း-ချစ်ကိုကို**

## မာန်အောင်မြို့နယ်၌ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**မာန်အောင် မေ ၂၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် မာရသာမုန်တိုင်းကြောင့် ပျက်စီး ဆုံးရှုံးမှုအတွက် ကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၉ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးမြင့်လှိုင်က အမှာစကား ပြောကြားသည်။ ကျောက်ဖြူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနမှ ခအုန်းမော် ကျေးရွာ ဘုန်းကြီးကျောင်းအတွက် သွပ်ပြား ကိုးချပ်၊ တိုက်ကျွန်းရွာ ဘုန်းတော်ကြီးကျောင်းအတွက် သွပ်ပြား အချပ် ၂၀၊ ဟင်းစနဲကျေးရွာ အတွက် သွပ်ပြား ၁၅ ချပ်နှင့် အိမ်ထောင်စု တစ်စုတွင် ကျားမ



လုံချည် တစ်ထည်၊ တဘက်၊ ဆပ်ပြာ နှင့် ငွေကျပ် တစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၁၂ စုအတွက် ငွေကျပ် ၁၂ သိန်း ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**

## နွေရာသီ အခြေခံအင်္ဂလိပ်စကားပြော သင်တန်းများဖွင့်လှစ်

**သထုံ ဧပြီ ၂၁**
ရန်ကုန်မြို့အခြေစိုက် အသိဉာဏ်ဖွံ့ဖြိုးရေးလူမှုအဖွဲ့ အစည်း (SI3-Society For Intellectual Inteligent Instite)နှင့် မွန်ပြည်နယ် သထုံမြို့နယ် ကမာစိုင်ကျေးရွာ လူမှုကူညီရေးအသင်းက တိုက်ကြီးကျေးရွာ နိဗ္ဗာန်ရွှေပြည် ပရဟိတလူငယ်အဖွဲ့၊ နောင်ဘိုကျေးရွာ ပညာရေးနှင့် ကျန်းမာရေးလူငယ်အဖွဲ့၊ ဘီးလင်းမြို့နယ် ရွှေရောင်ပြ ကျေးရွာပရဟိတလူငယ်အဖွဲ့တို့ ပူးပေါင်းပြီး နွေရာသီ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းများကို ဧပြီ ၂၀ ရက်က အဆိုပါကျေးရွာအသီးသီး၌ ဖွင့်လှစ်ခဲ့သည်။

"တိုင်းရင်းသားလူငယ်တွေ ကမ္ဘာသုံးအင်္ဂလိပ်စကား ပြောကို ကျွမ်းကျင်တတ်မြောက်ပြီး စွမ်းရည်များ ဖွံ့ဖြိုး တိုးတက်လာစေရေးနဲ့ အနာဂတ် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာနိုင်စေရေးတို့အတွက် ရည်ရွယ်ပြီး အခုလိုသင်တန်းတွေ ဖွင့်လှစ်ပေးရခြင်းဖြစ် ပါတယ်"ဟု ကမာစိုင်ကျေးရွာ လူမှုကူညီရေးအသင်းမှ ကိုရာဇာလတ်က ပြောသည်။

SI3 အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အင်္ဂလိပ်စကားပြော၊ လူမှုဆက်ဆံရေး၊ အတွေးအခေါ်၊ အယူအဆ၊ အသိဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး စသည့် လူမှုဘဝမြင့်မားရေးအမြင်ဖွင့် သင်တန်းများကို ပရဟိတအကျိုးပြုလုပ်ငန်းအဖြစ် လိုက်လံသင်ကြားပို့ချ ပေးလျက်ရှိပြီး ယခုသင်တန်းများတွင် တိုင်းရင်းသား လူငယ်များအား မိမိကိုယ်တိုင် ကောင်းမွန်သောအလေ့ အကျင့်ဖြင့် မိမိပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက် ခြင်း အမြင်ဖွင့်အသိပညာပေးအစီအစဉ်များကိုပါ ထည့်သွင်းပို့ချပေးသွားမည်ဖြစ်ကာ တစ်လကြာမြင့်မည်ဖြစ် ကြောင်း သိရသည်။ **(နိုင်ဇော်ဗိုလ်)**

## ဘုရားထူးကျေးရွာတွင်းလမ်း ကျောက်ချောခင်း

**ငါန်းဇွန် ဧပြီ ၂၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ် တို့ ပူးပေါင်း၍ ငါန်းဇွန်မြို့နယ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေ ကျပ် ၆ ဒသမ ၇ သန်းဖြင့်ဆောင်ရွက်သည့် အရှည်ပေ ၇၅၀၊ အကျယ် ၁၂ ပေ ရှိ ဘုရားထူးကျေးရွာတွင်းလမ်းကို ယနေ့ နံနက် ၆ နာရီခွဲက စတင်ကာ ကျောက်ချောခင်း၍ အဆင့် မြှင့်တင်ပြုပြင်လျက်ရှိကြောင်း သိရသည်။ **(မင်းမြင့်မိုရ်)**

## မန်တုံမြို့တွင် မြို့နယ်လုံးကျွတ် တိုင်းရင်းသားစာပေသင်ကြားနိုင်ရေး ဆွေးနွေး



**မန်တုံ ဧပြီ ၂၁**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ မန်တုံမြို့နယ်တွင် တိုင်းရင်းသားစာပေယဉ်ကျေးမှု များကို ထိန်းသိမ်းနိုင်စေရန် တိုင်းရင်းသားစာပေ သင်ကြား နိုင်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို တအာင်း (ပလောင်) ခန်းမဆောင်၌ ယမန်နေ့နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့ပေါ်နှင့်ကျေးရွာများတွင် တအာင်း(ပလောင်) စာပေကို လိုက်လံသင်ကြားပေးနေ သည့် လွယ်ဆိုင်ကျောင်းထိုင်ဆရာတော် ဦးဉာဏက တိုင်းရင်းသားများအလိုက် စာပေနှင့်ယဉ်ကျေးမှုများသည် အရေးကြီးကြောင်း မိန့်ကြားခဲ့ပြီး ပလောင်စာပေနှင့် ယဉ်ကျေးမှုနာယကကြီး ဦးအိုက်မုန်းက မန်တုံမြို့နယ် အတွင်း နေထိုင်ကြသည့် ပလောင်၊ ကချင်၊ ရှမ်း၊ လီဆူ တိုင်းရင်းသားများအလိုက် ယခုနှစ်ပညာသင်နှစ်မှစတင် ပြီး သက်ဆိုင်ရာတိုင်းရင်းသားများ နေထိုင်သည့် ကျေးရွာ များအလိုက် ဆက်နွယ်သည့် တိုင်းရင်းသားစာပေများအား သင်ကြားနိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တွင် နေထိုင်ကြသည့် တိုင်းရင်းသား များအားလုံးသည် တစ်သွေးတစ်သားတည်းဖြစ်၍ စာပေ ယဉ်ကျေးမှုများသည် အားလုံးနှင့်သက်ဆိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးက မန်တုံမြို့နယ်တွင် တအာင်း(ပလောင်)နှင့် အခြားတိုင်းရင်းသားစာပေများ သင်ကြားနိုင်ရေးအတွက် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့်အညီ အစွမ်းကုန် ကြိုးစားပေးသွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးကျော်ရွှေက ပညာရေးဝန်ကြီး ဌာန၏ ချမှတ်ထားသော စည်းမျဉ်းများနှင့်အညီ ခွင့်ပြု ရန်ပုံငွေများအကြောင်းနှင့် တိုင်းရင်းသားစာပေသင်ကြား ပေးနိုင်မည့် ဆရာ ဆရာမများ ရရှိစေနိုင်သည့် နည်းလမ်း များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တအာင်း(ပလောင်) စာပေနှင့်ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးပန္တိက ငါးနှစ်တာကာလ စာပေဖွံ့ဖြိုးရေး အတွက် လုပ်ဆောင်ခဲ့သည့်လုပ်ငန်းများကို ရှင်းလင်း တင်ပြခဲ့ပြီး ဘဏ္ဍာရေးမှူး ဒေါ်နန်းမော်ခမ်းက သုံးစွဲခဲ့သည့် ဝင်ငွေ၊ ထွက်ငွေများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ သည်။ ဆက်လက်ပြီး ကချင်စာပေယဉ်ကျေးမှုအဖွဲ့နှင့် ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့တို့က မိမိတို့တိုင်းရင်းသားစာပေ သင်ကြားနိုင်သည့် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစတင်၍ တအာင်း (ပလောင်) စာပေသင်ကြားနိုင်မှုနှင့် အခြားတိုင်းရင်းသား စာပေများကို ကျောင်းဖွင့်ချိန်ကာလမှစတင်ပြီး သင်ကြား နိုင်ရေးအတွက် ပညာရေးဌာနနှင့် စာပေယဉ်ကျေးမှုအဖွဲ့ များ ပူးပေါင်း၍ စီမံချက်များရေးဆွဲကာ မေလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**(စည်သူမောင်မောင်)**

❖

## မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေး



**မိုင်းဆတ် ဧပြီ ၂၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့နယ်အဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ် ဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယနှင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးစိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသော ဝမ်ကောင်းကျေးရွာမြစိမ်းရောင်ကော်မတီဝင် ဦးစိုင်းနွံက မြစိမ်းရောင် ချေးငွေမှရရှိလာသော အမြတ်ငွေများကိုစုပြီး ကျောင်းဆရာမများနေထိုင်ရန်အတွက် နေအိမ်ဆောက်လုပ်ပေးစေလိုကြောင်းနှင့် မြစိမ်းရောင်ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် များက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသောအခက်အခဲများကြောင့် ကော်မတီအသစ် ပြန်လည်ဖွဲ့စည်းပြီး သင်တန်းဖွင့်လှစ်ပေးရန်တင်ပြဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ချစ်တဲ့သူငယ်လေ သူငယ်ချင်းကောင်း ယောက်ဖတို့ရေ

❖ "ဟိုရှေ့က ဆူဆူညံ ဘာသံလဲမေး
လူငယ်တွေစကားဝိုင်း လှိုင်းဂယက်ဖွေး"တဲ့
ရှေးကလူငယ်တွေရဲ့စကားသံ
ကြားပြန်တစ်ခဏ
အားမာန်တကြွကြွနဲ့ သည်နေ့လူငယ်များ
လူငယ်စကားကို ဆက်ပြီး စီးဆင်းချင်ကြတယ်။

❖ ချောမေ ကညာရယ်
ပြောနေ ကြာပါတယ်ကွယ်၊
ငါလာတယ် ငါမြင်တယ်ပဲပေါ့။

❖ လူငယ်က မတွေဝေဘူး
ထိုင်နေလို့တော့ ဘာမှဖြစ်မလာတာကို သိတယ်
သိရင် သိသလိုပြော
တဟောဟော တဒိုင်းဒိုင်း
လှိုင်းထန်သလို ဖြစ်ချင်ဖြစ်မယ်
အရိုင်းဆန်သလိုလည်း ဖြစ်ချင်ဖြစ်မယ်
ဒါပေမယ့် . . . သမိုင်းအမှန်ကိုချစ်တယ်။

❖ လူငယ်က မလျှို့ဝှက်ဘူး
မရှက်သင့်တာ မရှက်သလို
ရှက်သင့်တာ ရှက်တယ်
ခက်ဆစ်နဲ့ မဆက်သွယ်
အနက်အဓိပ္ပာယ်နှစ်ခွနဲ့ အရိပ်မထိုး
တုတ်ထိုးအိုးပေါက်
ဒိုးခနဲ ဒေါက်ခနဲ
အပြောမတတ်တော့ ဆဲသလိုပေမယ့်
သဘောမနောဓာတ်က အမြဲချိုတယ်။

❖ လူငယ်က "လိုရင်း" ဆီပဲသွားတယ်
ဟိုနားကွေ့ သည်ဘက်ချိုး
ဟိုလိုပျိုး သည်လိုဖော်
အဲသလို အပေါ်ယံတွေကို ဖယ်ရှား
တကယ့် တရားကိုယ်အတွင်းသားကိုထုတ်ဖော်
အပျော်မကြုံသလို
ညှော်မနံစေရ
တော်လှန်သင့်ရင် တော်လှန်ပေမယ့်
အမှန်တရားနဲ့ "ငါ" ပြိုင်လာရင်
အမှန်တရားကိုပဲ နိုင်စေချင်တယ်။

❖ အဲသလို လူငယ်တွေ
နယ်ပယ် အသီးသီး
အဖွဲ့အစည်း အစုံစုံ
လောကလူ့ဘုံ အလွှာလွှာမှာ
ကဗျာရေးသူရေး
ဆေးရောင်းသူရောင်း
ခေါင်းလိမ်းဆီ ထုတ်သူထုတ်
အင်္ကျီချုပ် ဖိနပ်ထိုး
ကြိုးကျစ်သူကျစ်
လွှတ်တော်တက်သူတက်
ဗျာရက်သူ၊ ဆေးကုသူ
ဥပဒေဆွဲသူဆွဲ
တက္ကသိုလ်ထဲဝင်သူဝင်
အဆင်ဆင် အသွယ်သွယ်
ဆေးရောင်စုံ မြင်ကွင်းကျယ်
လွန်လွန်းအောင်ရှိပါတယ်။

❖ အဲသလို လူငယ်တွေနဲ့ စကားဝိုင်း
တိုင်းလုံးညံ
နိုင်ငံလုံးကျော်
နောက်ဆုံး . . . တစ်ကမ္ဘာလုံးပေါ်ဖုံးလွှမ်း
အလုစခန်းအတွက် မြေပုံရလိမ့်မယ်
ဘဝလမ်းအတွက် ဆွေဂုဏ်လှလိမ့်မယ်။

❖ အိုကွယ် . . "ယနေ့လူငယ်
နောင်ဝယ်လူကြီး"ပေပဲ
သူငယ်ချင်းရေ . . မင်းလည်းတစ်ဦးပါဝင်တယ်
ငါလည်း တစ်ဦးပါဝင်တယ်
သားထူးသားမြတ် သားလူရွယ်
နိုင်ငံတော် တည်ဆောက်ရေး
အနိမ့်ဆုံးအဆင့် အညီအဟောက်ဝေးဖို့
အမှီဝေးလို့ အားငယ်တာ မရှိသလို
ချည်သေးလို့ ချားမလည်တာ မရှိဘူးကွယ်။

❖ ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်းယောက်ဖတို့ရေ
အောက်ကျလို့မနေဘူးဟဲ့။

❖ ကဲ. . . လာ
လူငယ်စကားဝိုင်းဆီ. . .
ချီတက်စို့ရဲ့။ ။

စိုးမြင့်သန်းမောင်
(စာပေဗိမာန်)

အနုပညာ

# အမြဲလင်းလက်နေသော ကြယ်တစ်ပွင့် (သို့မဟုတ်) ဂျူလီယာရောဘတ်

အေးပြည့် - ရေးသားသည်





ဟောလိဝုဒ်ရဲ့ အနုပညာလောကမှာ စတင်ခြေချချိန် ကတည်းက လက်ရှိအချိန်အထိ ကျော်ကြားမှု အရှိန် မှေးမှိန်သွားခြင်းမရှိဘဲ များစွာသော ကြယ်ပွင့်တွေအကြား အမြဲလင်းလက်နေခဲ့သော အနုပညာကြယ်ပွင့်တစ်ပွင့်ကတော့ ကမ္ဘာတစ်လွှားက ပရိသတ်တွေ ချစ်ခင်နှစ်သက်ခဲ့ကြတဲ့ မင်းသမီးကြီး ဂျူလီယာရောဘတ်ပဲဖြစ်ပါတယ်။ အသက် (၂၂)နှစ်ခန့်ကစတင်ပြီး ထိပ်တန်းမင်းသမီးတစ်ဦး ဖြစ်လာခဲ့တဲ့ ဂျူလီယာရောဘတ်ဟာ လက်ရှိ (၄၉)နှစ်အရွယ်ထိတိုင် အောင်မြင်မှုကို ထိန်းထားနိုင်ဆဲဖြစ်ကာ ယခုနှစ်ရဲ့ ကမ္ဘာ့အလှဆုံး အမျိုးသမီးအဖြစ်လည်း ရွေးချယ်ခံထားရသူဖြစ်ပါတယ်။ သူဟာ တစ်သက်တာမှာ အလှဆုံးသော အမျိုးသမီးအဖြစ် ငါးကြိမ်တိုင်တိုင် ရွေးချယ်ခံခဲ့ရကာ အကြိမ်အများဆုံး ရွေးချယ်ခံခဲ့ရတဲ့ ကြယ်ပွင့် တစ်ဦးအဖြစ် စံချိန်တင်နိုင်ခဲ့တာကြောင့် ဂျူလီယာရောဘတ်ကိုအမြဲလင်းလက်နေသော ကြယ်တစ်ပွင့်အဖြစ် အီးအွန်လိုင်းဒေ့ါကွန်းက တင်စားရေးသား ဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။

ဂျူလီယာရောဘတ်ရဲ့ အောင်မြင်မှုတွေကို စတင်စေခဲ့တဲ့ ရုပ်ရှင်ကတော့ ပြီးခဲ့တဲ့ ၁၉၉၀ ခုနှစ်မှာ ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင် "Pretty Woman"ပဲ ဖြစ်ပါတယ်။ အဲဒီရုပ်ရှင်ပြသခဲ့ချိန်မှာ ဂျူလီယာရောဘတ်ဟာ အသက် (၂၂) နှစ်အရွယ်သာ ရှိသေးပါတယ်။ ဒီလို ငယ်ရွယ်လှသေးကြွယ်နေတဲ့အချိန်မှာ "Pretty Woman" ရုပ်ရှင် အောင်မြင်မှုနဲ့အတူ ဂျူလီယာရောဘတ်ဟာလည်း နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်လာခဲ့ပြီး အဲဒီအချိန်ကစလို့ ဟောလိဝုဒ်ရုပ်ရှင်လောကမှာ ဂျူလီယာရောဘတ်ရဲ့ ကျော်ကြားမှုနဲ့နာမည်ဟာ ယနေ့အချိန်အထိ မှေးမှိန်ပျောက်ကွယ်ခဲ့ခြင်း မရှိ သေးပါဘူး။ ဒ့ါအပြင် ယင်းရုပ်ရှင်မှာ ချစ်စရာကောင်းပြီးထက်မြက်တဲ့ ဂျော်ဂျီယာပြည်နယ်သူလေးအဖြစ် ကြီးမားတဲ့အပြုံးတွေကို ပိုင်ဆိုင်ထားသူအဖြစ် ပါဝင်ထားတဲ့ ဂျူလီယာရောဘတ်ရဲ့ အပြုံးတွေဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် လတ်တလောမှာ (၂၇)နှစ် သက်တမ်းရှိနေပြီဖြစ်သည်အထိ ရုပ်ရှင်ကို အသက်ဝင်အောင်ပြုလုပ်ထား နိုင်ဆဲဖြစ်ပါတယ်။

"Pretty Woman"မှာ ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ဂျူလီယာရောဘတ်ဟာ ယင်းရုပ်ရှင်နဲ့ ဟောလိဝုဒ်ရဲ့ အထင်ကရ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးမှာ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ပါတယ်။ ဒ့ါအပြင် သူ့ကို အနုပညာလမ်းကြောင်းပေါ်မှာလည်း အထွတ်အထိပ်ကို ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ ရုပ်ရှင်အောင်မြင်မှုကြောင့် ဂျူလီယာရောဘတ်ဟာ ၁၉၉၀ ပြည့်နှစ်တွေအတွင်းမှာ ဟောလိဝုဒ်ရဲ့ အနုပညာကြေးအမြင့်ဆုံးသော အမျိုးသမီးသရုပ်ဆောင်တစ်ဦးအဖြစ်လည်း ရပ်တည်နိုင်ခဲ့ပါတယ်။ ဒ့ါအပြင် အဲဒီအချိန်အခါက ပရိသတ်တွေရဲ့အားပေးမှုကြောင့် ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ပေးဖို့ကမ်းလှမ်းလာမှုတွေကို အများဆုံးရရှိခဲ့တဲ့ မင်းသမီးတစ်လက်ဖြစ်ခဲ့ပြီး ရုပ်ရှင်ဈေးကွက်မှာ တောင်းဆိုမှုအများဆုံးရရှိခဲ့တဲ့ မင်းသမီးလည်းဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီလိုအောင်မြင်မှုတွေဟာ ဂျူလီယာရောဘတ်ခေတ်ကို စတင်ဖို့အတွက် ကနဦးခြေလှမ်းတွေဖြစ်ခဲ့တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

ဟောလိဝုဒ်မှာ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့တဲ့ သရုပ်ဆောင် ပေါင်းများစွာရှိခဲ့ပါတယ်။ သူတို့ရဲ့ ကျော်ကြားမှုတွေကြောင့် ပုံတူဖယောင်းရုပ်တုလုပ်ကာထားရှိခြင်းအပါအဝင် အမှတ်တရဂုဏ်ပြုမှုတွေကိုလည်း ကြယ်ပွင့်များစွာပိုင်ဆိုင်ခွင့်ရခဲ့ကြပါတယ်။ ဘယ်လိုကျော်ကြားတဲ့ သရုပ်ဆောင်မျိုးပဲဖြစ်ဖြစ် ကျော်လွှားလို့မရနိုင်တဲ့ အရာတစ်ခုကတော့ ဇရာပဲ ဖြစ်ပါတယ်။ အနုပညာရှင်တွေအတွက် အိုမင်းလာခြင်းဟာ ဘဝမှာအကြီးမားဆုံးသော အနှောင့်အယှက်တွေထဲက တစ်ခုပဲဖြစ်ပါတယ်။ ဒီအချက်ဟာ အမျိုးသားသရုပ်ဆောင်တွေထက် အမျိုးသမီးသရုပ်ဆောင်တွေမှာ ပိုမိုထင်ရှားတာအမှန်ပဲဖြစ်ပါတယ်။ ဒီလိုဇရာကို ကျော်လွှားကာ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တဲ့ အနုပညာရှင်ကတော့ အနည်းငယ်သာရှိခဲ့ပါတယ်။ အဲဒီအထဲမှာ မင်းသမီး ဂျူလီယာရောဘတ်ဟာလည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါတယ်။ ဒီလိုနုပျိုချောမောတဲ့ရုပ်ရည်ကို ပိုင်ဆိုင်ခွင့်ရထားခဲ့လို့လည်း ဂျူလီယာရောဘတ်အတွက် ယနေ့ထက်တိုင် ဟောလိဝုဒ်ရုပ်ရှင်လောကမှာ ရပ်တည်ဖို့ လွယ်ကူနေဆဲဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ လတ်တလောမှာ အသက် (၄၉) နှစ်ကျော်လို့ (၅၀)နားကပ်နေပြီဖြစ်တဲ့ ဂျူလီယာရောဘတ်ဟာ အမျိုးသမီးထုကြီးကို ဦးဆောင်ထားနိုင်ဆဲဖြစ်တာ တွေ့ရပါတယ်။ အကြောင်းကတော့ ဂျူလီယာရောဘတ်ဟာ ယခုနှစ်အတွက် ကမ္ဘာ့အလှဆုံး အမျိုးသမီးအဖြစ် ရွေးချယ်ဖော်ပြခြင်းခံခဲ့ရလို့ပဲဖြစ်ပါတယ်။ ထင်ရှားတဲ့ မဂ္ဂဇင်းကြီးတစ်ခုဖြစ်တဲ့ "People" က မကြာသေးမီက ကမ္ဘာ့အလှဆုံးအမျိုးသမီးကို ရွေးချယ်ခဲ့ရာမှာ ဂျူလီယာရောဘတ် အရွေးချယ်ခံခဲ့ရပါတယ်။ ကမ္ဘာတစ်ဝန်းက ပေးပို့ခဲ့တဲ့ မဲတွေနဲ့ ရွေးချယ်ခဲ့ရာမှာ ဂျူလီယာရောဘတ်က မဲအများဆုံးရရှိခဲ့တာကြောင့် ယခုနှစ်မှာတော့ ငါးကြိမ်မြောက် အလှဘုရင်မဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ဂျူလီယာရောဘတ်ဟာ ၂၀၁၇ ခုနှစ်မှာသာမက ပြီးခဲ့တဲ့ ၁၉၉၁ ခုနှစ်၊ ၂၀၀၀ ခုနှစ်၊ ၂၀၀၅ ခုနှစ်နဲ့ ၂၀၁၀ ခုနှစ်တွေမှာလည်း အလှဆုံးအမျိုးသမီးအဖြစ် ရွေးချယ်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။ ဒီလို ငါးကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့တဲ့အတွက်လည်း အလှဆုံးအမျိုးသမီးအဖြစ် အကြိမ်အများဆုံးဖော်ပြခြင်းခံခဲ့ရသူအဖြစ် စံချိန်သစ်တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ နှစ်တွေဆက်တိုက်မဟုတ်ဘဲ ၁၉၉၀ ပြည့်နှစ်အစပိုင်းမှ ၂၀၁၀ ပြည့်နှစ်နှောင်းပိုင်းတွေအထိ ကာလအတွင်း ငါးကြိမ်တိုင် အလှဘုရင်မဖြစ်ခွင့်ရခဲ့တဲ့ ဂျူလီယာရောဘတ်ဟာ ငယ်ရွယ်စဉ်မှာသာမက အသက်အရွယ်ရလာပြီးတဲ့နောက်ပိုင်းမှာလည်း လှပနေဆဲဖြစ်တယ်ဆိုတာကို ညွှန်းဆိုလို့နေပါတယ်။ ဒ့ါအပြင် ဒီလိုပရိသတ်တွေပေးခဲ့တဲ့ မဲအများဆုံးရခဲ့ခြင်းဟာ ယနေ့တိုင်အများကြားမှာ အကျော်ကြားဆုံးအဖြစ် ရှိနေဆဲဖြစ်ကြောင်းနဲ့ လက်ခံအားပေးနေတဲ့ ပရိသတ်အခိုင်အမာရှိနေဆဲဖြစ်တာကို ပြလိုက်ခြင်းဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

ဂျူလီယာရောဘတ်ရဲ့အပြုံးဟာ သူ့ကို ဆွဲဆောင်မှုရှိတဲ့ လှပတဲ့အမျိုးသမီးတစ်ဦးအဖြစ် ဖန်တီးပေးထားတဲ့ အဓိကအရာဖြစ်ပါတယ်။ သူ့ရဲ့အပြုံးဟာ တွေ့မြင်ရတဲ့သူတွေကိုပါ လိုက်ပါပြုံးစေနိုင်တဲ့ ညို့အားပြင်းတဲ့ အပြုံးမျိုးဖြစ်ပါတယ်။ ဂျူလီယာရောဘတ်ရဲ့အလှနဲ့ပတ်သက်ပြီး သူနဲ့အတူ "My Best Friends Weeding" ရုပ်ရှင်မှာ တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ ရူပရက်ထ်အဲဗားရက်ထ်က ၁၉၉၉ ခုနှစ်အတွင်းမှာ ထုတ်ဖော်ပြောကြားခဲ့တာ ရှိပါတယ်။ အဲဗားရက်ထ်က "ဂျူလီယာရောဘတ်ဟာ တကယ့်ကို အမေရိကန်အလှမယ်ပါပဲ။ သူဟာ လူတွေက အလှဆုံးသော အမေရိကန်အမျိုးသမီးတစ်ယောက်မှာ ရှိနေစေချင်တဲ့အရာတွေအားလုံးကို သူပိုင်ဆိုင်ထားတယ်လေ" လို့မီဒီယာတွေကို ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

ဂျူလီယာရောဘတ်ကတော့ ပြီးခဲ့တဲ့ တစ်နှစ်ခန့်က သူ့ရဲ့အလှအပထိန်းသိမ်းပုံနဲ့ပတ်သက်ပြီး "InStyle" မဂ္ဂဇင်းကြီးကို ဖွင့်ဟခဲ့တာကတော့ နေရောင်အောက်ကိုသွားပါက ကိုယ့်ကို အကာအကွယ်ပေးနိုင်မယ့်အရာတွေကို အသုံးပြုသင့်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် ဂျူလီယာက အခြားအရေးကြီးတာကတော့ ကိုယ့်ကိုချစ်မြတ်နိုးပြီး ကိုယ့်ကို အထောက်အပံ့ပေးနိုင်တဲ့ ပတ်ဝန်းကျင်မှာသာ နေထိုင်သင့်ကြောင်းနဲ့ ဘဝမှာတွေ့ကြုံလာရသမျှကို ကိုယ်လုပ်နိုင်သမျှအကောင်းဆုံး လုပ်ဆောင်သင့်ကြောင်း၊ ဒါတွေဟာလည်း လူတိုင်းလုပ်နိုင်တဲ့အရာတွေဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

အလှအပတစ်ခုတည်းနဲ့ ရပ်တည်နေတဲ့ အနုပညာရှင်တစ်ဦးရယ်လားလို့ ဂျူလီယာရောဘတ်အတွက် မေးခွန်းထုတ်လာမယ်ဆိုရင်တော့ မဟုတ်ဘူးလို့ဖြေရမှာပဲ ဖြစ်ပါတယ်။ ဂျူလီယာရောဘတ်ဟာ သူပါဝင်ခွင့်ရခဲ့တဲ့ ဇာတ်ကောင်တိုင်းကို ပီပြင်အောင်ကြိုးစားသရုပ်ဆောင်သွားတာ တွေ့ရပါတယ်။ ဒါ့ကြောင့် အော်စကာဆန်ခါတင်စာရင်းမှာလည်း ပါဝင်ခွင့်ရခဲ့ကာ ပြီးခဲ့တဲ့ ၂၀၀၁ ခုနှစ်အတွင်းမှာတော့ သူ့အတွက်ပထမဆုံးသော အော်စကာဆုဖြစ်တဲ့ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို "Erin Brockovich" ရုပ်ရှင်နဲ့ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင်သူဟာ အော်စကာဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းမှာ လေးကြိမ်တိုင်တိုင်ပါဝင်ခွင့်ရခဲ့ကြောင်းလည်း သိရပါတယ်။

ဂျူလီယာရောဘတ်ဟာ အနုပညာလောကမှာတော့ ရှာမှရှားတဲ့ အနုပညာရှင်တစ်ဦးလို့ဆိုရမှာ ဖြစ်ပါတယ်။ သူ့ရဲ့အောင်မြင်မှုတွေဟာ ဘယ်တော့မှ မှေးမှိန်မသွားတာကို တွေ့ရပါတယ်။ ဒါပေမယ့် သူဟာ ရုပ်ရှင်တွေမှာ ပါဝင်သရုပ် ဆောင်ခွင့်ရဖို့ အတွက် ဇာတ်ကောင်တွေကို အထူးတလည် ရွေးချယ်တတ်သူတော့ မဟုတ်ပါဘူး။ အဓိကဇာတ်ဆောင်အဖြစ် မဟုတ်ဘဲ မိခင်အခန်းတွေမှာတောင် ဇာတ်ပို့အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် သူဟာ ရုပ်ရှင်တစ်ကားအတွက် အနုပညာကြေး အမေရိကန်ဒေါ်လာသန်း ၂၀ တောင် ပြည့်အောင် အမြဲမရခဲ့ပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်က ထုတ်ပြန်ခဲ့တဲ့ ဖော်ဘီဒေ့ါကွန်းက ရွေးချယ်ပေ ခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွက် ဝင်ငွေအကောင်းဆုံး သော အမျိုးသမီးသရုပ်ဆောင်များ စာရင်းမှာ ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၂ သန်းရရှိခဲ့တဲ့ ဂျူလီယာရောဘတ်က နံပါတ် ရှစ်နေရာမှာ ရပ်တည်နိုင်ဆဲ ဖြစ်တာကို တွေ့ခဲ့ရတာကြောင့် ထိပ်တန်း ၁၀ ဦး စာရင်းဝင်နေဆဲ ဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်တွေအတွင်းမှာ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပြီး ယနေ့ခေတ်အထိ ဆယ်စုနှစ်သုံးစုတိုင်တိုင် ဝင်ငွေအရ ထိပ်တန်းမှာ ရပ်တည် နိုင်ခဲ့တဲ့ မင်းသမီးတစ်လက်ဖြစ်ပါတယ်။

ပုဂ္ဂိုလ်ရေးဆိုင်ရာပြဿနာတွေနဲ့ပတ်သက်ပြီး နာမည်ပျက်စေတဲ့သတင်းတွေ များများပြားပြား ပေါ်ထွက်ခဲ့ခြင်းမရှိတာကလည်း သူ့ရဲ့အနုပညာခရီးကို ထွန်းတောက်နေစေခဲ့တာဖြစ်ပါတယ်။ သူစတင်ကျော်ကြားခဲ့တဲ့အချိန်တွေတုန်းက အွန်လိုင်းမီဒီယာတွေ ကျယ်ပြန့်ခဲ့ခြင်း မရှိသေးတာကြောင့်လည်း ဖြစ်ပါတယ်။ ဂျူလီယာဟာ တစ်သက်တာမှာ လက်ထပ်ခဲ့တဲ့ ခင်ပွန်းနှစ်ဦးရှိခဲ့ပြီး လက်ရှိမှာတော့ ကလေးသုံးဦးရဲ့မိခင်လည်း ဖြစ်ပါတယ်။

ယခုနှစ်ရဲ့ အလှဘုရင်မအဖြစ် ရွေးချယ်ခံထားရတဲ့ မင်းသမီး ဂျူလီယာရောဘတ်ဟာ သူ့ရဲ့တောက်ပလွန်းတဲ့ အလှအပနဲ့ပတ်သက်ပြီးရော အနုပညာအရည်အချင်းတွေကြောင့်ပါ ယနေ့တိုင် ဟောလိဝုဒ်ရဲ့ အကျော်ကြားဆုံးသော မင်းသမီးတစ်လက်အဖြစ် ရပ်တည်နေနိုင်တဲ့အတွက်လည်း အမြဲလင်းလက်နေတဲ့ ကြယ်ပွင့်တစ်ပွင့်အဖြစ် တင်စားလိုက်ရခြင်းလည်း ဖြစ်ပါတယ်။

❖ ❖ ❖

# မေ ၂၀ ရက်က ရေပူဂိတ်နှင့် မရမ်းချောင် စစ်ဆေးရေးဂိတ်တို့မှ တရားမဝင်ကုန်စည် ခန့်မှန်းတန်ဖိုးကျပ်သန်း ၂၆၀ ကျော်ခန့် သိမ်းဆည်းနိုင်ခဲ့




**ရန်ကုန် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်း ကုန်သွယ်မှုလမ်းကြောင်းတွင် ရေပူအမြဲတမ်းစစ်ဆေးရေးဂိတ်နှင့် မြန်မာနိုင်ငံ အောက်ပိုင်း ကုန်သွယ်မှုလမ်းကြောင်းတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့မှ ဌာနဆိုင်ရာ ပူးပေါင်း အဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်က အဆိုပါ ဂိတ်စခန်းတို့မှ တရားမဝင်ကုန်သွယ်မှုများကို တားဆီးနိုင်ခဲ့ပြီး ခန့်မှန်းတန်ဖိုး ကျပ်သန်း ၂၆၀ ကျော်ခန့်ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မေ ၂၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၇ စီး၊ သွင်းကုန် ၃၇၅ စီးရှိခဲ့ပြီး မြဝတီ-ရန်ကုန် လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၈၆ စီး ကုန်စည်များ သယ်ဆောင်ဖြတ်သန်းလျက်ရှိရာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်သွယ်မှုများ တားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုး ကျပ် ၁၄၉ ဒသမ ၃၆၇၆ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတွင် တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၁၉ ဒသမ ၈၄၉ သန်းခန့်) စုစုပေါင်း ၂၁ မှု (ခန့်မှန်း တန်ဖိုး ကျပ် ၂၆၉ ဒသမ ၂၁၆၆ သန်းခန့်)သိမ်းဆည်းရမိခဲ့ ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးသိမ်းဆည်းခဲ့ရာတွင် ထူးခြား သိမ်းဆည်းမှုအနေဖြင့် ကျိုက်ထိုမြို့ မိုင်တိုင်အမှတ် (၁၂၄) အနီး၌ ၁၂ ဘီးယာဉ် သုံးစီးအား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းရရှိ၍ ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Beer Chang (330 ml) (1x24Can)(5250 Pkgs)၊ Cheers Beer (330 ml) (1x24 Can) (450 Pkgs) နှင့် သယ်ဆောင်လာသည့် ယာဉ်သုံးစီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၁၁၉ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**

# ကျေးရွာတောအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြား သိမ်းဆည်းရမိ

**ဗန်းမော် မေ ၂၁**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မလူလာကျေးရွာတောအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲရန် နှင့်ပြန်လည်ရောင်းချရန် ပြင်ဆင်ထားသော ဆေးပြား ၉၅ ပြား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်မူးယစ်တပ်ဖွဲ့စု (၁)မှ ရဲတပ်ကြပ်ကြီး ဇော်ဝင်းအောင် ဦးစီးသော တပ်ဖွဲ့ဝင်လေးဦးနှင့် မလူလာကျေးရွာဆယ်အိမ်မှူး ဦးသက်လှိုင်တို့အဖွဲ့သည် မေ ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ဗန်းမော်မြို့နယ် မလူလာကျေးရွာ၏ တောင်ဘက်တစ်ဖာလုံခန့်အကွာ မလူလာတောအတွင်း၌ မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ မောင်မောင်ချို(ခ)ဦးမောင် ဆိုသူအား တွေ့ရှိပြီး ၎င်း၏ ခန္ဓာကိုယ်အား စစ်ဆေးရှာဖွေရာ ဝဲဘက် လက်အတွင်း၌ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၁ ပြား (အလေးချိန် ၃ ဒသမ ၁ ဂရမ်ခန့်) ကို ဆုပ်ကိုင်လျက်တွေ့ရှိသိမ်းဆည်းရမိပြီး စစ်မေးရာ ၎င်း၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ ကျန်ရှိသေးကြောင်း ပြောပြသဖြင့် မွန်းလွဲ ၁၂ နာရီခွဲတွင် မောင်မောင်ချို(ခ) ဦးမောင်၏နေအိမ်သို့ မူးယစ်ဆေးဝါး ရှာဖွေခွင့်ဝရမ်းအမှတ်(၉/၂၀၁၇)ဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးရာ ၎င်းအိပ်သည့် အိပ်ရာဘေးမှ အမျိုးသမီးကိုင်အညိုရောင် ပိုက်ဆံအိတ်အတွင်းတွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၄ ပြား (အလေးချိန် ၆ ဒသမ ၄ ဂရမ်ခန့်) တွေ့ရှိ သိမ်းဆည်းရမိပြီး စုစုပေါင်းဆေးပြား ၉၅ ပြား (အလေးချိန် ၉ ဒသမ ၅ ဂရမ်ခန့်)ကို လက်ဝယ်တွေ့ရှိသူ မောင်မောင်ချို(ခ)ဦးမောင် (၄၆)နှစ် ဗန်းမော်မြို့နယ် မံရေးကျေးရွာနေသူအား ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**





# မင်းလှမြို့နယ် သက္ကယ်ကျင်းကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ပျက်စီး

**အထက်မင်းလှ မေ ၂၁**

သရက်ခရိုင် မင်းလှမြို့နယ် သက္ကယ်ကျင်းကျေးရွာတွင် ယနေ့မွန်းလွဲ ၂ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ပျဉ်ထောင်၊ သွပ်မိုး လေးပင်အိမ်နှစ်လုံးအမိုးလန်ခြင်း၊ ပျဉ်ထောင်၊ သွပ်မိုး လေးပင်အိမ်တစ်လုံးအမိုးပေါက်ခြင်း၊ သက်ငယ်မိုး၊ထရံကာသုံးပင်အိမ်ခြောက်လုံးအမိုးလန်ခဲ့ပြီး မောင်တင်မိုးဝင်းအသက်(၂၄)နှစ်သည် လေလွင့်သွပ်ဖြင့် နဖူးပြတ်ရှဒဏ်ရာ(မစိုးရိမ်ရ)ဖြင့် မကွေးတိုင်းပြည်သူ့ ဆေးရုံပြင်ပလူနာဌာနသို့ပို့ဆောင်ဆေးကုသလျက်ရှိသည်။ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စုကိုးစု၊ လူဦးရေ (၃၃) ဦးသဘာဝဘေးဒဏ်ခံခဲ့ရပြီး ၎င်းတို့၏ နေအိမ်များ၌ပင် ပြန်လည်ပြင်ဆင်နေထိုင်လျက်ရှိပြီး အခြားအခက်အခဲများမရှိကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# ရွှေကူမြို့နယ်၌ နွား ၂၇ ကောင် ပိုင်ရှင်မဲ့ တွေ့ရှိထိန်းသိမ်းထား

**ရွှေကူ မေ ၂၁**

ရွှေကူမြို့နယ် ဆင်တပ်ကျေးရွာအနီးတွင် နွားများသယ်ဆောင်လာကြောင်းသတင်းအရ မေ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရွှေကူမြို့မ ရဲစခန်းမှူး ဒုရဲမှူးမြင့်ဆွေ ဦးစီးကာ ရဲအုပ်ကျော်ကျော်သက်၊ ဒုရဲအုပ်မျိုးသူ အောင်နှင့် ရဲတပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးခဲ့ရာ ဆင်တပ်ကျေးရွာအနီး တစ်ဝိုက်၌ နွားထီးတစ်ကောင်၊ နွားမကြီး ၂၂ ကောင်၊ နွားထီးသေးတစ်ကောင်၊ နွားမသေးသုံးကောင် စုစုပေါင်း နွား ၂၇ ကောင် ပိုင်ရှင်မဲ့တွေ့ရှိခဲ့သည်။

အဆိုပါ ပိုင်ရှင်မဲ့တွေ့ရှိရသည့်နွားများကို ရွှေကူမြို့မရဲစခန်းသို့ သယ်ဆောင်ထိန်းသိမ်းထားရှိခဲ့ပြီး ပိုင်ရှင်စုံစမ်း၍ တရားဝင်လက်ဝယ်ထားရှိသယ်ဆောင်ခြင်းဟုတ်၊ မဟုတ် စိစစ်ကာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

၀

# တောင်ငူဆေးရုံတွင် အမျိုးသားလူနာတစ်ဦး ဓားဖြင့်ထိုးကာ သေဆုံး

**တောင်ငူ မေ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် အမျိုးသားလူနာတစ်ဦး မိမိကိုယ်ကိုဓားဖြင့်ထိုးကာသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် ညနေ ၄ နာရီခန့်က တောင်ငူမြို့ တောင်ငူ အထွေထွေရောဂါကုဆေးရုံကြီး ဖျားနာဆောင်အတွင်းရှိ တီဘီရောဂါလူနာထားခန်း၌ တီဘီရောဂါကုသမှုခံယူနေသူအမျိုးသားတစ်ဦးက မိမိကိုယ်ကို ဓားဖြင့်ထိုး၍ သေဆုံးမှုဖြစ်ပွားကြောင်းသတင်းအရ တောင်ငူမြို့မအမှတ် (၁) ရဲစခန်းမှူး ဒုရဲမှူး အောင်ဝင်းထွေးနှင့်တာဝန်မှူး၊ နယ်ထိန်းခေါင်းဆောင်တို့က သက်ဆိုင်ရာရပ်ကွက်တာဝန်ရှိသူများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ မေ ၃ ရက်မှစတင်၍ တီဘီရောဂါဖြင့် တောင်ငူပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသူ ဦးမောင်မြင့် (၃၉) နှစ် ရွှေမင်းဝံရွာ ဒိုးသောင် ကျေးရွာအုပ်စု ထန်းတပင်မြို့နယ်နေသူသည် မေ ၂၀ ရက် ညနေပိုင်းက ဖျားနာဆောင်အတွင်းရှိ တီဘီရောဂါကုလူနာထားခန်းအတွင်း၌ တစ်ဦးတည်းရှိနေခဲ့ကြောင်း၊ ထိုသို့ရှိနေစဉ် ယင်းနေ့ညနေ ၃ နာရီခန့်၌ အရိုးအသွား ရှစ်လက်မခန့်ရှိကော်ရိုးတပ် ကြက်သွန်လှီးဓားဖြင့် ၎င်း၏ ဝမ်းဗိုက်အား သုံးချက်ဆင့်ထိုးခဲ့ရာက ဦးမောင်မြင့်၏ဆီးခုံအထက်ဝမ်းဗိုက် အလယ်တည့်တည့်တစ်ဝိုက်၌ ဓားဒဏ်ရာများရရှိကာ တီဘီရောဂါကုလူနာထားခန်းကုတင်ပေါ်တွင်လဲကျနေခဲ့ကြောင်း၊ထိုသို့လဲကျနေစဉ် ဇနီးဖြစ်သူ မဖြူဝင်းကအပြင်သွားနေရာမှပြန်လာစဉ်တွေ့ရှိခဲ့ရပြီး တာဝန်ကျဆရာဝန်ထံ သွားရောက်သတင်းပို့ခဲ့ကြောင်း၊ ယင်းဓားဒဏ်ရာဖြင့် ညနေ ၃ နာရီခွဲခန့်တွင် သေဆုံးသွားခဲ့ခြင်းဖြစ် ကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊မဟုတ်စစ်ဆေးနိုင်ရန် ဒုရဲအုပ်ဟန်လင်းအောင်က တရားလိုပြုလုပ်အမှုဖွင့်တိုင်တန်းခဲ့ရာ တောင်ငူမြို့မအမှတ် (၁) ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၄/၂၀၁၇ ) ဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

■




# မန်ယူအသင်း ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲအဆင့် တက်လှမ်း

မန်ယူအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် အန်ဒါလက်ချ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲအကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။ မန်ယူအသင်းနှင့် အန်ဒါလက်ချ်အသင်းတို့၏ ဒုတိယအကျော့ပွဲစဉ်တွင် အမ်ခီတာယန်၏ သွင်းဂိုးဖြင့် ပွဲကစားချိန် ၁၀ မိနစ်တွင် မန်ယူအသင်းက ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၃၂ မိနစ်တွင် ချေပဂိုးပြန်လည်ခွင့်ပြုပေးလိုက်ရသည်။

ထို့ကြောင့် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပို မိနစ် ၃၀ ကစားခဲ့ရာတွင် ပွဲကစားချိန် ၁၀၇ မိနစ်တွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သွင်းယူခဲ့သည့် သွင်းဂိုးဖြင့် မန်ယူအသင်းက အန်ဒါလက်ချ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း၏ အဆိုပါနိုင်ပွဲကြောင့် နည်းပြမော်ရင်ဟိုအတွက် ယခုနှစ်ဘောလုံးရာသီ မန်ယူအသင်းနှင့်အတူ ခြောက်ပွဲအပါအဝင် ဥရောပပြိုင်ပွဲများ၌ နောက်ဆုံးအိမ်ကွင်းကိုးပွဲဆက်တိုက်အနိုင်ရရှိခဲ့သည့် မှတ်တမ်းတစ်ရပ်ကိုလည်း စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ အိုးထရက်ဖို့ဒ်၌ နောက်ဆုံး ၂၆ ပွဲဆက်တိုက်ရှုံးပွဲမရှိစံချိန်တင်ခဲ့ပြီး ၁၇ ပွဲနိုင် ကိုးပွဲသရေရလဒ်ထွက်ပေါ်ထားရာ ၂၀၁၁ ခုနှစ် အောက်တိုဘာလနောက်ပိုင်း အရှည်ကြာဆုံးသောရှုံးပွဲမရှိစံချိန်လည်းဖြစ်လာခဲ့သည်။

အန်ဒါလက်ချ်အသင်းမှာမူ အင်္ဂလန်အသင်းနှင့် ဆုံတွေ့ခဲ့သည့် အဝေးကွင်းပွဲစဉ် ၁၈ ပွဲတွင် တစ်ပွဲမှ အနိုင်ရရှိခဲ့ခြင်းမရှိခဲ့ပေ။ မန်ယူအသင်းနှင့် အန်ဒါလက်ချ်အသင်းတို့၏ ပွဲစဉ်တွင် မန်ယူအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် အမ်ခီတာယန်သည် ဥရောပပွဲစဉ်ခြောက်ပွဲတွင် ငါးဂိုးအထိသွင်းယူနိုင်ခဲ့သည့် ကစားသမားဖြစ်လာခဲ့သည်။

**(ငွေကြယ်)**





# ဘိုင်ယန်မြူးနစ်ဂိုးသမား နျူအာ ရာသီကုန်အထိ အနားယူရမည်

ဘိုင်ယန်မြူးနစ်အသင်း၏ ဂိုးသမား နျူအာသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ဘယ်ဘက်ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီကုန်သည်အထိ အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဂိုးသမားနျူအာသည် ရီးယဲလ်မက်ဒရစ်အသင်း၏ တိုက်စစ်မှူး စီရိုနယ်လ်ဒိုသွင်းယူခဲ့သည့် တတိယမြောက်ဂိုး သွင်းယူစဉ်အတွင်း ဘယ်ဘက်ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါရရှိခဲ့သည့် ဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီ၏ နောက်ဆုံးပွဲကစားမည့်အချိန်အထိ ပါဝင်လာနိုင်မည်မဟုတ်ကြောင်း ဂိုးသမားနျူအာက ဘိုင်ယန်မြူးနစ်အသင်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

နည်းပြအန်စလော့တီ၏ ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်လီဂါဖလားကို ငါးနှစ်ဆက်တိုက်ရယူဆွတ်ခူးရန် နီးစပ်မှုရှိနေခဲ့သော်လည်း ချန်ပီယံလိဂ်တွင်မူ ရီးယဲလ်မက်ဒရစ်အသင်းအား နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ကာ ကွာတားဖိုင်နယ်အဆင့်တွင် လက်ပြနှုတ်ဆက်ခဲ့ရသည်။

လက်ရှိတွင် ဘိုင်ယန်မြူးနစ်ဂိုးသမား နျူအာ ဒဏ်ရာပြဿနာကြောင့် အသင်းနှင့် ပါဝင်လာနိုင်မည်မဟုတ်သောကြောင့် ရာသီကုန်အထိ ကစားရမည့်လက်ကျန်ပွဲစဉ်များအတွက် နျူအာနေရာတွင် စတုဂတ်ဂိုးသမားဟောင်း ဆဗန်အာရီးချ်ကို အစားထိုးခေါ်ယူသွားဖွယ်ရှိကြောင်းလည်းသိရသည်။

**(ငွေကြယ်)**

# အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ် ခြောက်လကြာအနားယူရမည်

အမေရိကန်နိုင်ငံသား ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် နောက်ကျောနှင့် ခြေထောက်ဒဏ်ရာရရှိထားသဖြင့် ဆေးဝါးကုသမှုခံယူရမည်ဖြစ်သောကြောင့် ခြောက်လကြာအနားယူရမည်ဖြစ်ကြောင်း သိရသည်။

ဆုဖလား(၁၄)ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့သည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် ၁၉ လတာကာလအတွင်း ခွဲစိတ်ကုသမှု သုံးကြိမ်အထိ ပြုထားရပြီး ယခုတစ်ကြိမ်ထပ်မံဆေးဝါးကုသမှုခံယူရမည်ဖြစ်သောကြောင့် နွေရာသီကာလအတွင်း ကျင်းပမည့် အမေရိကန်အိုးပင်း၊ အိုးပင်းချန်ပီယံရှစ်နှင့် အမေရိကန်ပီဂျီအေပြိုင်ပွဲများနှင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်းသိရသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲလောကတွင် ကမ္ဘာ့နံပါတ်တစ်ကစားသမားအဖြစ် ရပ်တည်ခဲ့ဖူးသည့် တိုက်ဂါးဝုဒ်သည် နောက်ကျောကို နှစ်ကြိမ်တိုင်တိုင်ခွဲစိတ်မှု ၁၅ လကြာခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

တိုက်ဂါးဝုဒ်သည် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုဖလား ၁၄ ကြိမ်ရရှိခဲ့ရာ၌ ၂၀၀၈ ခုနှစ်အတွင်းက အမေရိကန်အိုးပင်းပြိုင်ပွဲမှ ရရှိခဲ့သည့်ဆုဖလားသည် နောက်ဆုံးဆုဖလားဖြစ်သည်။

**(ငွေကြယ်)**



# ဗြိတိန်အမြင့်ခုန်ကစားသမားဟောင်း မေဆန် ဆိုင်ကယ်မှောက်၍ သေဆုံး

ဗြိတိန်အိုလံပစ်အမြင့်ခုန်ငွေတံဆိပ်ဆုရှင် မေဆန်သည် ဂျမေကာနိုင်ငံတွင် ဆိုင်ကယ်တိမ်းမှောက်ခဲ့ခြင်းကြောင့် သေဆုံးသွားခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်က ဖော်ပြထားသည်။

မေဆန်သည် ၎င်းသေဆုံးချိန်တွင် အသက်(၃၄)နှစ်အရွယ်သာရှိသေးပြီး ဂျမေကာနွယ်ဖွားအားကစားသမားတစ်ဦးလည်းဖြစ်သည်။ မေဆန်သည် ၂၀၀၆ ခုနှစ်က ဗြိတိန်ကိုယ်စားပြုကစားသမားတစ်ဦးအနေဖြင့် ပါဝင်ကစားခဲ့ရပြီး ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗြိတိန်အိုလံပစ်အမြင့်ခုန်အားကစားသမား မေဆန်သည် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲတွင် ဗြိတိန်၏ ပထမဆုံးသောဆုတံဆိပ်ကို ဆွတ်ခူးပေးနိုင်ခဲ့ပြီး ရုရှားအမြင့်ခုန်ကစားသမား အန်ဒရေးဆီလ်နော့ဗ်နောက်တွင် ဒုတိယနေရာဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်သည်။ ဧပြီ ၁၉ ရက် ဒေသစံတော်ချိန် ၄ နာရီ ၂၀ မိနစ်တွင် ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားကာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**



## အထက်မြန်မာပြည်

## သက်ကြီးဘိုးဘွားပူဇော်ကန်တော့၊ ခြေသည်းလက်သည်းသန့်ရှင်းရေးပြုလုပ်

**ပုသိမ်ကြီး မေ ၂၁**

ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု ရွေးစုကျေးရွာတွင် မေ ၁၉ ရက် နံနက် ၈ နာရီက ပထမအကြိမ် သက်ကြီးဘိုးဘွားပူဇော်ပွဲ အခမ်းအနားကို အဆိုပါကျေးရွာ ရွှေဟသ်ာကျောင်းတိုက်၌ ကျင်းပသည်။

အဘိုး ၁၂ ဦးနှင့် အဘွား ၂၀တို့အား အလှူငွေကျပ် ၁၀၀၀၀ နှင့်အတူ အဝတ်အစား၊ ဆေးပစ္စည်းများ လှူဒါန်းနိုင်ခဲ့သည်။ အဆိုပါကျေးရွာ လူငယ်မောင်မယ်လေးများက သက်ကြီးဘိုးဘွားများအား ခြေသည်း၊ လက်သည်း ညှပ်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဖြိုးဝေ (ဆင်တဲ၀)**

## ဆောမြို့နယ်တွင် ဥ(ပ်)ပူးချင်းစာပေသင်တန်းများဖွင့်လှစ်

**ဆော မေ ၂၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်၌ သင်ယူလိုသူတိုင်းသင်ယူနိုင်သည့် နွေရာသီ ဥ(ပ်)ပူးချင်း စာပေသင်တန်းကို မြို့နယ်၏ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဥ(ပ်)ပူးချင်း စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ ဆောမြို့နယ်အတွင်း နေရာ ငါးနေရာတို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ဆော၊ လောင်းရှည်၊ ယမ်းလယ်ကြီးအိုင့်၊ ပေါက်ပံ့ဆိုင်းစသည့် ရပ်ကွက်၊ ကျေးရွာတို့၌ သင်တန်းကျောင်းတစ်နေရာလျှင် သင်တန်းနည်းပြ ဆရာ ဆရာမ ခုနစ်ဦးတို့က သင်ကြားလျက်ရှိကြောင်းနှင့် သင်တန်းသား ၆၀ ကျော်တို့ တက်ရောက်လျက်ရှိပြီး သင်တန်းကို မေ ၂၀ ရက်မှ စတင်ကာ မေ ၁၁ ရက်ထိ တစ်ပြိုင်နက်တည်း ဖွင့်လှစ်ပို့ချကြောင်း အဆိုပါကော်မတီအတွင်းရေးမှူး ဦးခိုင်လိန်း၏ ပြောပြချက်အရ သိရသည်။ **(၄၆၅)**



## မြို့လှမြို့အတွင်းရှိကျေးရွာများသို့ကွင်းဆင်း၍ကျန်းမာရေးစောင့်ရှောက်

**ဗန်းမော် မေ ၂၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မြို့လှမြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာဇော်ဝင်းထွန်းနှင့် ဝန်ထမ်းများ၊ မင်းကျောင်းကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် မေ ၁၉ ရက်နှင့် မေ ၂၀ ရက်တို့တွင် မြို့လှမြို့အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုများကို မေ ၁၉ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ အုပ်ချီကျေးရွာရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သက်ကြီးရွယ်အို အဘိုးအဘွားများအပါအဝင် အမျိုးသား၊ အမျိုးသမီး ၆၀ တို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း၊ မေ ၂၀ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ မင်းကျောင်းကုန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် အခြေပြု၍ သက်ကြီးရွယ်အို အဘိုးအဘွားများအပါအဝင် အမျိုးသား၊ အမျိုးသမီး ၉၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



အဆိုပါအဖွဲ့သည် မြို့လှမြို့အတွင်းရှိ ကျေးရွာများသို့သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# ကျေးရွာငါးရွာရှိ ရေနစ်မြုပ်လယ်မြေများ ပြန်လည်ပြုပြင်

**ကလေး မေ ၂၁**

ပြန်လည်စိုက်ပျိုးရန် ခက်ခဲလျက်ရှိသော ကျေးရွာငါးရွာမှ လယ်မြေများအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စက်သုံးဆီပံ့ပိုးမှု၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးများဖြင့် လယ်မြေများ ပြန်လည်ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ၂၀၁၅ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး လယ်မြေများအတွင်းသို့ ရွှံ့ညွန်များ၊ သစ်တုံးများ၊ အမှိုက်များ ဖုံးလွှမ်းခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ရေကြီးနစ်မြုပ်ခဲ့တဲ့အတွက် ပျက်စီးသွားတဲ့ လယ်မြေတွေကို ပြန်လည်ပြုပြင်ပေးတာပါ၊ မြေညှိပေးတယ်။ လယ်ကန်သင်းတွေပြန်လည်ဖော်ပေးတယ်။ မြေညှိတာတွေကို ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနက ယာဉ်စက်ယန္တရားတွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ စက်သုံးဆီပံ့ပိုးမှုနဲ့ မတ် ၁ ရက်ကစပြီး ကျေးရွာငါးရွာက လယ်မြေတွေကို ပြန်လည်ပြုပြင်လုပ်ဆောင်ပေးနေတာပါ" ဟု တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စက်သုံးဆီပံ့ပိုးပေးမှု၊ တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက် ၃၆ စီးဖြင့် ကလေးမြို့နယ်အတွင်းရှိ ထိုမာကျေးရွာတွင် လယ် ၅၁၄ ဧက၊ ချင်းဆိုင်ကျေးရွာတွင် လယ် ၁၂၅ ဧက၊ ကြာအင်းကျေးရွာတွင် လယ် ၁၀၁ ဧက၊ ရေလဲဦးကျေးရွာတွင် လယ် ၇၉ ဧက၊ ပျဉ်းခုံကြီးကျေးရွာတွင် လယ် ၃၈၄ ဧက၊ ကျောင်းတိုက်ကျေးရွာတွင် လယ် ၇၂ ဧကတို့ကို ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



## မြန်မာ့စာတိုက်လုပ်ငန်းမှ ပြည်တွင်း၊ ပြည်ပ စာလက်ခံပေးပို့ခြင်းနှင့် ပစ္စည်း မှာယူခြင်း ဝန်ဆောင်မှုတိုးချဲ့ဆောင်ရွက်

**မန္တလေး မေ ၂၁**

မြန်မာ့စာတိုက်လုပ်ငန်းမန္တလေးစာတိုက်ကြီးမှ ပြည်တွင်းပြည်ပချောစာ၊ ချောထုတ်များလက်ခံပေးပို့ခြင်း၊ ဝေခြင်း၊ အမြန်ငွေပို့လွှာများ လက်ခံပေးပို့ခြင်းတို့ကို အထူးသက်သာသောနှုန်းထားဖြင့် အမြန်ဆုံးလုံခြုံစိတ်ချရသော လမ်းကြောင်းများအသုံးပြု၍ အကောင်းဆုံးဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့စာတိုက်လုပ်ငန်း မန္တလေးစာတိုက်ကြီး၏ ၂၀၁၇ ခုနှစ် အထူးဝန်ဆောင်မှုအဖြစ် ဒေသထွက်ကုန်များမှာယူပေးပို့ခြင်း (Hometown Product Deliver)ဝန်ဆောင်မှုအသစ်ကို မန္တလေးမြို့တွင် ငါးမြို့နယ်၊ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး မြို့ကြီးများ၊ ခရိုင်မြို့များတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေး ထွက်ကုန်ပစ္စည်းမှာယူလိုသူများသည် မန္တလေးစာတိုက်ကြီး ဖုန်း-၀၂၂၃၄၀၀၊ ၀၂၃၅၀၉၉ သို့ ဆက်သွယ်နိုင်ပြီး နေအိမ်သို့ ယနေ့ပို့ မနက်ဖြန်ရောက်၊ ရန်ကုန်နှင့် ကျန်တိုင်းဒေသကြီးမြို့များသို့ ယနေ့ပို့ သဘက်ခါရောက်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီး ပစ္စည်းများမှာယူခြင်းအတွက် ကျသင့်ငွေကို ကြိုတင်ပေးချေရန်မလိုအပ်ဘဲ ပစ္စည်းလက်ခံရရှိသည့်အခါမှသာ ပစ္စည်းတန်ဖိုးနှင့် အမြန်ချောပို့ခကိုပေးချေရမည်ဖြစ်သည်။

မန္တလေးမြို့မှ ဒေသထွက်ကုန် ထိုးမုန့်၊ ပဲလမုန့်၊ သကြားလမုန့်၊ လက်ဖက်၊ ဝက်အူချောင်း၊ သနပ်ခါးတို့ မှာယူနိုင်ပြီး ညောင်ဦးမှ ပုန်းရည်ကြီး၊ မြင်းခြံမှ ကုလားပဲမုန့်၊ သရက်သီးဆီစိမ်၊ ပေါက်ပေါက်ဆုပ်၊ ပျော်ဘွယ်မှမုန့်ကြွပ်၊ ရမည်းသင်းမှ မုန့်ဩဇာ၊ မိုးကုတ်မှ ကိုးကန့်လက်ဖက်ခြောက်နှင့် လက်ဖက်၊ ပြင်ဦးလွင်မှ မက်မန်းသီး၊ မက်မန်းတော်ဖီ၊ ဆားချိုသီးစသည့် ဒေသထွက်ကုန်များအား မှာယူနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မန်တုံမြို့တွင် မြို့နယ်အခြေပြု မူလတန်းအဆင့် ဆရာအတတ်ပညာသင်တန်းဖွင့်

**မန်တုံ မေ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်တွင် ဘက်စုံထူးချွန်သော နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာစေရန် အခြေခံကျသော မူလတန်းပညာရေးအတွက် အရေးကြီးသည့် မူလတန်းအခြေပြု ဆရာအတတ်ပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မန်တုံမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေလီခန်းမဆောင်၌ မေ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က သင်တန်းကာလတစ်လျှောက်လုံး ဌာနဆိုင်ရာများ အနေဖြင့် လိုအပ်သည့် အရာများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးကျော်ရွှေက သင်တန်းစည်းမျဉ်းစည်းကမ်းများ၊ ကဏ္ဍအလိုက်ဖွဲ့စည်းဆောင်ရွက်ထားသည့် ကော်မတီများ အကြောင်းနှင့် သင်တန်း၏ ရည်ရွယ်ချက်ဖြစ်သည့် ဆရာ ဆရာမများ ဘာသာရပ်များကို ကျွမ်းကျင်စွာ တတ်မြောက်စေရန်နှင့် သင်ကြား၊သင်ယူမှု စွမ်းရည်မြင့်မားစေရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော တပည့်ကောင်းများ ပေါ်ထွက်လာရေးအတွက်နှင့် နာသုံးနာ ပြည့်စုံသည့် ဆရာ ဆရာမကောင်းများ ပေါ်ထွန်းရေး၊ ပညာရေးကောလိပ် တက္ကသိုလ်ဆရာဖြစ်သင်တန်းများကို ချောမွေ့စွာ တက်ရောက်သင်ကြားနိုင်ရေးအတွက် မူလတန်းပြ ဆရာ၊ ဆရာမများအား ဆရာအတတ်ပညာများကို အခြေခံရရှိစေရေး စသည့်ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ နေ့စားလပေး မူလတန်းပြ ဆရာကိုးဦးနှင့် ဆရာမ ၉၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။

**စည်သူမောင်မောင်**

## အိမ်ခြံဝင်း အုတ်တိုင်ဟောင်းပြိုလဲ အသက်လေးနှစ်အရွယ် ကလေးတစ်ဦးသေဆုံး

**ဗန်းမော် မေ ၂၁**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မေ ၂၀ရက်က နေအိမ်ခြံဝင်း အုတ်တိုင်ဟောင်းပြိုကျ၍ အသက်လေးနှစ်အရွယ် ကလေးတစ်ဦးသေဆုံးကာ ကလေးငယ်နှစ်ဦး ပြင်းထန်ဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၀ရက် ညနေ ၃နာရီက ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်အတွင်း မအေးလင်း (လေးနှစ်)၊ မဘောက်ဆိုင်းရာ (ခြောက်နှစ်)နှင့် မလွင်လွင်ဌေး (ခုနစ်နှစ်) တို့သုံးဦးသည် ပေါက်ကုန်းရပ်ကွက်ရှိ ဒေါ်ခင်စိန်၏ နေအိမ်ခြံဝင်းတံခါးအား ခိုစီးဆော့ကစားနေစဉ် တံခါးနှင့်တွဲလျက် တည်ရှိသည့် နှစ်ပေပတ်လည် အမြင့်ခြောက်ပေခွဲခန့်ရှိ အုတ်တိုင်ပြိုလဲကာ မအေးလင်း၏ ဦးခေါင်းအားဖိမိကာ နေရာတွင် ဦးခေါင်းပြင်းထန်ဒဏ်ရာရ၍ သေဆုံးသွားခဲ့ပြီး ၎င်းနှင့်အတူ ဆော့ကစားသည့် မလွင်လွင်ဌေးနှင့် မဘောက်ဆိုင်းရာတို့ နှစ်ဦးမှာ ဦးခေါင်း၌ ဒဏ်ရာအနည်းငယ်စီရရှိခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**



## မြောက်ဦးမြို့၌ သျှစ်သောင်း၊ ထုက္ကန်၊ အံ့တော်သိမ်ဘုရားများ ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

**မြောက်ဦး မေ ၂၁**
ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ (၈၉) ကြိမ်မြောက် သျှစ်သောင်း၊ ထုက္ကန်၊ အံ့တော်သိမ်ဘုရားများ ဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၈ ရက်မှ ၁၄ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလတွင် ပဋ္ဌာန်းတရားပွဲ၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ရခိုင်ရိုးရာလောင်း(လှေ)ပြိုင်ပွဲ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ရခိုင်ရိုးရာယဉ်ကျေးမှုဇာတ်နှင့် ရတနာသန်းအောင် အဆင့်မြင့်ဇာတ်သဘင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့က ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ရေးမြို့နယ်တွင် သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှု ယခင်နှစ်ထက် လျော့နည်း

**ရေး မေ ၂၁**
မွန်ပြည်နယ် ရေးမြို့နယ်တွင် သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုမှာ ယခင်နှစ်ထက် ဖြစ်ပွားမှုက လျော့နည်းလျက်ရှိကာ ရေကစားကြသူပြည်သူများမှာလည်း စိတ်အေးချမ်းစွာ ရေကစားနိုင်ခဲ့ကြသည်ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော်က ပြောသည်။

"အခုလို ရွှေ့ပြောင်းရေလုပ်သား အများဆုံးအခြေပြုနေထိုင်တဲ့ အစင်၊ ဇီးဖြူသောင်ကျေးရွာတို့မှာ ရှိနေတဲ့ ရေလုပ်သားတွေကို သင်္ကြန်ကာလ မရောက်မီက မှုခင်းအသိပညာပေးဟောပြောမှုတွေကြောင့် ခိုက်ရန်ဖြစ်ပွားမှု မရှိတဲ့အပြင် မူးယစ်ဆေးဝါးနဲ့ လိုင်စင်မဲ့အရက်ကိုလည်း အချိန်မီဖမ်းဆီးအရေးယူမှုတွေကြောင့် အရင်နှစ်လောက် မှုခင်းက မဖြစ်ပွားခဲ့ဘူး" ဟု ရဲမှူးမြင့်သော်က ဆက်လက်ပြောကြားသည်။

ရေးမြို့နယ်အတွင်း လိုင်စိတ်ကြွဆေးရောင်းချခြင်းမရှိစေရေး ရှောင်တခင်စစ်ဆေးမှု ပြုလုပ်ခြင်းကြောင့် မလိုလားအပ်သည့် မှုခင်းဖြစ်ပွားခြင်း မရှိခဲ့သည့်အပြင် အသံဆူညံဆိုင်ကယ်အိတ်ဇောတပ်ဆင်မောင်းနှင်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကိုလည်း အရှိန်မြှင့်၍ ကြိုတင်လုပ်ဆောင်ခဲ့သဖြင့် ယာဉ်တိုက်မှုနှင့် ထိခိုက်သေဆုံးဒဏ်ရာရရှိသူ မရှိခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**



# ကော့သောင်းမြို့တွင် ခရမ်းလွန်ရောင်ခြည်မြင့်တက်မှု သိသာစွာ ခံစားလာရ

**ကော့သောင်း မေ ၂၁**
ကမ္ဘာကြီး၏ ဂေဟစနစ်ပျက်ယွင်းလာမှု၊ သဘာဝ သစ်တောများ ပြုန်းတီးလာမှု၊ စက်ရုံအလုပ်ရုံများစွာ၏ ဘေးထွက်ဆိုးကျိုးများစသည့် လူသားတို့၏ ပယောဂအကြောင်းတရားများစွာကြောင့် အိုဇုန်းလွှာ ပျက်စီးလာမှုနှင့်အတူ ခရမ်းလွန်ရောင်ခြည်မြင့်တက်လာမှုများကြောင့် လူသားတို့အပေါ် ဆိုးကျိုးအမျိုးမျိုး သက်ရောက်မှုအဖြစ် အီကွေတာနှင့် နီးကပ်စွာတည်ရှိသည့် မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့တွင် ၂၀၁၇ ခုနှစ် ဧပြီလတတိယပတ်အတွင်း ယခင်နှစ်များနှင့်မတူ လွန်ကဲသည့်အပူဒဏ်ကို မြို့နေပြည်သူများ ခံစားနေရကြောင်း သိရသည်။

ဧပြီလတွင် မြန်မာနိုင်ငံအတွင်း ကျရောက်သည့် ခရမ်းလွန်ရောင်ခြည်သည် အမြင့်မားဆုံးအနေအထား ဖြစ်လျက်ရှိရာ ကော့သောင်းမြို့၏ အပူချိန်မှာ ယခင်နှစ်များထက် ပိုမိုပူပြင်းမှုခံစားနေရကြောင်း မြို့ခံပြည်သူများ၏ စကားသံများကြားရသည်။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း (၈) ၏ အထက်ကိုကျော်လွန်လာပါက လူသားများအတွက် ကျန်းမာရေးအန္တရာယ်များဖြစ်သည့် အသားနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ မျက်စိအမြင်အာရုံထိခိုက်ခြင်း၊ DNA များထိခိုက်မှုကြောင့် သားသမီးမရနိုင်ခြင်းစသည့် အန္တရာယ်များကျရောက်နိုင်သဖြင့် ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များအဖြစ် နေပူအတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ သွားလာခြင်းအား ရှောင်ကြဉ်ရေး၊ ပြည်သူများ စားဝတ်နေရေးအလို့ငှာ နေရောင်ခြည်အတွင်း သွားလာရမည်ဆိုပါက SPF ၁၅+ ရောင်ခြည်ကာကွယ်လိမ်းဆေးများ အသုံးပြုသွားလာကြရေး၊ ခန္ဓာကိုယ်အား လုံခြုံသည့် အဝတ်အစား၊



ဦးထုပ်၊ ထီး စသည်များဖြင့် ကာကွယ်သွားလာကြရေး၊ ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်များ တပ်ဆင်သွားလာကြရေး၊ ကလေးငယ်များမှာ လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ဆိုးကျိုးကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် ကလေးငယ်များအား သတိပြုထိန်းကျောင်းကြရေး ဒေသတာဝန်ရှိအဖွဲ့အစည်းများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ မြို့နေပြည်သူများသို့ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်းပြန်/ဆက်)**

## မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ခရမ်း မေ ၂၁**
ပြည်သူများ မှုခင်းအသိပညာပြန့်ပွား၍ ဒုစရိုက်မှုများကင်းစင်ပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်စေရေးအတွက် မှုခင်းအသိပညာပေးဟောပြောပွဲများကို လှည့်လည်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက် ည ၇ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ခရမ်းမြို့မရဲစခန်းမှူး ဒု-ရဲမှူးမြင့်နိုင်နှင့် နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒု-ရဲအုပ် အောင်ကိုဟိန်းနှင့် တပ်ဖွဲ့ဝင်များက ပြည်သူများအား သက်ငယ်မုဒိမ်းမှုနှင့် မုဒိမ်းမှုများ မဖြစ်ပွားရေး၊ လူကုန်ကူးမှုနှင့် အခြားရာဇဝတ်မှုများဖြစ်ပွားမှု ကင်းစင်ရေး၊ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်စနစ်နှင့် ပြည်သူများမှဆောင်ရွက်ရမည့်နည်းစနစ်များ၊ ဒုစရိုက်မှုကာကွယ်ရေးအသိပညာများ၊ မှုခင်းဖြစ်စဉ်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေး ဟောပြော၍လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲသို့ အမှတ်(၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများတက်ရောက်ခဲ့ကြသည်။

**ကိုမင်း (ခရမ်း)**

## တိုင်းဒေသကြီးဝန်ကြီး နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့ ပြည်သူများနှင့် တွေ့ဆုံ

**ကော့သောင်း မေ ၂၁**
တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်းတို့သည် ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်ပြည်သူများနှင့် ဧပြီ ၁၉ ရက် ညပိုင်းက အဆိုပါရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့ဆက်လုပ်ဆောင်မည့်ကဏ္ဍများ ရှင်းလင်းပြောကြားပြီး လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးကိစ္စ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများအား ဒေသပြည်သူများသို့ အသိပေးပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်းက တိုင်းဒေသကြီး လွှတ်တော်အတွေ့အကြုံများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရပ်ကွက်ပြည်သူများက ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးကိစ္စများ၊ သောက်ရေသုံးရေရရှိရေး၊ အခွန်အခကောက်ခံမှုကိစ္စများနှင့် အခြားသိလိုသည့်ကိစ္စများအား မေးမြန်းဆွေးနွေးတင်ပြကြရာ ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကျင်းပ

**ပုဇွန်တောင် မေ ၂၁**
တတိယအကြိမ် ပုဇွန်တောင်မြို့နယ်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီခွဲက ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ရွှေဘုန်းပွင့်စေတီတော်ရှိ သာသနာ့ဇောတိကမ္မောရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရွှေဘုန်းပွင့်စေတီတော် ဂေါပကဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ သက်ကြီးဘိုးဘွားများအား ကန်တော့ချီးဖြင့် ကန်တော့ခြင်း၊ ဂါရဝပစ္စည်းများဖြင့် ကန်တော့ခြင်းနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ ကန်တော့ခံ အဘိုး၊ အဘွား ၁၅၇ ဦး တက်ရောက်ခဲ့ကြပြီး အဘွားဒေါ်နှင်းညွန့်က "အဘွား အခုဆိုရင် အသက်(၉၅)နှစ်ရှိပါပြီ။ ဆေးဆိုလို့ အားဆေးတစ်ခုလောက်ပဲသောက်ရတယ်။ နှလုံး၊ သွေးတိုး၊ ဆီးချိုဘာရောဂါမှမရှိဘူး၊ အဘွားက မနက်အိပ်ရာထလို့ မျက်နှာသစ်ရင် သရဏဂုံတည်ပြီးမှ မျက်နှာသစ်တယ်၊ အဲဒီလို နေ့စဉ်နေ့တိုင်းပြုလုပ်တဲ့အတွက် တစ်နေ့တာလုံးလည်း စိတ်ရော၊ ရုပ်ရောကြည်လင်ရွှင်လန်းနေတယ်။ ငါ့သားငါ့သမီးတွေကိုလည်း အဘွားလိုပဲ မနက် အိပ်ရာထလို့ မျက်နှာသစ်ရင် သရဏဂုံသုံးပါးကို အာရုံပြုပြီး မျက်နှာသစ်ရင်း မေတ္တာပို့စေချင်ပါတယ်" ဟု အဘွားက ဩဝါဒစကား ပြောကြားသည်။

**အေးမင်းသူ**

## ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ကော့သောင်း ဧပြီ ၂၁**

ကျေးရွာစာကြည့်တိုက် (၇)နှစ်ပြည့်အထိမ်းအမှတ်နှင့် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု အောင်ဘာစံပြကျေးရွာရှိ ဘ၀မီးအိမ် ကျေးရွာစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားတွင် ကော့သောင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးကျော်သက်ဦးက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြန်ကြားရေး၀န်ကြီးဌာနမှ နိုင်ငံနှင့် တစ်၀န်းပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများအား ပြောကြားသည်။ ဆက်လက်၍ စာကြည့်တိုက်ကော်မတီ ကျေးရွာပရဟိတအသင်းမှ ဒေါ်အုန်းမြက ကျေးဇူးတင်စကားပြောကြားပြီး အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဦးအာစရက စာပေမှရရှိနိုင်သည့်အသိအလိမ္မာ၊ ဗဟုသုတနှင့် ဘ၀တိုးတက်မြင့်မားရေးနည်းလမ်းများ၊ ကျေးရွာစာကြည့်တိုက်ရေရှည်တည်တံ့ရေး မိန့်ကြားသည်။

အဆိုပါကျေးရွာစာကြည့်တိုက်အား စာပေချစ်မြတ်နိုးသည့် ကျေးရွာပြည်သူများ စုပေါင်းကာ ၂၀၁၀ ခုနှစ်ကတည်းက မြေစိုက်ထရံကာ၊ ဓနိမိုးအဆောက်အအုံငယ်ဖြင့် စတင်ဖွင့်လှစ် ထူထောင်ခဲ့ကြပြီး ယခုခုနစ်နှစ်ပြည့်မြောက်သည့်အချိန် ငွေကျပ်သိန်း ၁၇၀ ကျော် အကုန်အကျခံ၍ (၄၅ပေ× ၁၈ ပေ) အာစီ ကွန်ကရစ်တိုင်၊ အုတ်ကာ၊ သွပ်မိုးအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ရာ ကော့သောင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတရသစာအုပ်စာပေများ၊ စာကြည့်တိုက်ထိန်းသိမ်းနည်းပညာများအား ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်းသိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်သင်ကြား

**ဗန်းမော် ဧပြီ ၂၁**

ဗန်းမော်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ပြုလုပ်သည့် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်း (၂/၂၀၁၇)ကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက နမ့်ဖားရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ စတင်ဖွင့်လှစ်သင်ကြားသည်။

သင်တန်းတွင် မြို့နယ်ကြက်ခြေနီ ဒုတပ်ရင်းမှူး ဒေါ်အေးအေးတင့် ဦးစီး သော သင်တန်းနည်းပြရှစ်ဦးတို့ဖြင့် ကြက်ခြေနီလှုပ်ရှားမှုနှင့်အခြေခံမူခုနစ်ချက်၊ ရှေးဦးပြုစုခြင်း သဘောတရားနှင့် ရှေးဦးပြုစုသူ၏ တာ၀န်၀တ္တရားများ၊ ဒဏ်ရာများနှင့် သွေးယိုစီးခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တ၀ါများကိုက်ခြင်း၊ တုပ်ခြင်းနှင့် မြွေကိုက်ခြင်း၊ အရိုးအဆစ်နှင့် ကြွက်သားဒဏ်ရာများ၊ ကြပ်ထုပ်ထိုးခြင်း၊ ဆေးထည့်ခြင်းနှင့်ပတ်တီးစည်းခြင်း၊ ဦးခေါင်းတန်းနှင့် ကျောရိုးတန်းမဒဏ်ရာ၊ သတိလစ်ခြင်း၊ အရေးပေါ်ကလေးမီးဖွားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊ ကိုင်တွယ်ခြင်းနှင့် သယ်ယူခြင်း စသည့် ရှေးဦးပြုစုခြင်း အခြေခံသင်ခန်းစာများကို ဧပြီ ၂၀ ရက်မှ ၂၄ ရက်ထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**



## စပါးကိုစက်ဖြင့်တိုက်ရိုက်မျိုးစေ့ချစနစ်ကို သရုပ်ပြမှုများ စဉ်ဆက်မပြတ်ပြုလုပ်ပညာပေး

**မန္တလေး ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာ စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဧက ၂၀၀ ဖော်ထုတ်ရေးစီမံကိန်းအတွင်းရှိ လယ်မြေအချို့ကို စပါးမျိုးစေ့စက်ဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းကို သရုပ်ပြခဲ့သည်။ စပါးမျိုးစေ့ကို တိုက်ရိုက်အစေ့ချစိုက်ပျိုးမှုစနစ်တွင် လယ်တစ်ဧကလျှင် နာရီ၀က်ကျော်ကျော်နှင့် ပြီးသည်။

အမရပူရမြို့နယ် နွေစပါးစိုက်ပျိုးမှုတွင်လည်း တောင်သူပညာပေးအနေဖြင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို တစ်ဧကလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ စိုက်ပျိုးပေးလျက်ရှိသည်။ ယခင်က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပါက တစ်ဧကလျှင်ငွေကျပ် ၂၅၀၀၀ဖြင့် စိုက်ပျိုးပေးသည်။ နောက်ပိုင်းတွင် တောင်သူများကို သက်သာသောဈေးနှုန်းဖြင့် ၀န်ဆောင်မှုပေးကာ စိုက်ပျိုးပေးသွားရန် ရည်ရွယ်ထားသည်။ စပါးမျိုးစေ့တိုက်ရိုက်ချစနစ်သရုပ်ပြမှုနှင့် ပတ်သက်သည်များကို ဒေသခံတောင်သူများ သဘောကျနှစ်သက်ကြကြောင်း သိရသည်။

တောင်သူပညာပေးစိုက်ပျိုးမှုတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု ဒေါင်းရွှေးကွင်းတွင် လယ်ဧက ၂၀၀၊ မန်ကျည်းကိုင်းကျေးရွာတွင်လယ်ဧက ၂၀၀၊ မတ္တရာမြို့နယ် မွေပုံကန်ကျေးရွာ၊ လက်ကောင်းကြီးကျေးရွာ မင်္ဂလာသီရိကွင်းတို့တွင် လယ်ဧက ၄၀၀၊ ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းရွာအုပ်စု နန်းဦးလွင်ကျေးရွာနှင့် မနောယျမကျေးရွာတို့တွင် လယ်ဧက ၂၀၀၊ ရမည်းသင်းတွင် လယ်ဧက ၁၀၀ ပညာပေး စိုက်ပျိုးလျက်ရှိသည်။

၂၀၁၆-၂၀၁၇ ခုနှစ် ဇူလိုင်လကုန်အထိ တစ်နိုင်ငံလုံးစက်မှုလယ်ယာစနစ်ကျ လယ်မြေပေါင်း ၇၇၂၇၅ ဧကရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ၅၀၅၁ ဧက ဖော်ထုတ်ပြီးစီးခဲ့သည်။

စက်မှုလယ်ယာ စက်စနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ရန်ပုံငွေများအကုန်ကျခံပြီး ဆောင်ရွက်ပေးပြီး ကောက်စိုက်စက်ဖြင့် ဈေးသက်သာစွာစိုက်ပျိုးပေးခြင်းနှင့် စပါးမျိုးစေ့ တိုက်ရိုက်ချသရုပ်ပြမှုကို ဒေသခံတောင်သူများ သဘောကျနှစ်သက်လျက်ရှိသည်။

**နွေနဒီ (မြစ်ငယ်)**

## ဘောလုံးအကယ်ဒမီနှင့် အား/ကာသိပ္ပံ သင်တန်းများအတွက် ပဏာမရွေးချယ်ခံထားရသော အားကစားသမားများအား လေ့ကျင့်ပေး



**မုံရွာ ဧပြီ ၂၁**

မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်း နေ့စဉ်နံနက် ၇ နာရီမှ ၉ နာရီထိ၊ ညနေ ၄ နာရီမှ ၅ နာရီခွဲထိ တစ်ရက်လျှင်နှစ်ကြိမ် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ်အားကစားမှူးများမှ ဘောလုံးအကယ်ဒမီနှင့် အား/ကာသိပ္ပံ သင်တန်းများအတွက် အသက် ၁၁ နှစ်အောက်နှင့် ၁၂ နှစ်အောက် သင်တန်းများအတွက် ပဏာမရွေးချယ်ထားသော သင်တန်းသားများအား သက်ဆိုင်ရာ အားကစားနည်းများနှင့် ကျန်းမာကြံ့ခိုင်ရေးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဖွင့်လှစ်ထားသည့် ဘောလုံးအကယ်ဒမီအတွက် လူရွေးချယ်ပွဲကို မုံရွာဇုန်အဖြစ် မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်း ဧပြီ ၁ ရက်တွင် ကျင်းပခဲ့ပြီး သင်တန်းသား ၁၇ ဦးအားလည်းကောင်း၊ မန္တလေးနှင့် မုံရွာမြို့ရှိ အား/ကာသိပ္ပံကျောင်းများအတွက် ဧပြီ ၈ ရက်တွင် ကျင်းပခဲ့ပြီး သင်တန်းသား/သူ ၃၈ ဦးကို ပဏာမရွေးချယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ပဏာမ ရွေးချယ်ခံထားရတဲ့ အားကစားသမားတွေကို သူတို့ပါ၀င်ရမယ့် အားကစားနည်းတွေရဲ့ အခြေခံတွေကို ပိုမိုကျေညက်စေဖို့နဲ့ ကျန်းမာကြံ့ခိုင်နေစေဖို့အတွက်ကို တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရဲ့ လမ်းညွှန်မှုအရထပ်ပြီး လေ့ကျင့်ပေးနေတာပါ၊ ဒါမှ နောက်ဆုံးဆန်ခါတင် လူရွေးပွဲမှာ အခက်အခဲမရှိစေဖို့အတွက် မီတာ(၁၀၀)၊ (၄၀၀)နဲ့ မီတာ (၈၀၀)အပြေး၊ အိပ်ထမတင်၊ ဒိုက်ထိုးခြင်းစတဲ့ ကြံ့ခိုင်ရေးတွေကို လေ့ကျင့်ပေးနေတာပါ" ဟု မုံရွာမြို့နယ်အားကစားမှူး ဦးမျိုးနိုင်က ပြောသည်။

ပဏာမအဖြစ် ရွေးချယ်ခံထားရသော ဘောလုံးအကယ်ဒမီသင်တန်းများအတွက် အသက် ၁၁ နှစ်အောက်ကို ရန်ကုန်အကယ်ဒမီနှင့် အသက် ၁၂ နှစ်အောက် ပုသိမ်အကယ်ဒမီ သင်တန်းများအတွက် ဆန်ကာတင်လူရွေးချယ်ခြင်းကိုမေ ၁ ရက်တွင် မန္တလေးနှင့် မေ ၅ ရက်တွင် ရန်ကုန်မြို့တို့၌လည်းကောင်း၊ မန္တလေး အား/ကာသိပ္ပံ ကျောင်းအတွက် ဆန်ခါတင်လူရွေးချယ်ခြင်းကို ဧပြီ ၂၄ နှင့် ၂၅ ရက်တို့တွင် မန္တလေး အား/ ကာသိပ္ပံကျောင်းတွင်လည်း ကောင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မန္တလေးဆိုင်ကယ်ဈေးကွက်အေးပြီး ဈေးနှုန်းတည်ငြိမ် ဝန်ထမ်းပေါင်းစုံအသင်းနှင့် ကုမ္ပဏီများမှ အရစ်ကျရောင်းချ

**မန္တလေး ဧပြီ ၂၁**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် သင်္ကြန်အပြီးကာလ အရောင်းအ၀ယ်များ အေးလျက်ရှိပြီး ဈေးနှုန်းများ တည်ငြိမ်နေသည်။ နောက်ဆုံး၀င်ရောက်သော မော်ဒယ်သစ်ဆိုင်ကယ်များအရောင်းအ၀ယ်သွက်လျက်ရှိသည်။ အော်တိုဂီယာ၊ ကလစ်ဆိုင်ကယ်များ၊ Scoopy ဆိုင်ကယ်များ၊ Finoဆိုင်ကယ်များ၊ အိန္ဒိယနိုင်ငံထုတ် အမျိုးသားစီး FZ ဆိုင်ကယ်များမှာ လူငယ်ကြိုက် အမျိုးအစားဖြစ်သောကြောင့် အရောင်းအ၀ယ်ကောင်းမွန်ကြောင်း မဟာအောင်မြေမြို့နယ် ၈၂ လမ်းနှင့် ၃၇ လမ်းထောင့် ဆိုင်ကယ်ဈေးကွက်မှသိရသည်။




မန္တလေးမြို့သို့ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ ဆိုင်ကယ်များ ၀င်ရောက်လျက်ရှိရာ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာ Click ဆိုင်ကယ်များမှာ ငွေကျပ် ၂၂ သိန်းခန့်၊ ထိုင်းတစ်ပတ်ရစ် Click ဆိုင်ကယ်များမှာ ငွေကျပ် ၁၅ သိန်းခန့်၊ Scoopy အမျိုးအစားဆိုင်ကယ်များမှာ ၁၆ သိန်းခန့်၊ အိန္ဒိယနိုင်ငံထုတ် TVS အမျိုးအစား Click ဆိုင်ကယ်များမှာ ငွေကျပ် ၁၂ သိန်းခန့်၊ အိန္ဒိယဒလက် ၁၁၀ စီစီ အကြမ်းခံဆိုင်ကယ်များမှာ ကျပ်ကိုးသိန်းခန့်၊ တရုတ်နိုင်ငံထုတ် Click ဆိုင်ကယ်များမှာ ကျပ်ရှစ်သိန်းခန့်၊ ၁၂၅ စီစီ ရုပ်ဆိုးဆိုင်ကယ်များမှာ ကျပ်ခြောက်သိန်းခန့်၊ စီဇက်အိုင်ဆိုင်ကယ်များမှာ ကျပ်လေးသိန်းခွဲခန့်ရှိသည်။

တရုတ်နိုင်ငံ နာမည်ကြီး လော့ဂျားဆိုင်ကယ်များလည်း ဈေးကွက်၀င်ရောက်ပြီး ကျပ်ခြောက်သိန်းခန့်ရှိသည်။ ဂျာလင်းဆိုင်ကယ်များလည်း ဈေးကွက်၀င်ရောက်ပြီး ကုမ္ပဏီများနှင့် မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့်လမ်း ၉၀ ထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အစိုးရ၀န်ထမ်းပေါင်းစုံ သမ၀ါယမအသင်းတို့မှ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံထုတ်ဆိုင်ကယ်များအား ၁၂ လ အရစ်ကျစနစ်ဖြင့် ၀န်ထမ်းများနှင့် ပြည်သူများအား ရောင်းချပေးသည်။

ဂျပန်နိုင်ငံမှလည်း ယာမဟာအမျိုးအစား အမျိုးသားစီးဆိုင်ကယ်များ၊ အီတလီနိုင်ငံမှ အမျိုးသားစီးဆိုင်ကယ်များ ၀င်ရောက်လျက်ရှိရာ ကျပ်သိန်း ၉၀ ၀န်းကျင်ရှိသဖြင့် အထက်တန်းလွှာလူငယ်များသာ ၀ယ်ယူနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# အနာဂတ် လေကြောင်းသွားလာမှုတွင် အသုံးဝင်လာမည့် လျှပ်စစ်လေယာဉ်နှင့် မိုးပျံကား

■ မောင်သာယာ

ယနေ့အချိန်တွင် လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးများသည် လျှပ်စစ်လေယာဉ်များ၊ ပုဂ္ဂလိကလေယာဉ်များနှင့်အတူ အနာဂတ် လေကြောင်းသွားလာမှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါ ကုမ္ပဏီများအနက် ဘိုးရင်းကုမ္ပဏီ သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဘိုးရင်းကုမ္ပဏီသည် မကြာသေးမီက ဇူနမ် အဲရို (Zunum Aero)တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သည်။ ဇူနမ်အဲရိုသည် စီးပွားဖြစ် လေကြောင်းလိုင်းများအတွက် လျှပ်စစ်လေ ယာဉ်တည်ဆောက်ရန် ကြိုးစားနေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

ဇူနမ်သည် အမေရိကန်နိုင်ငံ အနောက် မြောက်ပိုင်း ဝါရှင်တန်ပြည်နယ်တွင် အခြေ စိုက်သည်။ အချိန်တိုတို ကုန်ကျစရိတ် နည်းနည်းဖြင့် လေကြောင်းခရီးသွားလာနိုင် မည့် ပြောင်းလဲမှုပြုလုပ်နိုင်ရန် မျှော်လင့်လျက် ရှိသည်ဟု ဇူနမ်ကုမ္ပဏီက ပြောကြားသည်။

၂၀၂၀ ခုနှစ်ဝန်းကျင်တွင် အဆိုပါ ကုမ္ပဏီက ကီလိုမီတာ ၁၀၀၀ ကျော်ခရီးတိုများ တွင် လူ ၁၀ ဦးမှ ၁၅ ဦးအထိ လိုက်ပါစီးနင်း နိုင်မည့် လျှပ်စစ်လေယာဉ် ပြေးဆွဲပျံသန်းရန် စီစဉ်လျက်ရှိသည်။ အဆိုပါ ခရီးစဉ်များ အတွက် ကုန်ကျစရိတ်ကို ၂၅ ဒေါ်လာအောက် သာ ကျသင့်မည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံတွင် လေဆိပ် ၁၃၅၀၀ ကျော်ရှိပြီး လေကြောင်းသွားလာမှု အားလုံး၏ ၉၇ ရာခိုင်နှုန်းသည် အချက်အချာကျသည့် လေဆိပ်ကြီး ၁၄၀ တွင်သာ သွားလာ အသုံး ပြုလျက်ရှိသည်ဟု ဇူနမ်ကုမ္ပဏီက ၎င်း၏ ဝက်ဘ်ဆိုက်တွင် မှတ်ချက်ပြု ရေးသားဖော် ပြထားသည်။ လေဆိပ်သေးသေးလေးများမှ ခရီးသွားလာခြင်းအားဖြင့် ခရီးသည်များ အနေဖြင့် အချိန်ကုန်သက်သာခြင်းနှင့် လုံခြုံ ရေးအတွက် စစ်ဆေးခံရမှုများကို ရှောင်လွှဲ နိုင်မည်ဖြစ်သည်။

ဇူနမ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေ သည့် နောက်ထပ် လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီမှာ ဂျက်ဘလူး(JetBlue )ဖြစ်သည်။ ဇူနမ်ကုမ္ပဏီက ခေတ်သစ်လေကြောင်း သွားလာမှုပြိုင်ပွဲကို နည်းပညာသစ်ဖြင့် ပြောင်းလဲရန် ဆန္ဒရှိနေသည်ဟု ဂျက်ဘလူးက ပြောကြား သည်။ ခရီးသွားလာရေးအတွက် ပြောင်းလဲလာသည့် လူမှုပတ်ဝန်းကျင် အနေအထားနှင့် လိုက်လျောညီထွေရှိသည့် လေယာဉ်နည်း ပညာများတိုးတက်လာမှု အတွက် ဇူနမ်ကုမ္ပဏီကို ချီးကျူးခဲ့သည်။

ဇူနမ်ကုမ္ပဏီထုတ် လေယာဉ်များတွင် စွမ်းအင်ကို လေယာဉ်နောက်ပိုင်းရှိ အင်ဂျင် အကြီးနှစ်လုံးမှ ထောက်ပံ့ပေးသွားမည် ဖြစ်ပြီး စွမ်းအင်နှစ်မျိုးအသုံးပြုသွားမည်ဖြစ် သည်။ ဆိုလိုသည်မှာ ဘက်ထရီစွမ်းအင်ကို အဓိက အသုံးပြုသွားမည်ဖြစ်သော်လည်း လိုအပ်လျှင် လောင်စာဆီကိုလည်း အသုံးပြု မည်ဖြစ် သည်။



ဇူနမ် အဲရို (Zunum Aero)ကုမ္ပဏီမှ ထုတ်လုပ်သည့် လျှပ်စစ်လေယာဉ်များ။



အဲဘက်စ်(Airbus) ကုမ္ပဏီမှ ထုတ်လုပ်သည့် Pop Up လျှပ်စစ်ကား။

လေယာဉ်များ၏ အဓိကရည်ရွယ်ချက်မှာ လျှပ်စစ်စွမ်းအင်အပြည့်အဝအသုံးပြု ပျံသန်း ရန် ဖြစ်သည်။ သို့သော် ကျွမ်းကျင်သူများက ယင်းသို့ အသုံးပြုပျံသန်းနိုင်ရန်မှာ နှစ်များစွာ အချိန်ယူရဦးမည်ဟု ယုံကြည်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ဘက်ထရီနည်း ပညာက ခရီးဝေးပျံသန်းနိုင်ရန်အတွက် စွမ်းအင်ကိုအချိန်ကြာမြင့်စွာ ထောက်ပံ့ပေး နိုင်သော်လည်း ကြီးမားလေးလံသည့် လေယာဉ်ကိုယ်ထည်ကို သယ်ဆောင်နိုင်ရန် ထောက်ပံ့ပေးနိုင်ခြင်းမရှိသေးပေ။

ဥရောပအခြေစိုက် အဲဘက်စ်(Airbus) ကုမ္ပဏီသည်လည်း ခရီးတိုများအတွက် လျှပ်စစ်နှင့် စွမ်းအင်နှစ်မျိုးသုံး လေယာဉ်နည်း ပညာများတိုးတက်လာစေရန် ကြိုးပမ်းလျက် ရှိသည်။ ယင်းကုမ္ပဏီ၏ E-Fan စီမံကိန်း သည် လျှပ်စစ်နှင့် မောင်းနှင်သည့် အင်ဂျင် များ စမ်းသပ်လေ့လာလျက်ရှိသည်။ အဆိုပါ အင်ဂျင်များသည် ဟိုက်ဒရိုဂျင်လောင်စာကို သန့်စင်လောင်ကျွမ်းပြီး လျှပ်စစ်ဓာတ်အား အဖြစ် ပြောင်းလဲပေးနိုင်ဖွယ်ရှိသည်။

ယာဉ်သွားလာမှုရှုပ်ထွေးသည့် မြို့ကြီးများ၏ ကောင်းကင်တွင် လေကြောင်းတက္ကစီပြေးဆွဲ ပြီး လူများကို သယ်ယူပေးဆောင်နိုင်မည့် အစီအစဉ်တစ်ခုကို စမ်းသပ်ရန် အဲဘက်စ် ကုမ္ပဏီက ယခုနှစ်အစောပိုင်းတွင် ထုတ်ပြန် ကြေညာခဲ့သည်။ ဒူဘိုင်း၌ ယခုနှစ်အတွင်း မောင်းသူမဲ့လေကြောင်းတက္ကစီ စမ်းသပ် ပြေးဆွဲသွားဖွယ်ရှိကြောင်း ပြောကြားသည်။

အဲဘက်စ်ကုမ္ပဏီသည် အနာဂတ်တွင် ကိုယ်တိုင်မောင်းနှင်နိုင်မည့် ပုဂ္ဂလိက ပျံသန်း ရေးယာဉ်(မိုးပျံကား)များကို ထုတ်လုပ်သွား ရန်လည်း လုပ်ဆောင်လျက်ရှိသည်။ လွန်ခဲ့ သည့်လတွင် အဆိုပါကုမ္ပဏီက ဂျီနီဗာ မော်တော်ကားပြပွဲတွင် ၎င်းတို့၏ Pop Up ဟု ခေါ်သည့် ကားကို ပထမဆုံးအကြိမ် ပြသ ခဲ့သည်။ Pop Up လျှပ်စစ်ကားများသည် မြေပြင်နှင့် ဝေဟင်တွင် မောင်းနှင်း အသုံး ပြုနိုင်ရန် တီထွင်ဖန်တီးထားသည်။ အဲဘက်စ် အနေဖြင့် Pop Up လျှပ်စစ်ကားများကို စတင်ရောင်းချရန် အချိန်မည်မျှယူရမည်ကို အသေအချာမသိရှိသေးပေ။ သို့သော် ကုမ္ပဏီ တာဝန်ရှိသူများက ယင်းနည်းပညာကို ငါးနှစ်မှ ၁၀ နှစ်အတွင်း အသုံးပြုနိုင်ဖွယ်ရှိ သည်ဟု ပြောကြားသည်။

အခြားသောကုမ္ပဏီများက မကြာမီ မိုးပျံ ကားများထုတ်လုပ်ရောင်းချမည့် စီမံကိန်း များကို ထုတ်ပြန်ခဲ့ကြသည်။ ဆလိုဗက်ကီးယား အခြေစိုက် အဲရိုမိုဘိုင်း (AeroMobil ) ကုမ္ပဏီကလည်း နောက်ဆုံးပေါ် နည်းပညာ များဖြင့် ပြုလုပ်ထားသည့် မိုးပျံကားများကို ကမ္ဘာကို ချပြနိုင်ရေးအတွက် ယခုသီတင်းပတ် တွင် ပြပွဲပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်။

အဆိုပါ မိုးပျံကားများသည် လေယာဉ် အဖြစ်ရော ကားအဖြစ်ပါ အပြည့်အဝအသုံးချ နိုင်ရန် တီထွင်ထားခြင်းဖြစ်သည်။ တောင်ပံ များပါရှိမည်ဖြစ်ပြီး မြေပြင်တွင် မောင်းနှင် သည့်အခါ တောင်ပံများကို ခေါက်၍ သိမ်း ထားနိုင်မည်ဖြစ်သည်။ အဆိုပါမိုးပျံကား များကို မောင်းနှင်မည့်သူများအနေဖြင့် ကားမောင်းလိုင်စင်ရော လေယာဉ်မောင်း လိုင်စင်ပါ လိုအပ်မည်ဖြစ်သည်။

အဲရို မိုဘိုင်းကုမ္ပဏီက မိုးပျံကားများကို ပြင်သစ်နိုင်ငံ မိုနာကိုမြို့ ကားပြပွဲတွင် ပြသ လျက်ရှိသည်။ ရောင်းချမည့် နေ့ရက်နှင့် စျေးနှုန်းများ ထုတ်ပြန်ကြေညာထားခြင်းမရှိ သေးသော်လည်း ယခုနှစ်တွင် ကြိုတင်အမှာ စာများ ရရှိမည်ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

VOA

# ဒူဘိုင်းတွင် လေကြောင်းတက္ကစီ ပြေးဆွဲတော့မည်



ဒူဘိုင်းတွင် ပြေးဆွဲမည့် တရုတ်နိုင်ငံလုပ် EHang 184 ဒရုန်းလေယာဉ်။

■ အောဝမ်းစိုး

ဒူဘိုင်းမြို့တွင် တရုတ်နိုင်ငံလုပ် ဒရုန်းလေယာဉ်များဖြင့် လေကြောင်းတက္ကစီ ပြေးဆွဲမှု ဇူလိုင်လတွင် စတင်နိုင်ရန် စီစဉ်ထားကြောင်း ဒူဘိုင်းတာဝန်ရှိသူများက ပြောကြား သည်။

တရုတ်နိုင်ငံထုတ် EHang 184 ဒရုန်းလေယာဉ်သည် တောင်ပံ ပန်ကာလေးခုပါသည်။ အဆိုပါ ဒရုန်းသည် လူတစ်ဦး၊ လက်ဆွဲအိတ်သေးတစ်လုံးနှင့် အလေးချိန် ကီလိုဂရမ် ၁၀၀ အထိ သယ်ဆောင်နိုင်အောင် ပြုလုပ် ထားသည်။

လေကြောင်းတက္ကစီကို ဒူဘိုင်းမြို့တွင် စမ်းသပ်ခဲ့ပြီးဖြစ် ကြောင်းနှင့် ဇူလိုင်လတွင် ပုံမှန် ဝန်ဆောင်မှုစတင်ပေးနိုင် မည်ဟု မျှော်လင့်ကြောင်း ဒူဘိုင်းလမ်းပန်းဆက်သွယ်ရေး နှင့် ပို့ဆောင်ရေး တာဝန်ရှိသူက ပြောကြားသည်။

ဘဲဥပုံစံရှိ ဒရုန်းလေယာဉ်ငယ်သည် အမြန်ဆုံးနှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ အထိ ရောက်ရှိနိုင်သည်။ ကီလိုမီတာ ၅၀ နှုန်းဖြင့် ပျံသန်းမည်ဆိုလျှင် ဘက်ထရီ တစ်လုံး သည် မိနစ် ၃၀ ကြာအထိ အသုံးပြုနိုင်သည်။

လေကြောင်းတက္ကစီပြပွဲ သရုပ်ပြဗီဒီယိုတွင် ခရီးစဉ် တစ်ခုလုံးကို အလိုလျောက်စနစ်များကို အသုံးပြုထားသည်။ မိမိရောက်ရှိနေသည့် နေရာကိုဖော်ပြပြီး ဒရုန်းလေယာဉ် လာရောက်ရန် တောင်းဆိုနိုင်သည်။ ဒရုန်းလေယာဉ်ရောက် ရှိလာပြီး ခရီးသည်သွားလိုသည့် နေရာကို ပို့ဆောင်ပေးနိုင် မည်ဖြစ်သည်။ အလိုလျောက်မောင်းနှင်သည့် အဆိုပါ ဒရုန်းလေယာဉ်က ပျံတက်သွားပြီး ဆင်းသက်လိုသည့် နေရာကို သယ်ဆောင်ပေးသွားမည်ဖြစ်သည်။

EHang မှ တာဝန်ရှိသူများက ဒရုန်းလှုပ်ရှားမှုစနစ် အားလုံးကို မြေပြင်ရှိ ထိန်းချုပ်ရေးစခန်းမှလူများက စောင့်ကြည့်နေမည်ဖြစ်ကြောင်း ပြောကြာသည်။ ဒရုန်း လေယာဉ်အတွင်း လိုက်ပါလာသည့် ခရီးသည်အနေဖြင့် လိုအပ်လျှင် ထိန်းချုပ်ရေးစခန်းနှင့်လည်း အဆက်အသွယ် ပြုလုပ်နိုင်မည်ဖြစ်သည်။

EHang ၎င်းတို့၏ EHang 184 ဒရုန်းလေယာဉ်များကို လွန်ခဲ့သည့်နှစ်တွင် တရုတ်နိုင်ငံတွင် စမ်းသပ်မှုများပြုလုပ် ခဲ့ကြောင်း ပြောကြားသည်။ တိုးတက်မှုများရှိခဲ့ပြီး အဝေးထိန်းခလုပ်ဖြင့် ထိန်းချုပ်ရသည့် ဒရုန်းများကို သုံးစွဲ သူများထံ ရောင်းချခဲ့ရသည်။ လွန်ခဲ့သည့်နှစ်တွင် EHang သည် EHang 184 ဒရုန်းလေယာဉ်များ စမ်းသပ်ပျံသန်းရန် အမေရိကန်အနောက်ပိုင်း နီဗားဒါးပြည်နယ်မှ တာဝန်ရှိသူ များနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ နီဗားဒါး ပြည်နယ်တွင် အမေရိကန် ဖက်ဒရယ်လေကြောင်းပျံသန်းမှု အုပ်ချုပ်ရေးအဖွဲ့(FAA)နှင့် ပူးပေါင်း၍ လေကြောင်း စမ်းသပ်ပျံသန်းမှု ဗဟိုဌာနတစ်ခု ဖွင့်လှစ်ထားသည်။ ရည်ရွယ်ချက်မှာ FAA ၏ခွင့်ပြုချက်ဖြင့် EHang 184 ဒရုန်းလေယာဉ်များ အမေရိကန်နိုင်ငံတွင် ပျံသန်းခွင့် ရရှိရေးဖြစ်သည်။ အဆိုပါ ဒရုန်းလေယာဉ်များသည် ယာဉ်အသွားအလာထူထပ်သည့် မြို့ကြီးများတွင် ကောင်းကင်မှ ခရီးသည်များ သယ်ယူပို့ဆောင်ရေးအပြင် အခြားနေရာများတွင်လည်း အသုံးပြုနိုင်သည်ဟု ကုမ္ပဏီ က ပြောကြားသည်။ ဒရုန်းများသည် အရေးပေါ် ကယ်ဆယ် ရေး လုပ်ငန်းများတွင်လည်း အသုံးပြုနိုင်သည်။

ဒူဘိုင်းမြို့သည် ပါရှန်ပင်လယ်ကွေ့မှ ရေနံကြွယ်ဝသည့် ယူအေအီးနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည်။ ဒူဘိုင်း တာဝန်ရှိသူများက အဆင့်မြင့်သယ်ယူပို့ဆောင်ရေးစနစ် အသုံးပြုရန် အချိန်အတော်ကြာ ကြိုးပမ်းနေခဲ့ကြသည်။ မြို့တော်တာဝန်ရှိသူများက ၂၀၃၀ ခုနှစ်တွင် ခရီး သွားလာမှုအားလုံး၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မောင်းသူမဲ့ယာဉ်များဖြင့် ပြီးပြည့်စုံအောင် ဆောင်ရွက်သွား မည်ဟု ပြောကြားသည်။

VOA

## အယ်လ်ဂလက်စီကိုပွဲမတိုင်မီ ရီးယဲလ်နဲ့ ဘာစီလိုနာတို့ရဲ့ အီမိုဂျီရုပ်များကို တွစ်တာမှ ဂုဏ်ပြုထုတ်ပြန်

လာမယ့်ဧပြီ ၂၃ ရက် ရီးယဲလ်နဲ့ ဘာစီလိုနာအသင်းတို့ရဲ့ ပွဲစဉ်မတိုင်မီ လူမှုကွန်ရက် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော တွစ်တာက ရီးယဲလ်နဲ့ ဘာစီလိုနာအသင်းတို့နဲ့ သက်ဆိုင်တဲ့ အီမိုဂျီစတေကာကိုးမျိုးကို ဂုဏ်ပြုထုတ်ပြန်လိုက်ပြီဖြစ်သည်။ ရီးယဲလ်နဲ့ ဘာစီလိုနာသင်္ကေတတစ်ဝက်စီပါ ဂျာစီ၊ ရီးယဲလ်အသင်းလိုဂို၊ ဘာစီလိုနာအသင်းလိုဂိုနဲ့ ရီးယဲလ်အသင်းမှ အသင်းခေါင်းဆောင်ရာမို့စ်၊ တိုက်စစ်မှူး ဘင်ဇီမာနဲ့ စီရိုနယ်လ်ဒို၊ ဘာစီလိုနာအသင်းမှမက်ဆီ၊ ဆွာရက်ဇ်နဲ့ ပီကေးတို့ပုံများကို အီမိုဂျီစတေကာအဖြစ် အသုံးပြုနိုင်ရန် တွစ်တာမှ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ရာသီလက်ကျန်ခြောက်ပွဲသာ ကျန်ရှိတော့ချိန်တွင် ရီးယဲလ်နဲ့ ဘာစီလိုနာတို့အကြား သုံးမှတ်သာကွာဟမှု အနေအထားကလည်း ယခုကစားမယ့် အယ်လ်ဂလက်စီကို ပွဲစဉ်ကို ပိုမိုအသက်ဝင်စေမည်ဖြစ်သည်။ လာလီဂါနဲ့ တွစ်တာတို့မှပူးပေါင်းပြီး အဆိုပါအီမိုဂျီများကို ဖန်တီးခဲ့ခြင်းဖြစ်ကာ တွစ်တာသည် ယခင်ကလည်း မန်ယူနဲ့ လီဗာပူးပွဲစဉ်မတိုင်မီ မန်ယူကွင်းလယ်လူ ပေါလ်ပေါ့ဘာရဲ့ ပုံရိပ်ကို အီမိုဂျီအဖြစ် ဖန်တီးပေးခဲ့ဖူးသည်။







### ကံကောင်းစေတဲ့ စာရွက်အစွမ်းနဲ့ ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲကို မန်ယူ တက်ရောက်ခဲ့သလား

မန်ယူနည်းပြ မော်ရင်ဟိုဟာ ယူရိုပါလိဂ်ကွာတားဖိုင်နယ်အချိန်ပိုကစားနေစဉ်အတွင်း သူရဲ့ အိပ်ကပ်ထဲမှ စာရွက်တစ်ရွက်ကိုထုတ်၊ တိုးတိုးကပ်ပြောကာ စာရွက်ကိုနမ်းခဲ့ပြီးနောက် မရှေးမနှောင်းမှာပင် မန်ယူအသင်းအတွက် အဆုံးအဖြတ်ဂိုးကို တိုက်စစ်မှူး မားကပ်စ်ရက်ရှ်ဖို့ဒ်ဖို့ သွင်းယူနိုင်ခဲ့သည်။ အဲဒီလို မော်ရင်ဟို စာရွက်ကို နမ်းရှိုက်မှုမပြုခင်မှာပင် ရိုဂျို၊ ဖီးလ်ဂျုံးစ်နဲ့ ခရစ္စမောလင်းတို့ ဒဏ်ရာရရှိခဲ့ပြီးဖြစ်၍ မန်ယူ ကံဆိုးခဲ့ပြီးဖြစ်သည်။ သို့သော် ပွဲချိန်ပြီးစီးခါနီး အီဗရာဟီမိုဗစ် ဒူးဒဏ်ရာ ရရှိသွားခဲ့ရာ မန်ယူအသင်းအတွက် စိုးရိမ်နေရပြီဖြစ်ကြောင်း မော်ရင်ဟိုက ဝန်ခံခဲ့သည်။

မန်ယူမှာ နောက်ဆုံးယှဉ်ပြိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာလည်း ချယ်လ်ဆီးအသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် ယူရိုပါလိဂ်တွင်လည်း နိုင်ပွဲထပ်မံရရှိခဲ့ခြင်းဖြစ်သည်။ မော်ရင်ဟိုက အစောပိုင်းကပင် ထိပ်တန်းလေးနေရာဝင်ရန်နှင့် ယူရိုပါလိဂ်ဖလားဆွတ်ခူးရန်တို့ထဲမှ တစ်ခုကိုရွေးချယ်ဆိုပါက ယူရိုပါလိဂ်ဖလားကိုသာ ရွေးချယ်မှာဖြစ်ကြောင်း ဆိုခဲ့ပြီးဖြစ်သည်။ မန်ယူသာ ယူရိုပါလိဂ်တွင် ဗိုလ်စွဲခဲ့ပါက လာမယ့်ရာသီတွင် ချန်ပီယံလိဂ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်လည်းဖြစ်သည်။ သို့သော် မီဒီယာများကမူ လာမယ့်ပွဲစဉ်တွင်လည်း ကွင်းဘေးစည်း၌ မော်ရင်ဟို စာရွက်ထုတ်ပြီး နမ်းရှိုက်ဆုတောင်းဦးမှာလားဆိုတာကို စိတ်ဝင်စားနေပြီဖြစ်သည်။

# နွေဈေးကွက်အတွင်း အကြီးအကျယ်ငွေသုံးကြမ်းဖွယ်ရှိတဲ့ ရီးယဲလ်မက်ဒရစ်







ကစားသမားအသစ်တွေကို မြင့်မားတဲ့ ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူတဲ့ နေရာမှာ စပိန်လာလီဂါထိပ်သီး ရီးယဲလ်က နာမည်ကြီးပါ။ ဒါပေမယ့် ရီးယဲလ်ဈေးကွက်တွေမှာ သိပ်ပြီးလှုပ်ရှားမပြခဲ့တာ ဂါရတ်ဘေးလ်ကို ခေါ်ယူပြီးနောက်ပိုင်း ကတည်းက ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်တော့ နွေဈေးကွက် မဖွင့်ခင်ကတည်းက ရီးယဲလ်ဟာ ကစားသမားသစ်ခေါ်ယူဖို့ ရီးယဲလ်ဟာ အတော်လေး လှုပ်ရှားနေပြီး ဒီဂီယာ၊ ဟာဇက်ကစလို့ မက်ပီအဆုံး ခေါ်ယူဖို့ ချိတ်ဆက်နေတယ်လို့ သတင်းတွေ တောက်လျှောက်ထွက်နေပါတယ်။

ကစားသမားတွေဘက်ကလည်း ရီးယဲလ်က စိတ်ဝင်စားရင် ဆုလာဘ်ကြီး တစ်ခုလို သဘောထားတာကြောင့် ချက်ချင်းမပြောင်းသေးရင်တောင် တစ်ရာသီထက် ပိုမမူနိုင်ကြဘဲ ရီးယဲလ်ကိုသာ ပြောင်းရွှေ့ဖြစ်ကြတာချည်းပါပဲ။ ဒါကြောင့် ကစားသမားတစ်ဦး ခြေစွမ်းပြလာပြီဆို သက်ဆိုင်ရာ ကလပ်အသင်းတွေက သူတို့ကစားသမားတွေဟာ ရီးယဲလ်ကို ရောက်မလား၊ ဘာစီလိုနာကို ရောက်မလားဆိုတာ ရတက်မအေးဖြစ်နေရပါပြီ။ ဟာဇက်ကလည်း ရီးယဲလ်ကို ပြောင်းရွှေ့လိုတဲ့ သူ့ဆန္ဒကို အရိပ်အမြွက်ဆိုထားပြီးဖြစ်သလို ဒီဂီယာဆိုလည်း ရီးယဲလ်ကို ပြောင်းရွှေ့ဖို့ ခြေလှမ်းတွေ ခပ်ကျဲကျဲ လှမ်းနေပါတယ်။ဒီဂီယာရဲ့ ဆန္ဒကို မော်ရင်ဟိုက တားဆီးမှာဖြစ်ပေမယ့် ဒီဂီယာကတော့ မန်ယူအသင်းဖော်တွေကိုတောင် သူ လာမယ့်နွေ ရီးယဲလ်ကိုပြောင်းမယ်ဆိုတာကို ပြောကြားခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

သတင်းတွေကတော့ ရီးယဲလ်ဟာ ဒီဂီယာအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ အထိ သုံးစွဲမှာဖြစ်လို့ ဒါဟာ ဂိုးသမားတစ်ဦးအတွက် သုံးစွဲမယ့် ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးလည်းဖြစ်လာပါလိမ့်မယ်။ ၂၀၀၁ ခုနှစ်မှာ ဂျူဗင်တပ်အသင်းက ပါးမားဂိုးသမား ဘတ်ဖွန်အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ကျော်နဲ့ ခေါ်ယူခဲ့ပြီးနောက်မှာ ဘယ်ဂိုးသမားကမှ ဒီစံချိန်ကို ကျော်လွန်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒီနှစ်တော့ ဒီဂီယာသာ ရီးယဲလ်ကို ရောင်ရင် ဒီစံချိန်ကို ကျော်လွန်သွားမှာဖြစ်ပါတယ်။ တကယ်တော့ ဒီဂီယာဟာ ၂၀၁၅ ခုနှစ် နွေဈေးကွက်ကတည်းက ရီးယဲလ်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ နဲ့ပြောင်းဖို့ သဘောညီချက်ရထားပြီးတဲ့ ကစားသမားပါ။ မန်ယူအသင်းဘက်က မှတ်ပုံတင်ကိစ္စရပ်ကို အပြီးမသတ်နိုင်လို့သာ ရီးယဲလ်နဲ့ ဒီဂီယာတို့ ဇာတ်လမ်း တခန်းရပ်သွားခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်က အပြောင်းအရွှေ့ဈေးကွက်တိုင်းမှာ ဒီဂီယာရဲ့ အနေအထားကို စောင့်ကြည့်နေတဲ့ပုံစံနဲ့ လှုပ်ရှားနေခဲ့သလို ဒီဂီယာကလည်း မန်ယူအသင်းမှာ လက်စွမ်းပြရင်း ရီးယဲလ်ခေါ်မယ့် အချိန်ကို အသင့်စောင့်စားနေတဲ့ပုံစံနဲ့ ရှိနေပါတယ်။

မန်ယူနည်းပြ မော်ရင်ဟိုကတော့ အခုလို အပြောင်းအရွှေ့ကိစ္စရပ်ကို ဆောင်ရွက်နေတဲ့ ဒီဂီယာကိုဒေါသထွက်နေပြီး ကစားသမားတစ်ဦးဟာ ကိုယ်ကောင်းမယ်ထင်တဲ့အသင်းကို ပြောင်းရွှေ့သွားတာဟာ ဆန်းကျယ်တဲ့ ကိစ္စမဟုတ်ပေမယ့် အသင်းအတွက် အရေးကြီးနေတယ်ဆိုတာကို သတိရသင့်ကြောင်း ဝေဖန်ခဲ့ပါတယ်။ ရီးယဲလ်ကလည်း ဒီဂီယာဟာ နွေဈေးကွက် ဦးစားပေးပစ်မှတ်ဖြစ်ပြီး ဒီဂီယာကိုမရမှသာ ကော်တွါက်စ်ကို ခေါ်ယူဖို့ အားထုတ်သွားမှာဖြစ်ပါတယ်။ ကော်တွါက်စ်ကလည်း အစပိုင်းမှာ အတူနေချစ်သူနဲ့ သမီးဖြစ်သူတို့ဟာ မက်ဒရစ်မြို့မှာ ကျန်နေတာကြောင့် ရီးယဲလ်က ခေါ်ယူရင် ချက်ချင်းခေါင်းညိတ်နိုင်ဖွယ်ရှိပေမယ့် ခုတော့ သူ့ချစ်သူနဲ့ ပြတ်စဲထားတာကြောင့် မက်ဒရစ်အခြေစိုက်ကလပ်အသင်းကိုပြောင်းဖို့ အရင်ကလောက် စိတ်အားထက်သန်မှု ရှိမယ့်ပုံမရှိပါဘူး။

နောက်ထပ် ရီးယဲလ်ရဲ့ အဓိက ပစ်မှတ်တစ်ခုကတော့ ချယ်လ်ဆီး စူပါစတား အေဒင်ဟာဇက်ဖြစ်ပြီး ရီးယဲလ်ကတော့ ဟာဇက်ကိုရဖို့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀၊ စီရိုနယ်လ်ဒိုနဲ့ ဂါရတ်ဘေးလ်တို့ ရရှိနေတဲ့ လုပ်ခလစာနဲ့ နှုန်းထားတူ ပေးချေသွားမယ်လို့ သိရပါတယ်။ ဟာဇက်ကလည်း အသက် (၂၆)နှစ် ရှိနေပြီဖြစ်တာကြောင့် ဒီထက်အသက်ကြီးသွားရင် ရီးယဲလ်က သူ့ကိုခေါ်မယ်၊ မခေါ်ဘူး မသေချာတာကြောင့် ဒီနှစ်နွေ ရီးယဲလ်ကို ပြောင်းရွှေ့ဖို့ သေချာပေါက် ပြင်နေတာဖြစ်ပါတယ်။ ဟာဇက်ဟာ နည်းပြ ကွန်တီလက်အောက်မှာ ခြေစွမ်းပြကစားနေပေမယ့် နည်းပြ ဇီဒန်းရဲ့ ကမ်းလှမ်းလာမှုကိုတော့ လျစ်လျူမရှုလိုဘဲ ဖြစ်နေတာပါ။ ချယ်လ်ဆီးနည်းပြ ကွန်တီကတော့ ကော်စတာကို ထုတ်ရောင်းမယ့်ကိစ္စရပ်ကို သဘောတူပေမယ့် ဟာဇက်ကိုတော့ ဆက်ထိန်းပေးဖို့ ဘုတ်အဖွဲ့ဝင်တွေကို တိုက်တွန်းထားတာပါ။ ဒါကြောင့် ချယ်လ်ဆီး ဘုတ်အဖွဲ့ဝင်တွေက ဟာဇက်ကို တစ်ပတ်လုပ်ခပေါင် ၃၀၀၀၀၀ နဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖို့ ကမ်းလှမ်းလာတာဖြစ်ပါတယ်။ ရီးယဲလ်ကတော့ ဟာဇက်အတွက် ကုန်ကျမယ့်ငွေကို ကာမိဖို့ ဂျိမ်းစ်ဒရီဂွက်ဇ်၊ မိုရာတာတို့ နှစ်ဦးကို ထုတ်ရောင်းမှာဖြစ်ပြီး ဂျိမ်းစ်အတွက် ပေါင်သန်း ၈၀၊ မိုရာတာအတွက် ပေါင်သန်း ၇၀ လောက် ပြန်ရဖို့ ရှိနေပါတယ်။ နည်းပြကွန်တီက မိုရာတာကို ခေါ်ချင်ပေမယ့် မိုရာတာနဲ့ ဟာဇက် အလဲအထပ်လုပ်တဲ့ ပုံစံကိုတော့ မလိုလားပါဘူး။

ဒါပေမယ့် တစ်ဖက်မှာလည်း ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒို ဟာဇက်သာ ရီးယဲလ်ကို ရောက်လာရင် သူ အသင်းပြောင်းမယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေလည်း ရှိနေတာကြောင့် ရီးယဲလ်က စီရိုနယ်လ်ဒိုနဲ့ ဟာဇက် ဘယ်သူကို ရွေးချယ်မလဲဆိုတာ အတော်လေး ခက်ခဲမယ့် အခြေအနေပါ။ ရီးယဲလ်ကတော့ စီရိုနယ်လ်ဒိုကို စည်းရုံးပြီး ဟာဇက်ကို ခေါ်ယူဖို့သာ ကြိုးပမ်းဖွယ်ရှိနေပါတယ်။ ဘာလို့လဲဆိုရင် စီရိုနယ်လ်ဒိုဟာ လက်ရှိမှာ အသက်(၃၂)နှစ် ကျော်နေပြီဖြစ်ပေမယ့် ခုထိ ရီးယဲလ်ရဲ့ အရေးကြီးတဲ့ သွင်းဂိုးတွေကို သွင်းယူပေးနိုင်ဆဲအပြင် ကမ္ဘာ့ပုံရိပ်အမြင့်မားဆုံး ကစားသမားဖြစ်နေဆဲ ဖြစ်တာကြောင့် ရီးယဲလ်က မရမက ဆက်ထိန်းဖို့ရှိနေပါတယ်။

ရီးယဲလ်က နောက်ထပ် ခေါ်ယူလိုတယ်လို့ နာမည်ထွက်နေသူကတော့ မိုနာကိုတိုက်စစ်မှူး မက်ပီဖြစ်ပါတယ်။ မိုနာကိုကတော့ သူတို့တိုက်စစ်မှူးဟာ ရောင်းချမယ့်စာရင်းမှာ ပါဝင်တဲ့ ကစားသမားမဟုတ်ဘူးလို့ ဆိုထားပေမယ့် ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ အထက်ရမယ်ဆိုရင်တော့ ရောင်းချဖွယ်ရှိနေပါတယ်။ ဒါပေမယ့် မက်ပီကိုယ်တိုင်ကလည်း လက်ရှိမှာ အသက်(၁၈)နှစ်သာ ရှိနေသေးတာကြောင့် အတွေ့အကြုံ ပြည့်စုံချိန်ရောက်မှသာ ရီးယဲလ်ကို ပြောင်းရွှေ့ဖို့ရှိနေပါတယ်။ ပြီးတော့ ရီးယဲလ်ဟာ လက်ရှိတိုက်စစ်အတွဲဖြစ်တဲ့ ဘင်ဇီမာ၊ စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်တို့ထဲက တစ်ဦးကို ရောင်းချဖို့ ပြင်ဆင်နေတယ်လို့ နာမည်ထွက်နေတာကြောင့် တကယ်လို့ ဒီထဲကတစ်ယောက်ကိုသာ ထုတ်ရောင်းဖြစ်ရင် မက်ပီကို သေချာပေါက်ခေါ်ယူပါလိမ့်မယ်။ ဒီကစားသမား သုံးဦးစလုံးလာမယ့်နွေ ရီးယဲလ်ကို ရောက်မလာဖြစ်သေးဘူးဆိုရင်တောင် အနည်းဆုံး နှစ်ဦးလောက်တော့ ရောက်လာဖွယ်ရှိနေပြီး ဖြစ်နိုင်တာကတော့ ဟာဇက်နဲ့ ဒီဂီယာတို့လို့ ယေဘုယျယူဆရပါတော့မယ်။

**မေလွဲသင်း-စုစည်းသည်**




## ယခုနှစ်ရဲ့ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ် ဂျူလီယာရောဘတ်ရွေးချယ်ခံရ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးကြီးတစ်ဦးဖြစ်တဲ့ ဂျူလီယာရောဘတ်ဟာ ပီးပဲလ်မဂ္ဂဇင်းကြီးက ရွေးချယ်ဖော်ပြတဲ့ ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ် ယခုနှစ်မှာလည်း ထပ်မံရွေးချယ်ခြင်းခံခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်အတွက် ကမ္ဘာ့အလှဆုံးအမျိုးသမီးကို ရွေးချယ်မဲပေးစေခဲ့ရာ ဂျူလီယာရောဘတ်က မဲအရေအတွက်အများဆုံးရရှိခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွက် ရွေးချယ်ခံခဲ့ရခြင်းဟာ ဂျူလီယာရေဘတ်အတွက် ကမ္ဘာ့အလှဆုံး အမျိုးသမီးအဖြစ် ငါးကြိမ်မြောက် ရွေးချယ်ခံရခြင်း ဖြစ်လာခဲ့တယ်လို့လည်း သိရပါတယ်။ ဂျူလီယာရောဘတ်ဟာ ၂၀၁၇ ခုနှစ်မှာသာမက ပြီးခဲ့တဲ့ ၁၉၉၁ခုနှစ်၊ ၂၀၀၀ခုနှစ်၊ ၂၀၀၅ ခုနှစ်နဲ့ ၂၀၁၀ ခုနှစ်တွေ မှာလည်း အလှဆုံးအမျိုးသမီးအဖြစ် ရွေးချယ်ခြင်းခံခဲ့ရတာဖြစ်ပါတယ်။ ဒီလိုငါးကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့တဲ့အတွက်လည်း အလှဆုံးအမျိုးသမီးအဖြစ် အကြိမ်အများဆုံးဖော်ပြခြင်းခံခဲ့ရသူအဖြစ် စံချိန်သစ်တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

နှစ်တွေဆက်တိုက်မဟုတ်ဘဲ ၁၉၉၀ ပြည့်နှစ်အစပိုင်းမှ ၂၀၁၀ ပြည့်နှစ်နှောင်းပိုင်းတွေအထိ ကာလအတွင်း ငါးကြိမ်တိုင် အလှဘုရင်မဖြစ်ခွင့်ရခဲ့တဲ့ ဂျူလီယာရောဘတ်ဟာ ငယ်ရွယ်စဉ်မှာသာမက အသက်အရွယ်ရလာပြီးတဲ့ နောက်ပိုင်းမှာလည်း လှပနေဆဲဖြစ်တယ်ဆိုတာကို ညွှန်းဆိုလို့နေပါတယ်။ ဒီလိုသူ့ကို အမြဲနုပျိုလှပနေစေတဲ့ သူ့ရဲ့အလှအပနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေကိုလည်း ပီးပဲလ်မဂ္ဂဇင်းကြီးကို ဖွင့်ဟခဲ့တယ်လို့ သိရပါတယ်။

## ချစ်စရာအကောင်းဆုံးအမျိုးသမီးအဖြစ်ဖော်ပြခြင်းခံခဲ့ရတဲ့ စူလီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးလည်းဖြစ် သရုပ်ဆောင်တစ်ဦးအဖြစ်လည်းအောင်မြင်ခဲ့တဲ့စူလီကို နာမည်ကျော်မဂ္ဂဇင်းကြီးတစ်ခုဖြစ်တဲ့"VOGUE" မဂ္ဂဇင်းက ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံးသောအမျိုးသမီးတစ်ဦးအဖြစ် ဆန္ဒပြုရေးသားဖော်ပြခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



အဆိုပါမဂ္ဂဇင်းကြီးက စူလီရဲ့ အနုပညာအရည်အချင်းတွေကိုချီးကျူးဖော်ပြခဲ့ရုံသာမက အနုပညာရှင်တွေအကြား မတူကွဲပြားတဲ့ ပုံစံဟန်ပန်တွေကို ပိုင်ဆိုင်ထားနိုင်တဲ့သူအဖြစ်လည်း အသိအမှတ်ပြုခဲ့ပါတယ်။ အခြားသောတောင်ကိုရီးယား အနုပညာရှင်တွေနဲ့ ကွဲပြားကာ သီးသန့်ဖက်ရှင်ဒီဇိုင်းတွေနဲ့ ဝတ်ဆင်လေ့ရှိတဲ့ စူဇီရဲ့ ဖက်ရှင်အမြင်ရှိမှုအပေါ်ကိုလည်း ချီးမွမ်းခဲ့ကြောင်း သိရပါတယ်။

အဝတ်အစားတွေကို ရွေးချယ်ဝတ်ဆင်ရာမှာ သူနဲ့အလိုက်ဖက်ဆုံးဖြစ်တဲ့ အဝတ်တွေကိုသာ ရွေးချယ်ဝတ်ဆင်လေ့ရှိတဲ့ စူလီကို "VOGUE" မှာပါဝင်တဲ့ ဆောင်းပါးတစ်ပုဒ်မှာ "ကမ္ဘာပေါ်မှာချစ်စရာအကောင်းဆုံးသော တောင်ကိုးရီးယားသရုပ်ဆောင်မင်းသမီးစူလီ"လို့ ခေါင်းစဉ်ပေးကာ ရေးသားဖော်ပြခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ဆောင်းပါးမှာတော့ စူလီရဲ့ အခမ်းအနားတွေရဲ့ ကော်ဇောနီပေါ်လျှောက်လှမ်းစဉ်ဝတ်ဆင်ခဲ့တဲ့ ပွဲတက်ဝတ်စုံတွေနဲ့ သာမန်အချိန်တွေမှာ ဝတ်ဆင်ခဲ့တဲ့ ဝတ်စုံတွေရဲ့ စတိုင်ကျမှုနဲ့ မိန်းကလေးဆန်မှုတွေကို ချီးကျူးရေးသားဖော်ပြခဲ့ပါတယ်။ စူလီရဲ့ ဖက်ရှင်ပိုင်းနဲ့ အနုပညာအရည်အချင်းပိုင်းကိုသာ ချီးမွမ်းရေးသားခဲ့တာဖြစ်ပြီး စူလီရဲ့ ပဂ္ဂိုလ်ရေးဆိုင်ရာအကြောင်းအရာတွေကိုတော့ ရေးသားဖော်ပြခဲ့ခြင်းမရှိကြောင်းလည်း သိရပါတယ်။

စူလီဟာ တောင်ကိုရီးယားနိုင်ငံရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့ "f(x)"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလောကအတွင်းစတင်ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် အောင်မြင်မှုတွေရလာခဲ့ကာ သရုပ်ဆောင်နယ်ပယ်ထဲခြေလှမ်းလာခဲ့ပါတယ်။ သူ့ရဲ့အကျော်ကြားဆုံးသောဇာတ်လမ်းတွဲရုပ်ရှင်ကတော့ မြန်မာပရိသတ်တွေက "အလှဆုံးချစ်သူ"လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ဖြစ်ပြီး ယင်းရုပ်ရှင်မှာ စူလီဟာ အမျိုးသားတေးဂီတအဖွဲ့ "SHINee"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မင်ဟိုနဲ့တွဲဖက်ကာ ခေါင်းဆောင်ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ အဲဒီရုပ်ရှင်မှာတော့ စူလီဟာ သူချစ်ခင်အားပေးရတဲ့ အားကစားကြယ်ပွင့်တစ်ဦးဖြစ်တဲ့ မင်ဟိုနဲ့ နီးစပ်ခွင့်ရဖို့အတွက် ယောကျ်ားလေးဟန်ဆောင်ကာ ယောကျ်ားလေးကျောင်းမှာ တက်ရောက်ခဲ့တဲ့ မိန်းကလေးတစ်ဦးအဖြစ် ပီပြင်စွာပါဝင်သရုပ်ဆောင်ထားခဲ့ပါတယ်။ ဒီလိုတေးဂီတဘက်မှာသာမက သရုပ်ဆောင်လုပ်ငန်းမှာပါ အောင်မြင်ခဲ့တဲ့ စူလီကို တောင်ကိုရီးယားပရိသတ်တွေက ချစ်ခင်အားပေးခဲ့ကြပါတယ်။

ဒါပေမယ့် နောက်ပိုင်းမှာတော့ စူလီဟာအပြောင်းလဲကြီးပြောင်းလဲလာခဲ့ပါတယ်။ ချစ်စဖွယ်ကလေးငယ်လို အပြစ်ကင်းတဲ့မျက်နှာလေးကိုပိုင်ဆိုင်ထားဆဲဖြစ်ပေမယ့် သူ့ဆီမှာ စိတ်ရိုင်းတွေဝင်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သူဟာ လူမှုကွန်ရက်မီဒီယာဖြစ်တဲ့ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရိုင်းစိုင်းတဲ့ ဓာတ်ပုံတွေကို မကြာခဏဖော်ပြလာခဲ့တာကိုတွေ့ရပါတယ်။ ဒီလိုဖြစ်လာချိန်မှာတော့ သူ့ကို ချစ်ခင်နေဆဲပရိသတ်တွေရှိနေသကဲ့သို့ အမုန်းပွားလာတဲ့ ပရိသတ်တွေနဲ့လည်း ကြုံလာရပါတယ်။ သူ့ရဲ့ပုံရိပ်ဟာလည်း ကျဆင်းလာခဲ့ပြီးနောက်ပိုင်းမှာ တေးဂီတအဖွဲ့ကနေလည်း နုတ်ထွက်ခဲ့ပါတယ်။

ပြီးခဲ့တဲ့လအတွင်းကလည်း သူနဲ့အချိန်အတော်ကြာလက်တွဲလာခဲ့တဲ့ချစ်သူချိုင်ဇာနဲ့လည်း စူလီဟာလမ်းခွဲခဲ့ပါတယ်။ လတ်တလောမှာတော့ စူလီရဲ့ ရိုင်းစိုင်းပြီးအမြင်မတင့်တယ်တဲ့ ဓာတ်ပုံတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာထပ်မံဖော်ပြတာမတွေ့ရတော့ပါဘူး။ ဒါ့အပြင် သူ့ကို သူငယ်ချင်းတွေနဲ့အလည်အပတ်ထွက်တာတွေ၊ အခမ်းအနားတက်တာတွေကိုလည်း ပြန်လည်တွေ့မြင်လာခဲ့ရတဲ့အတွက် အကောင်းဘက်ကို မျှော်လင့်ရတော့မှာလည်းရယ်လို့လည်း မီဒီယာတွေက ဝေဖန်ခဲ့ကြပါတယ်။

အေးပြည့် – ရေးသားသည်။

## ဇာတ်လမ်းတွဲရုပ်ရှင်သစ်တွင် နမ်ဂွန်မင် ပါဝင်သရုပ်ဆောင်သွားမည်



တောင်ကိုရီးယားရဲ့နာမည်ကျော် မင်းသားတစ်ဦးဖြစ်တဲ့ နမ်ဂွန်မင်ဟာ SBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်သွားဖို့ လတ်တလောမှာ သဘောတူလိုက်ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြ ချက်တွေအရ သိရပါတယ်။

ယခုနှစ်အတွင်းထုတ်လွှင့်ပြသသွားမယ့် နမ်ဂွန်မင်ရဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်အတွက်အမည်အတည်တကျမရွေးချယ်ရသေးပေမယ့် လတ်တလောမှာတော့ "Fabrication"လို့ ယာယီအမည်ပေးထားကြောင်းလည်း သိရပါတယ်။

"Fabrication"ဇာတ်လမ်းတွဲရုပ်ရှင်ဟာ သတင်းထောက်တွေရဲ့အကြောင်းကို ဇာတ်လမ်းဆင်ကာရိုက်ကူးထားတဲ့ ရုပ်ရှင်တစ်ကားဖြစ်ပြီး အကျင့်ပျက်ခြစားနေတဲ့ပတ်ဝန်းကျင်က မကောင်းမှုတွေကို ရှာဖွေဖော်ထုတ်ဖို့ကြိုးပမ်းခဲ့ကြတဲ့ သတင်းထောက်တွေရဲ့ ပုံရိပ်တွေကို တွေ့မြင်ခံစားကြရမှာဖြစ်ပါတယ်။ နမ်ဂွန်မင်ကတော့ အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်မှာ အမြဲတမ်းအခက်အခဲ၊ အလွဲအချော်တွေကိုဖန်တီးတတ်တဲ့ သတင်းထောက်တစ်ဦးအဖြစ်ပါဝင်ထားကာ နမ်ဂွန်မင်ပါဝင်ထားတဲ့ဇာတ်ကောင်ရဲ့ ညီဖြစ်သူဟာ လာဘ်စားမှုတစ်ခုကိုဖော်ထုတ်နိုင်ရန် ကြိုးပမ်းနေစဉ်အတွင်း အသတ်ခံလိုက်ရတဲ့အတွက် သူက ပြန်လည်လက်စားချေဖို့ ကြိုးပမ်းခဲ့တာကိုလည်း ရှုစားကြရမှာဖြစ်ပါတယ်။

နမ်ဂွန်မင်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက သူ့ရဲ့ရုပ်ရှင်သစ်နဲ့ပတ်သက်တဲ့သတင်းကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး "Fabrication"မှာ နမ်ဂွန်မင်ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့ပုံနဲ့ပတ်သက်ပြီးလည်း ဖွင့်ဟခဲ့ပါတယ်။ နမ်ဂွန်မင်ရဲ့အေဂျင်စီက မကြာသေးမီက ထုတ်လွှင့်ပြီးစီးခဲ့တဲ့ နမ်ဂွန်မင်ရဲ့ဇာတ်လမ်းတွဲရုပ်ရှင် "Chief Kim"ရဲ့ အောင်မြင်မှုနဲ့အတူ သူ့ကို ကမ်းလှမ်းလာခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားများစွာရှိခဲ့ကြောင်း၊ ယင်းတို့အနက်မှ သူနဲ့လိုက်ဖက်မယ့်ဇာတ်ရုပ်ကို ရွေးချယ်ကာ သရုပ်ဆောင်ဖို့ သဘောတူခဲ့တာဖြစ်ကြောင်းနဲ့ "Fabrication "ဟာ ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်တဲ့ နမ်ဂွန်မင်ရဲ့ရုပ်ရှင်ဇာတ်ကောင်စရိုက်နဲ့အတော်လေးကွဲပြားကာ ပိုမိုလေးနက်တဲ့ သဘောဆောင်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီးအေဂျင်စီက လတ်တလောမှာ နမ်ဂွန်မင်ဟာ သူပါဝင်သရုပ်ဆောင်ရမယ့်ဇာတ်ကောင်စရိုက်အတွက် လေ့လာမှုတွေပြုလုပ်နေပြီး ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ လာမယ့်မေလအတွင်းစတင်သွားမှာဖြစ်ကြောင်းလည်း မီဒီယာတွေကို အသိပေးခဲ့တယ်လို့လည်း သိရပါတယ်။

"Fabrication"ဇာတ်လမ်းတွဲရုပ်ရှင်ကိုတော့ SBS ရုပ်သံလိုင်းမှ "My Sassy Girl"ရုပ်ရှင်ထုတ်လွှင့်ပြသမှုအပြီး လာမယ့် ဇူလိုင်လအတွင်း စတင်ပြသသွားဖို့ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

## စစ်မှုထမ်းရက်ပြီးဆုံးသွားပြီဖြစ်တဲ့ ရန်ဟို

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TVXQ"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရန်ဟိုဟာ လတ်တလောမှာ စစ်မှုထမ်းခြင်းပြီးဆုံးသွားပြီဖြစ်ကြောင်း မီဒီယာတွေကို ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂၀ရက်မှာတော့ တေးသံရှင်တစ်ဦးဖြစ်သူ ရန်ဟိုဟာ စစ်မှုထမ်းရက်ပြီးဆုံးတဲ့အတွက် နေအိမ်ကို ပြန်လာပြီဖြစ်ကာ မီဒီယာတွေနဲ့ပရိသတ်တွေကိုလည်း တွေ့ဆုံနှုတ်ဆက်ခဲ့ပါတယ်။ ရာသီဥတုအခြေအနေမကောင်းသော်လည်း ရန်ဟိုရဲ့အိမ်အပြန်ခရီးကို သူ့ရဲ့ပရိသတ်တစ်ထောင်ကျော်တို့က လာရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်းလည်း သိရပါတယ်။

ယင်းတွေ့ဆုံပွဲမှာ ရန်ဟိုက "တကယ်ကိုပြီးပြည့်စုံသွားပါပြီ။ ဘာကြောင့်လည်းဆိုတော့ အချိန်တွေရပ်တန့်သွားခဲ့တယ်လို့ခံစားခဲ့ရတာ။ အခုမှ နောက်တစ်ဖန်အသစ်ပြန်စကြတာပေ့ါ။ ကျွန်တော်အသေအချာပြောနိုင်တာကတော့ စစ်မှုထမ်းရတဲ့ဘဝဟာ တကယ်ကို ပျော်စရာတွေနဲ့ ပြည့်နေတယ်ဆိုတာပါပဲ။ ကျွန်တော်ဟာလည်း အခုတော့ တကယ့်ကို လူသားတစ်ဦးပီပီသသနဲ့ဂျန်ရန်ဟိုအဖြစ် ကြီးပြင်းလာခဲ့ပါပြီ"လို့ ပရိသတ်တွေနဲ့ တွေ့ဆုံစဉ်မှာ ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ရန်ဟိုက စစ်မှုထမ်းနေဆဲဖြစ်တဲ့ သူ့ရဲ့ တေးဂီတအဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းမင်းနဲ့ပတ်သက်ပြီးလည်း ချန်းမင်းဟာလည်း စစ်မှုထမ်းကာလအတွင်း အကောင်းဆုံးကြိုးစားနေကြောင်း၊ "TVXQ"ကို ယုံယုံကြည်ကြည်နဲ့ အားပေးစောင့်မျှော်နေခဲ့ကြတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ တေးဂီတအဖွဲ့မှာ အဖွဲ့ဝင်ပြည့်ပြည့်စုံစုံနဲ့ အနုပညာခရီးတွေကို ပြန်လည်စတင်မယ့်အချိန်ကို စောင့်မျှော်ပေးစေလိုကြောင်းနဲ့ လက်ရှိအချိန်ဟာ "TVXQ" အတွက် ခရီးအစဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

လာရောက်နှုတ်ဆက်ခဲ့တဲ့ ပရိသတ်တွေက ရန်ဟိုကို စစ်မှုထမ်းကာလအတွင်း သူ့ကိုအားအပေးခဲ့ဆုံးသော အမျိုးသမီးတေးဂီတအဖွဲ့ကို မေးမြန်းခဲ့ရာ ရန်ဟိုက "Red Velvet"တေးဂီတအဖွဲ့ဖြစ်ကြောင်းပြောကြားခဲ့ပါတယ်။ အဲဒီနောက်ပရိသတ်တွေက မေးမြန်းခဲ့တဲ့ မေးခွန်းတွေကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်းလည်း သိရပါတယ်။

ရန်ဟိုဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း စတင်စစ်မှုထမ်းခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ သူ့ရဲ့ စစ်မှုထမ်းကာလဖြစ်တဲ့ ၂၁ လတာကာလဟာ အောင်မြင်စွာပြီးဆုံးသွားခဲ့ပြီဖြစ်ကာ မကြာမီအနုပညာလှုပ်ရှားမှုတွေကို ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။ စစ်မှုထမ်းကာလအတွင်းမှာလည်း ရန်ဟိုဟာ ထူးချွန်တဲ့ စစ်သည်တစ်ဦးဖြစ်ခဲ့ပါတယ်။ သူဟာလေ့ကျင့်ရေးသင်တန်းကျောင်းမှာ တက်ရောက်နေစဉ်ကာလအတွင်းမှာ အကောင်းဆုံးသင်တန်းသားအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ဒါ့အပြင် အထူးတန်းစစ်သည်တစ်ဦးအဖြစ် ရွေးချယ်ခံခဲ့ရပြီး ယန်ဂျူဒေသရဲ့ ဂုဏ်ထူးဆောင်နိုင်ငံသားတစ်ဦးလည်း ဖြစ်ခဲ့ကြောင်း သိရပါတယ်။

အခြားသော အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ချန်းမင်းဟာလည်း လာမယ့်ဩဂုတ်လအတွင်း စစ်မှုထမ်းကာလပြီးဆုံးတော့မှာဖြစ်တဲ့အတွက် "TVXQ "ပရိသတ်တွေက အဖွဲ့ရဲ့ ဂီတလှုပ်ရှားမှုအသစ်တွေကို ရင်ခုန်စွာစောင့်မျှော်နေကြကြောင်းလည်း သိရပါတယ်။

# လက်တွေ့အသုံးချဆေးနည်းတိုများ(၂၂)

ကြည်လွင်မြင့်(မုဒြာ)

**ကျွန်တော်က ဆရာ့ရဲ့စာဖတ်ပရိသတ်ပါ။ အခု အစာအိမ်လည်းဖြစ်၊ အူလည်း ရောင်နေပါတယ်။ လိပ်ခေါင်းက သေးတယ်ဆိုပေမယ့် အိမ်သာတက်ရင် သွေးထွက်ပါတယ် ဆရာ။ ခွဲစိတ်ဖို့ဆိုတာလည်း အလုပ်က အဆင်မပြေဘူး ဆရာ။ ကျေးဇူးပြုပြီး ဆရာ့ရဲ့ဆေးနည်းကောင်းလေးပေးဖို့ ကျွန်တော်အနူးအညွတ် တောင်းဆိုပါရစေ ဆရာ။**

ဆားခါးထုပ်ဝယ်ပါ။ လှော်ပြီး သိမ်းထားပါ။ ညအိပ်ရာဝင် မန်ကျည်းမှည့်ဖျော်ရည်မှာ ဆားခါးဟင်းစားဇွန်း တစ်ဇွန်း ထည့်သောက်ပါ။ ရှားစောင်းလက်ပပ်အနှစ်ကို သကြားနဲ့ ခေါက် စားပါ။ အူရောင်ကျပါတယ်။ ကောက်ညှင်း၊ အပူအစပ်ရှောင်၊ ညအိပ်ခါနီး ဒူးအထက်မှ ရေလောင်းခြေဆေးပါ။ ထောပတ်ထမင်းမှာ ကြက်သွန်နီထည့်ချက်စားပါ။ လိပ်ခေါင်းသွေးကျ ပျောက်ပါတယ်။

**ဆရာရှင့်။ ကလေးမွေးထားတာ ၂၅ ရက်ပဲ ရှိသေးတယ်။ ဘာအစားမှားလည်း မသိဘူး။ ပင်လယ်စာတော့ စားမိပါတယ်။ အသားတွေ ယားနေလို့ ဘာဆေးလိမ်းရမလဲရှင့်။**

တိုင်းရင်းဆေး အမှတ် (၄၃)၊ အကင်းဆယ်ပါးဆေး ဝယ်ပါ။ သနပ်ခါးနဲ့စပ်လိမ်းပါ။ (ပရဆေးဆိုင်မှာ ဝယ်ပါ)။ ကလေးနို့စဉ် ပင်လယ်စာ မစားရပါ။ ဒန့်သလွန်ရွက် ဟင်းချိုချက်သောက်ပါ။ နနွင်းမှုန့် ကော်ဖီဇွန်းသေးနဲ့ တစ်ဇွန်းကို တစ်နေ့နှစ်ကြိမ် ၄၅ ရက် သောက်ပါ။ ကလေး ဗိုက်မနာပါ။

**မင်္ဂလာပါ ဆရာကြီးခင်ဗျာ။ ကျွန်တော် နောက်ကြောတွေတက်ပြီး အစာမကြေသလိုဖြစ်နေတာ ငါးရက်လောက်ရှိပါပြီခင်ဗျာ။ နောက်ကြောတက်တာ တော်တော်ခံရဆိုးပါတယ် ခင်ဗျာ။ ကူညီလမ်းညွှန်ပါဦး ဆရာကြီးခင်ဗျာ။**

ရှောက်သီး ဒါမှမဟုတ် သံပရိုသီးတစ်ခြမ်း မတ်ခွက်မှာထည့်။ ရေနွေးဆူဆူလောင်း အုပ်ထားပါ။ ၁၀ မိနစ်အကြာမှာဖွင့်ပြီး ပျားရည်တစ်ဇွန်းထည့်၊ တဖြည်းဖြည်းကုန်အောင်သောက်ပါ။ တစ်နေ့ တစ်ခွက်ကုန်အောင်သောက်ပါ။

**ဆရာရှင့် ကျွန်မအသက် ၄၀ ကျော်ပါပြီ။ မျက်နှာမှာ တင်းတိပ်အနည်းငယ် ထွက်လာပါတယ်။ တန်ဖိုးကြီးနိုင်ငံခြားဖြစ် တင်းတိပ်ပျောက်ဆေးတစ်မျိုးကို ဝယ်လိမ်းတာ ငါးဘူးကုန်သွားပေမယ့် မပျောက်ပါ။ ရှားစောင်းလက်ပပ်အနှစ်ကို ကပ်ပေးရင် တင်းတိပ်ပျောက်တယ်ဆိုတာ မှန်ပါသလားရှင့်။ သူ့မှာ အစေးရှိတော့ မျက်နှာကို လောင်မှာလည်း စိုးရိမ်လို့ ကပ်သင့်၊ မကပ်သင့် ဆရာပြန်လည်ဖြေကြားပေးပါရှင့်။**

ရှားစောင်းလက်ပပ်နဲ့ မျက်နှာကို ပေါင်းတင်ရင် သန့်စင်စေနိုင်တဲ့သတ္တိရှိပါတယ်။ အအေးဓာတ်ဖြစ်လို့ သူ့ရဲ့ အစေးကမလောင်ပါ။ တင်းတိပ် လက်တွေ့ပျောက်ကင်းသူတွေ ပြောကြားချက်အရ မျက်နှာမှာ ရှားစောင်းလက်ပပ်အနှစ်ကို ကပ်တဲ့အခါ အေးစက်နေပြီး ခဏကြာတဲ့အခါ ထုံတင်းသလိုဖြစ်လာပါတယ်။ နောက် နာရီဝက်လောက်ကြာတဲ့အခါ မျက်နှာအရေပြားအောက်ကပူလာပြီး အခိုးတွေထွက်သလို ခံစားရပါတယ်။ အဲဒီအခါ ခွာချလိုက်ပြီး မျက်နှာသစ်လိုက်ရင် ပြီးပြီဖြစ်ပါတယ်။ စတင်ပြုလုပ်ခါစမှာ မသိသာပေမယ့် ရက်သတ္တပတ်လောက်ကြာတဲ့အခါ မျက်နှာသစ်လိုက်ရင် စပ်ဖျဉ်းဖျဉ်းဖြစ်လာတာကို ခံစားလာရပါတယ်။ အမှန်ပင် မျက်နှာပေါ်က တင်းတိပ် အမည်းစက်တွေ မှေးမှိန်လာတာကို ၁၀ ရက်ကျော်တဲ့အခါ သိရှိလာရပါတယ်။ ၁၄ ရက်ကျော်တဲ့အခါ ရေးရေးပဲကျန်တော့သဖြင့် ပြင်ပလူအမြင်မှာ တင်းတိပ်မရှိတော့သလောက်ဖြစ်သွားတယ်လို့ လက်တွေ့ပျောက်ကင်းသူက ပြောပြပါတယ်။ ရှေးလူကြီးတွေက သွေးသားမမှန်တာ၊ သွေးဆုံးကိုင်တာ၊ မီးယပ်လွန်တာ၊ မီးယပ်ဖြူဆင်းတာ၊ မျက်နှာတင်းတိပ်ထွက်တာ၊ မျက်ကွင်းတွေညို မည်းတာတို့ကို ရှားစောင်းလက်ပပ်အနှစ်ကို ဟင်းချိုချက်သောက်ဖို့ အကြံပေးကြပါတယ်။

**ဆရာကြီးရှင့် အသက်နှစ်နှစ်အရွယ်ကလေးက ဒဏ်ကြေလိမ်းဆေး နည်းနည်းစားမိလို့ပါ။ အဲဒါ ဘယ်လိုလုပ်ပေးရမလဲရှင့်။**

ဆားကိုအရည်ဖျော်ပြီး ဝင်သလောက်တိုက်ပါ။ အန်ထွက်သွားလည်း ကိစ္စမရှိပါ။ နောက်မှ ကန်စွန်းရွက်ကို အရည်ညှစ် သကြားအနည်းငယ်ရောပြီး တိုက်လိုက်ပါ။

**ဆရာ မျက်ရိုးခဏခဏကိုက်ပြီး ခေါင်းမထူချင်ဘူး။ ထမင်းမစားနိုင်တာလည်း လေးငါးရက်ရှိပါပြီ။ ဘာလုပ်ရမလဲပြောပြပါ ဆရာ။**

ချင်းပါးပါး ခုနစ်လွှာ၊ ရေနွေးမတ်ခွက်တစ်လုံးစာနဲ့ ထည့်စိမ်၊ ပျားရည်တစ်ဇွန်းထည့်၊ တဖြည်းဖြည်းကုန်အောင်သောက်ပါ။ နားထင်နှစ်ဖက်ကို ချင်းပါးပါး လှီးကပ်ပါ။ နနွင်းမှိုင်း ဒါမှမဟုတ် တိုင်းရင်းဆေး အမှတ် (၄၃) ဆေးမှုန့်ကို မီးခဲပေါ်ဖြူး၊ မှိုင်းရှူပေးရင် မျက်ရိုးကိုက် သက်သာစေပါတယ်။

**ဖေ့စ်ဘွတ်ပေါ်မှာ ကြက်သွန်ဖြူနဲ့ပျားရည်ကို တစ်ပတ်လောက်စိမ်ထားပြီးစားရင် အစာကြေ၊ လေနိုင်ပြီး ဝမ်းမှန်တယ်လို့ တင်ထားတာတွေ့လို့ စမ်းပြီး စိမ်ကြည့်ပါတယ်။ ကြက်သွန်ဖြူက ပျားရည်နဲ့ မရောစပ်ဘဲ အနံ့မပျောက်ဖြစ်နေပါတယ်။ အဲလိုပြုလုပ်တာ နည်းလမ်းမှန်ပါသလားဆရာ။**

ကြက်သွန်ဖြူအနံ့ပျောက်စေဖို့အတွက် အခွံချွတ်ပြီး နေလှန်းပါ။ အနည်းဆုံးတစ်နေလှန်းပြီး ကြက်သွန်ဖြူ နွမ်းမှ ဖန်ပုလင်းထဲမှာထည့် ပျားရည်စိမ်ရပါတယ်။ ဖန်ပုလင်းကို နေ့စဉ်နေပြပေးရပါတယ်။ ကြက်သွန်ဖြူ ပျားရည်စိမ်သတ္တိက သွေးတွင်းက အဆီကျစေပြီး အစာကြေလေသက်စေနိုင်တယ်။ အသက်ရှည်ဆေးလည်း ဖြစ်ပါတယ်။







**ဆရာရှင့် ကျွန်မညီမရဲ့လျှာမှာ အပူဖုပေါက်ပြီး လျှာ ဖြူလျှာကွဲဖြစ်နေပါတယ်။ လျှာခြစ်တံနဲ့ခြစ်လည်း ခဏပဲပြန်ဖြူလာပါတယ်။ သုံးလလောက်ရှိပါပြီ။ ဆေးနည်းလေး ညွှန်ကြားပေးပါဆရာ။**

ရှားစောင်းလက်ပပ်အနှစ်ကို ငုံပေးပါ။ ဝမ်းချုပ်ရင် မန်ကျည်းမှည့်အနှစ်ကို ထန်းလျက်နဲ့ရောစိမ်၊ ဆားလှော်အနည်းငယ်ထည့်ပြီး အိပ်ရာဝင်ချိန်မှာ သောက်ပေးပါ။

**ဆရာရှင့် ခြေလက်တွေ မသယ်ချင်ဖြစ်ပြီး မောပါတယ်။ အပင်ပန်းမခံနိုင် ပါဘူး။ ကြောက်စိတ်တွေ ဝင်လာပြီး တစ်ခါတစ်ရံ အသက်ရှူမဝသလိုဖြစ်ပါတယ်။ ဆရာဝန်လည်းပြပါတယ်။ ECG ဆွဲကြည့်တော့ နှလုံးသွေးကြောကျဉ်းရောဂါအစပြုနေပြီလို့ ပြောပါတယ်။ ဘာတွေလုပ်သင့်လဲဆိုတာ ဆောင်ရန်၊ ရှောင်ရန် ပြောပြပါရှင့်။**

အဆီအဆိမ့်တွေ တအားစားခဲ့လို့ နှလုံးသွေးကြောကျဉ်းတာဆိုရင်တော့ အစားအသောက်၊ အနေအထိုင်၊ လူနေမှုပုံစံ ပြောင်းရပါမယ်။ လမ်းမှန်မှန်လျှောက်ပေးရပါမယ်။ ခြေလေးချောင်းသား လုံးဝရှောင်၊ မသန့်တဲ့ဆီတွေကိုလည်း လုံးဝရှောင်။ အထူးသဖြင့် အကြော်အလှော်နဲ့ နှစ်ပြန်ကြော်တွေကို ရှောင်ရပါမယ်။ ဆီလျှော့စားပြီး ငါးနဲ့အသီးအရွက်ကို များများစားရပါမယ်။ သံပရာသီးအစိမ်းကို အခွံပါ ရေနွေးမတ်ခွက်နဲ့စိမ်၊ ပျားရည်တစ်ဇွန်းထည့်၊ ညကတည်းက စိမ်ထားပြီး မနက်အိပ်ရာထထချင်းသောက်ပါ။ သွေးထဲက အဆီကျစေပြီး နှလုံးသွေးကြောကျဉ်းရောဂါ သက်သာစေနိုင်ပါတယ်။ ဆရာဝန်ပေးတဲ့ဆေးတွေကိုလည်း ပုံမှန်သောက်ပါ။

**ဆရာရှင့် ဆီးတအားပူပြီး ဆီးသွားတိုင်းလည်း ပူစပ်ကျန်ခဲ့ပါတယ်။ ခါးလည်းနာပါတယ်။ ကြာကြာထိုင်ရင် ညောင်းပြီး မနေနိုင်ဖြစ်ပါတယ်ရှင့်။ အလုပ်ကလည်း မထိုင်ရင် မဖြစ်တဲ့အလုပ်မို့ပါ။ ဆေးနည်းညွှန်ကြားပေးပါ။**

ကြက်သွန်နီဥကိုထောင်း၊ အရည်ကို ပိတ်စနဲ့ညှစ်ယူ။ သကြားနှင့် စပ်သောက်ပါ။ ခါးနာ သက်သာအောင် သဘော်ရွက်ကို ပျော့အောင် ရေနွေးခဏစိမ်ပြီး ခါးမှာ ကပ်ပေးပါ။ ညအိပ်ရာ ဝင်ခါနီး ဒူးအထက်ကနေ ရေလောင်းခြေဆေးပြီး အိပ်ပါ။ ဆီးပူရော ခါးနာပါ မှန်မှန်လုပ်ပေးရင် သက်သာစေနိုင်ပါတယ်။

**ဆရာရှင့် ကျွန်မသမီးလေးက လေးနှစ်ကျော်ပါ။ နှာခေါင်းထဲက နှာသီးက ခဏခဏရောင်ပြီး နှာပိတ်တတ်ပါတယ်။ ဆောင်းတွင်းဆိုရင် ပိုဆိုးပါတယ်။ ဆေးနည်းလေးများရှိရင် တင်ပြပေးပါ။**

နလင်ကျော်အခေါက်ကို ဓားနဲ့ခြစ်၊ အမှုန့်ကို မီးခဲပေါ်ဖြူး မှိုင်းရှူခိုင်းပေးပါ။ မြင်းခွာရွက်ကို ထောင်း၊ နှာခေါင်းပေါ်မှာ အုံပေးပါ။

**ဆရာကြီးရှင့် ကျွန်မအမေက ဗိုက်ပူလာပြီး လေတွေ တဝုန်းဝုန်းနဲ့ အသက်ရှူမဝဖြစ်နေပါတယ်။ လေလည်တဲ့အခါ သက်သာပါတယ်။ ဘာဆေးများသောက်ရမလဲ သိချင်ပါတယ်ရှင့်။**

တိုင်းရင်းဆေးအမှတ်(၂) လေမျိုးရှစ်ဆယ်ဆေးကို ဝယ်ပါ။ (တိုင်းရင်းဆေးကုခန်းနဲ့ ပရဆေးဆိုင်တွေမှာ ရနိုင်ပါတယ်။) ဆေးမှုန့်ကော်ဖီဇွန်း နှစ်ဇွန်း၊ ရှောက်ရည်နဲ့ဖျော်တိုက်ပါ။

**ဆရာရှင့် သားသားက တစ်နှစ်နဲ့ငါးလပါ။ နှာစေး၊ နှာပိတ်နေတာ တစ်လကျော်ပြီ။ မသက်သာပါဘူးဆရာ။ အခု ချွဲကျပ်ပြီး ချောင်းပါဆိုးလာလို့ အအိပ်ပျက်၊ အစားပျက်ဖြစ်လာပါတယ်။ ဘယ်လိုပြုလုပ်ရမလဲ ပြောပြပေးပါ။**

ကွမ်းရွက်ကို ကတော့ပြုလုပ်ပြီး ဆားထည့်ထုပ်ပါ။ နှစ်ထုပ်၊ သုံးထုပ်ထုပ်ပြီး သံပြားပေါ်တင်၊ အောက်က မီးအပူပေးပြာချပါ။ အဲဒီ ကွမ်းရွက်ပြာဆားကို သံပရာရည်နဲ့ဖျော်ပြီး လျက်ခိုင်းပါ။ ကွမ်းရွက်ကို မီးကင် အရည်ညှစ်၊ အုန်းဆီနဲ့ရောပြီး ဦးခေါင်းကိုလိမ်းပေးပါ။ နှာစေး သက်သာလာပါလိမ့်မယ်။

**ဆရာ ကျွန်မ အာသီးခဏခဏ ရောင်တတ်ပါတယ်။ အခု ရောင်တာမလျော့ဘဲ ခြေဆစ်၊ လက်ဆစ်တွေပါ ကိုက်လာလို့ အာသီးကို ဖြတ်ရမယ်ပြောပါတယ်။ အာခေါင်ခွဲရမှာကြောက်လို့ ဆေးနည်းလေး လမ်းညွှန်ပေးပါဆရာ။**

အာသီးမကြာခဏရောင်ရင် ပိုးကြောင့် လေးဖက်နာရောဂါ ဖြစ်တတ်ပါတယ်။ သွေးစစ်ပြီး စနစ်တကျသမားတော်နဲ့ပြပြီး ကုသပါ။ အခု လောလောဆယ် အာသီးမဖြတ်ချင်ရင် ပုဏ္ဏရိတ်အရိုးအရွက်များပါ ဆားအနည်းငယ်ရောထည့်ပြုတ်ပြီး ငုံထွေးပေးပါ။ အာသီးအရောင်ကျနိုင်ပါတယ်။ ဝမ်းမချုပ်အောင် ညအိပ်ရာဝင် မန်ကျည်းဖျော်ရည်တစ်ခွက်မှာ ဆားခါး အနည်းငယ်ထည့်ဖျော်သောက်ပါ။ ဝမ်းဖောဖောသီသီသွားရင် အာသီးအရောင်ကျတတ်ပါတယ်။ ထမင်းကို ရေငွဲ့ချက်ပြီး ထမင်းရည်ပူပူလေးမှာ ဆားလှော်အနည်းငယ် ထည့်သောက်ပါ။ အုန်းစိမ်းရည်ကို မနက်စောစော ရေမချိုးမီ တစ်လုံးကုန်အောင်သောက်ပြီးမှ ရေချိုးရင် အပူတွေလျော့ကျပြီး အရောင်ကျစေနိုင်ပါတယ်။

**ဆရာ ကျွန်တော့်အသက် (၂၇) နှစ်ပါ။ ဆီးသွားတာပြီးခါနီးရင် ဆီးခုံက အောင့်အောင့် နေလို့ပါဆရာ။ အမြဲတမ်းလည်း ဆီးသွားချင်သလိုဖြစ်နေတယ်။ တကယ်တမ်းတော့ ဆီးကမထွက်ဘူး။ ဘာများ ဖြစ်တာလဲဆရာ။ အကြံဉာဏ်ပေးပါ။ ကျေးဇူးတင်ပါတယ်။**

ကြက်သွန်နီဥ မီးဖုတ် တစ်နေ့ သုံးဥစားပါ။ ကြက်သွန်နီဥပါးပါးလှီး ဆီးခုံမှာ ညအိပ်ရာဝင် ကပ်ပါ။ မနက်စောစောအိပ်ရာထ ဆီးကို ခွက်ခံထားကြည့်ပါ။ အနည်ထိုင်သွားလို့ ကျောက်မှုန့်ပါရင် ကျောက်ဖရုံသီးကို သကြားနဲ့ရော ဖျော်ရည်လုပ်ပြီး နေ့စဉ်တစ်ခွက်သောက်ပါ။ ၁၄ ရက်လောက် စွဲသောက်ရင် ကျောက်ရှိရင် ကျလာနိုင်ပါတယ်။

## အောင်လံဆရာတော် အသျှင်စန္ဒိမာ၏ ယောဂီအသစ်များအတွက် အထူးတရားစခန်း(မေလ) ရန်ကုန်မြို့တွင် ကျင်းပမည်

အောင်လံမြို့ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ၏ ဦးစီးပဓာန နာယက၊ သောတာပတ္တိမဂ် ရှုဖွယ်ကျမ်းနှင့် ယောနသံစင်ရော်၏ နက်နဲသော ပဟေဋ္ဌိများကိုဖွင့်ဆိုခြင်း ကျမ်းပြု၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာ(အောင်လံ)သည် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာရှိ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ၊ ရန်ကုန်ရိပ်သာကြီးတွင် ယောဂီအသစ်များအတွက် (၁၀)ရက် အဓိဋ္ဌာန် အထူးတရားစခန်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၂၅-၄-၂၀၁၇ရက် နံနက် ၇ နာရီတွင် ရဟန်းနှင့် အမျိုးသားယောဂီများအတွက် ဖုန်းနံပါတ်-၀၉-၄၄၄၄၃၆၀၇၀နှင့် ၀၉-၄၄၄၄၃၆၀၉၉ များသို့လည်းကောင်း၊ သီလရှင်နှင့် အမျိုးသမီးယောဂီများအတွက် ဖုန်းနံပါတ်-၀၉-၇၈၂၂၁၁၆၆၇နှင့် ၀၉-၂၅၂၂၅၅၈၄၅၊ ၀၉-၇၉၈၇၂၁၉၂၀ များသို့လည်းကောင်း ဆက်သွယ်၍ စာရင်းပေးသွင်းရပါမည်။ မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အလယ်ပိုင်းမှ ယောဂီများ ဝင်ခွင့်မပြုပါ။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယောဂီများသာ ဝင်ခွင့်ပြုပါမည်။ အထက်ဖော်ပြပါ နယ်ယောဂီများအတွက် ညောင်လေးပင်မြို့နယ်၊ ပဲခူးမြို့နယ်နှင့် မြိတ်မြို့နယ်များအတွက် သတ်မှတ်ပေးထားသော ပုဂ္ဂိုလ်များမှ ယောဂီဦးရေစာရင်းများအတိုင်း လက်ခံပေးပါမည်။

ယခုကျင်းပမည့်တရားစခန်းတွင် ရန်ကုန်တရားစခန်းပွဲတိုင်းအတွက် ပြည်တွင်းယောဂီများအားလုံး အိမ်ထောင်စုစာရင်းပုံစံ-၁၀ မိတ္တူ (သို့မဟုတ်) ရပ်ကွက်အတွင်း အမှတ်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာတစ်ခုခုနှင့် မှတ်ပုံတင်မူရင်းပါမှသာလျှင် ယောဂီအဖြစ်လက်ခံပေးပါမည်။

ဖုန်းဖြင့် ဆက်သွယ်၍ တိုကင်နံပါတ်ရရှိပြီးသော ရန်ကုန်ယောဂီများသည် လူတွေ့ စစ်ဆေးခြင်းအတွက်လာရောက်ရမည့် ၂၇-၄-၂၀၁၇ ရက် နံနက်တွင် အောက်ပါအတိုင်း လာရောက်ရန်ဖြစ်ပါသည်။

(က) တိုကင်အမှတ် ၁ မှ ၂၀၀ အထိ = နံနက် ၈း၀၀ နာရီတိတိ

(ခ) တိုကင် အမှတ် ၂၀၁ မှ ၄၀၀ အထိ = မွန်းလွဲ ၁း၀၀ နာရီတိတိ

**တရားစခန်းဝင်ရမည့်နေ့ရက်/အချိန် - ၅-၅-၂၀၁၇ရက်၊ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ**

**တရားစခန်းပြန်ထွက်ရမည့်နေ့ရက်/အချိန် - ၁၆-၅-၂၀၁၇ရက်၊ နံနက် ၇ နာရီ**

မှတ်ချက်။ ။ နိုင်ငံခြားတိုင်းပြည်များမှ ယောဂီများအတွက် ဦးရေ (၅၀)နှင့် ပြည်တွင်းယောဂီများအတွက် ဦးရေ (၄၀၀)သာ လက်ခံပါမည်။

- ကျန်းမာရေးကောင်းမွန်ရမည်။
- တင်ပျဉ်ခွေမထိုင်နိုင်သူ လက်မခံပါ။
- အရိုးကျိုးထားသူ/စတီးချောင်းထည့်ထားသူများ လက်မခံပါ။
- အသက် (၁၅) နှစ်အောက်နှင့် အသက်(၇၀)နှစ်အထက် လက်မခံပါ။
- စာရင်းလာသွင်းပြီး မဝင်ဖြစ်ပါက တရားပွဲမတိုင်မီ ဖုန်းဆက်၍ အကြောင်းကြားပါ။ အကြောင်းမကြားဘဲ ပျက်ကွက်ပါက နောင်တွင် လုံးဝ ဝင်ခွင့်ပြုမည်မဟုတ်ပါ။

**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**





**ROYAL STAR** (လုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်အရောင်းပြခန်း) များမှ

ခေတ်မီလုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်များကို (အရောက်ပို့၊ စရိတ်ငြိမ်း၊ နေ့ချင်းပြီး)

မြို့နယ်/နေရာဒေသမရွေးပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့်

အိမ်တိုင်ရာရောက် ဝါရင့်ဝန်ထမ်းများနှင့် တိုက်ရိုက် တာဝန်ယူ တပ်ဆင်ပေးနေပါသည်။

မှတ်ချက်–သံချေးတက်ဆူးကြိုးလိပ်များ (လုံးဝ) မရောင်းပါ။

တပ်ဆင်ပြီးမှငွေရှင်းပေးနိုင်ပါသည်။

:09-50 54 189, 09-50 63 596

ရုံးချုပ်–အမှတ်(၉၉၁)ကန်သာယာမှတ်တိုင်၊သုဓမ္မာလမ်းမ၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။





**FOREVER RAY**

လူကြီးမင်းတို့ နေ့စဉ်အသုံးပြုနေသော အဲကွန်း၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာများကို ဆေးကြောခြင်း၊ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် အသုံးမလိုတော့သော အဲကွန်းများကို ဈေးကောင်းပေးဝယ်ခြင်းတို့ကို စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုပေးနေပါပြီ။

Ph: 09-420166159

**Taxiငှားမည်။**

**NISSAN AD VAN**

စပေါ် ၃ သိန်း၊ လခ၃သိန်း၊ ကျောက်မြောင်း၊ တာမွေဦးစားပေး

၀၉၅၄၀၆၆၀၇၊ ၀၉၄၄၃၀၃၄၆၉၉

ဖျာပုံပေါ် ဆန်းမွေးကောင်းကောင်း

**အရောက်ပို့ (၄၀၀၀၀)ကျပ်**

**ပွဲတော်အုပ်ဆန်ဆိုင်**

01-512443,09-5055574

## ရတနာရှင်းသန့် ဒေသဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော လီမိတက် ( Yadanar Shin Thant Regional Development Public Limited ) ဖွဲ့စည်းထားပြီးဖြစ်ကြောင်းပြည်သူသို့တင်ပြခြင်း

ရတနာရှင်းသန့် ဒေသဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော လီမိတက် ( Yadanar Shin Thant Regional Development Public Limited )ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်- ၃၂၀၀/၂၀၁၁-၂၀၁၂ ရက်စွဲ (၂၃-၁၂-၂၀၁၁)အရ အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

ရတနာရှင်းသန့် ဒေသဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော လီမိတက် ( Yadanar Shin Thant Regional Development Public Limited )သည် အောက်ဖော်ပြပါ လုပ်ငန်းများကို နိုင်ငံတော်အစိုးရမှချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီလုပ်ကိုင်ဆောင်ရွက်ပြီး၊ ပြည်သူများဖွံ့ဖြိုးတိုးတက်ကာ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာစေရန်နှင့် ကုမ္ပဏီ၏အစုရှယ်ယာရှင်များ အကျိုးအမြတ်ရရှိရန်ရည်ရွယ်၍ အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။

(၁) ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းများ။

(၂) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့်ဆက်စပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ။

(၃) ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းနှင့်သက်ဆိုင်သော ပညာရေးဌာနကျောင်းများ၏ ဝန်ဆောင်မှုအထွေထွေလုပ်ငန်းများ။

ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများအတွက် အစုရှယ်ယာနှင့်သက်ဆိုင်သောအသေးစိတ်အကြောင်းအရာများကို တရားဝင်လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် ( Certificate for Commencement of Business )ရရှိပြီးနောက် ဆက်လက်အသိပေးကြော်ငြာသွားမည်ဖြစ်ပါသည်။

**ရတနာရှင်းသန့် ဒေသဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော လီမိတက်**

**Yadanar Shin Thant Regional Development Public Limited**

အမှတ်-(၂၅)၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Ph: 01-2305514, 09-5127059, 09-8600435, Fax: 01-2305516

TRUST Since 2010 Sewing Class

# Trust

Sewing Class

## စက်ချုပ်သင်တန်း



အမှတ်(၄၅)၊ ဗဟိုလမ်း (သဇင်လမ်းထောင့်)

အလုံမြို့နယ်၊ ရန်ကုန်မြို့.

(ဗဟိုအမျိုးသမီးဆေးရုံရှေ့)

ဖုန်း - ၀၁ ၂၂၆၁၁၃ ၊ ၀၉ ၈၆၂၄၆၇၅

၀၉ ၉၇၄၃၈၈၀၃၀ ၊ ၀၉ ၂၅၂၂၂၂၈၁၁

www.facebook.com/trustsewing

### သင်တန်းအမှတ်စဉ် (၄၈)

အမျိုးသမီးဝတ်အကျီသီးသန့်(၁၅) ရက်၊ လှပသေသပ်သော စကတ် သီးသန့် (၁၀)ရက်၊ သင်တန်းများကို အလွယ်ကူဆုံးနည်း၊ အတိကျဆုံး အတိုင်းအထွာများဖြင့် သေချာ တတ်မြောက်အောင် သင်တန်းသားတစ်ဦးလျှင် အပ်ချုပ်စက်၊ညှပ်ခုံ၊ မီးပူ၊ ဓါးစက် တစ်လုံးစီ ဖြင့်၊ သင်တန်းနည်းပြ ကိုယ်တိုင် သင်ကြားပေးပါသည်။

- ✔ စာတွေ့၊လက်တွေ့ပေါင်းစပ်ပြီး၊ ပိတ်စ ဖြင့်သာသင်ကြားပေးခြင်း
- ✔ စက်ချုပ်သင်တန်းသီးသန့်ဖြစ်ခြင်း၊
- ✔ သင်တန်းကာလ အတိအကျ သတ်မှတ်ထားခြင်း၊
- ✔ သင် ဆရာ၊မြင်ဆရာ များနှင့် ဆိုင်အတွေ့အကြုံများပေါင်းစပ်ထားသောသင်ကြားနည်းဖြစ်ခြင်း၊
- ✔ သင်တန်းသား ကိုယ်တိုင်၊ တိုင်းထွာ၊ပုံဆွဲ၊ ညှပ်၊ချုပ်၊ အဆင့်ဆင့် စနစ်တကျသင်ကြားပေးခြင်း၊
- ✔ သင်တန်းသားတစ်ဦးခြင်းစီ၏လို အပ်ချက်ပေါ်မူတည်ပြီးနားလည်သည်အထိစိတ်ရှည်စွာ သင်ကြားပေးခြင်း၊
- ✔ သင်တန်းဆရာမ ကိုယ်တိုင် သင်ကြားပြီး၊ဆွေးနွေးမေးမြန်းနိုင်ခြင်း၊
- ✔ သင်တန်းကာလပြီးဆုံးပြီးနောက်၊(၅)ရက်အထိ၊ မိမိသိလိုသောပုံဆန်းများထပ်မံသင်ကြားပေးခြင်း၊

တို့ဖြင့် သတ်မှတ်သင်တန်းကာလအတွင်း တတ်မြောက်ရန် တာဝန်ယူပါသည်။



မေလ၊ ( ၂ ) ရက်နေ့သင်တန်းစမည်။

စနေ၊တနင်္ဂနွေ တန်းခွဲရှိသည်။

*** လူဦးရေ ကန့်သတ်ထားပါသည်***

Practice makes perfect


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


SAMSUNG
Galaxy S8 | S8+
Pre-order now.
ဧပြီလ ၃ မှ ၃၀ ရက်နေ့ အထိ
ကျပ်တစ်သိန်းကျော်
တန်ဖိုးရှိ လက်ဆောင်များ
စရန်ငွေ ကျပ် ၅၀,၀၀၀
ပေးသွင်းပြီး ဝယ်ယူနိုင်ပါသည်။
More Info Call
01 2399 888
samsungmobilemyanmar
samsungmyanmar
samsungmyanmar
သတ်မှတ်ထားသော အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင်ကြီးများတွင်မှာယူနိုင်ပါသည်။




၂၀၁၆ အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

# မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၁၈ အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စုမဲခွဲ

**ကွာလာလမ်ပူ မေ ၂၁**

၂၀၁၈ အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ၌ ကျင်းပရာ အသင်းပေါင်း ၄၃ သင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ဆ)တွင် တရုတ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

ခြေစစ်ပွဲတွင် ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရရှိသည့် ငါးသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲကို ၄၃ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အနောက်အာရှဇုန်တွင် ၂၂ သင်း၊ အရှေ့အာရှဇုန်တွင် ၂၁ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုမဲခွဲထားမှုအရ အုပ်စု (က) တွင် ဘာရိန်း၊ ယူအေအီး၊ အိုမန်၊ နီပေါ၊ ကာဂျစ္စတန်၊ အုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မော်လ်ဒိုက်၊ အုပ်စု (ဂ) တွင် အီရတ်၊ ကာတာ၊ လက်ဘနွန်၊ အာဖဂန်နစ္စတန်၊ အုပ်စု (ဃ)တွင် ဆော်ဒီ၊ ယီမင်၊ တာ့ခ်မင်နစ္စတန်၊ အိန္ဒိယ၊ အုပ်စု (င)တွင် အီရန်၊ ပါလက်စတိုင်း၊ ဂျော်ဒန်၊ ဆီးရီးယား၊ အုပ်စု(စ)တွင် တောင်ကိုရီးယား၊ မလေးရှား၊ တီမော၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ အုပ်စု (ဆ) တွင် တရုတ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အုပ်စု(ဇ)တွင် ဗီယက်နမ်၊ လာအို၊ တရုတ် (တိုင်ပေ)၊ မကာအို၊ အုပ်စု (ဈ)တွင် ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ မွန်ဂိုလီးယား၊ အုပ်စု(ည)တွင် ဩစတြေးလျ၊ မြောက်ကိုရီးယား၊ ဟောင်ကောင်၊ မြောက်မာရီယာနာကျွန်းစုအသင်းတို့ ပါဝင်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၆ အာရှ ယူ-၁၉ ခြေစစ်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိဘဲ ၂၀၁၄ ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အိမ်ရှင်အဖြစ် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# မြန်မာအသင်း အာရှ ယူ-၁၆ ခြေစစ်ပွဲတွင် အုပ်စုကျပ်အတွင်း ကျရောက်

**ကွာလာလမ်ပူ မေ ၂၁**

၂၀၁၈ အာရှ ယူ-၁၆ ခြေစစ်ပွဲအုပ်စုမဲခွဲပွဲကို ယနေ့မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပရာ မြန်မာ ယူ-၁၆ အသင်းသည် တောင်ကိုရီးယား၊ တရုတ်၊ ဖိလစ်ပိုင်အသင်းတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သည်။

ခြေစစ်ပွဲကို အုပ်စုငါးခုစီခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (H) တွင် တောင်ကိုရီးယား၊ တရုတ်၊ ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ ယင်းခြေစစ်ပွဲတွင် အသင်း ၄၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန် ဟူ၍ ဇုန်နှစ်ဇုန်ခွဲကာ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် ဥဇဘက်ကစ္စတန်၊ **စာမျက်နှာ ၉ ကော်လံ ၂ သို့** ❒

# ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များ မဲခွဲဆုံးဖြတ်

စပိန်မြို့ခံပြိုင်ဘက် ရီးယဲလ်နှင့် အက်သလက်တီကိုတို့ ထိပ်တိုက်တွေ့ဆုံခဲ့သော ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မဲခွဲဆုံးဖြတ်ခဲ့ရာ စပိန်လာလီဂါ၏ မြို့ခံပြိုင်ဘက်အသင်းနှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး နောက်ထပ်ပွဲစဉ်တွင် မိုနာကိုအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့သည် ပြီးခဲ့သည့်ဘောလုံးရာသီသုံးရာသီအတွင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် နှစ်ကြိမ်အထိ ထိပ်တိုက်တွေ့ဆုံမှုရှိခဲ့ပြီး လက်ရှိတွင်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ထပ်မံတွေ့ဆုံနေခြင်းဖြစ်သည်။

ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းနှင့် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့သည်လည်း ၂၀၁၅ ခုနှစ်က တစ်ကြိမ် နောက်ဆုံးတွေ့ဆုံထားခဲ့ပြီး အဆိုပါတွေ့ဆုံမှုတွင် ဂျူဗင်တပ်အသင်းက မိုနာကိုအသင်းကို နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့မဲခွဲဆုံးဖြတ်လိုက်သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို မေ ၂ ရက်နှင့် ၃ ရက်တွင် ပထမအကျော့၊ မေ ၉ ရက်နှင့် ၁၀ ရက်တွင် ဒုတိယအကျော့ အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇွန် ၃ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၈ အသင်း တတိယနေရာလုပွဲ ကစားရမည်

**ဟန္နိုင်း မေ ၂၁**

၂၀၁၇ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၈ အသင်းသည် တတိယလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တတိယလုပွဲအဖြစ် မြန်မာ ယူ-၁၈ အသင်းနှင့် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် တောင်ကိုရီးယားကလပ် ဂွမ်ဂျူး ယူ-၁၈ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် အဆင့် (၃)သာရရှိခဲ့သောကြောင့် တတိယနေရာလုပွဲသာ ကစားရခြင်းဖြစ်ပြီး အုပ်စုနောက်ဆုံးပွဲကစားခဲ့သည့် ဟောင်အန်ဂယ်လိုင်အသင်းနှင့် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဟောင်အန်ဂယ်လိုင်အသင်းနှင့် တွေ့ဆုံခဲ့သည့် အုပ်စုပွဲတွင် ဟောင်အန်ဂယ်လိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရထားသည်။ မြန်မာအသင်းသည် ပြိုင်ပွဲအစတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း နောက်ဆုံးနှစ်ပွဲတွင် ခြေစွမ်းပြကာ ဂိုးပြတ်နိုင်ပွဲများရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် အုပ်စုပွဲများတွင် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် ဂွမ်ဂျူး ယူ-၁၈ အသင်းတို့ကို (၂-၁) ဂိုးရလဒ်များဖြင့် ရှုံးနိမ့်ခဲ့သော်လည်း တရုတ် (တိုင်ပေ) ယူ-၁၉ အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် ပြန်လည်အနိုင်ရထားသည်။

မြန်မာ ယူ-၁၈ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲတို့အတွက် လေ့ကျင့်ပြင်ဆင်နေသည့်အသင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ- MFF**




တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရမည့် မြန်မာ ယူ-၁၈ အသင်း။







